www.burmeseclassic.com



# ပဍုံဒိုင်း

ဘာမှန်း
ခဏ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | အောက်တိုဘာလ၊ ၂၀၁၃ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | အာကာ |
| အဖုံးဖလင် | - | KABAOO |
| အတွင်းဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | - | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက် |
| | | အမှတ် ၁၈၁၊ လမ်း ၅၀၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဦးသန့်ဇင်ထွန်း |
| | | ကြယ်ပွင့်စာပေ (မြ-၀၄၆၆၅) |
| | | အမှတ် (၄၄-ဘီ)၊ မြေညီထပ်၊ |
| | | ၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ပဥ္စမံဒီရိုင်း

အမှုန်းခဏ / ပဥ္စမံဒီရိုင်း - ရန်ကုန်။

ကြယ်ပွင့်စာပေ၊ ၂၀၁၃။

၁၅၀ - စာ။ ၁၃ စင်တီမီတာ x ၂၀ စင်တီမီတာ

(၁) အမှုန်းခဏ


အချိန်တွေဆိုတာ

တစ်ချို့အတွက်တော့

ပြိုင်ဆိုင်မှု ဖြစ်တည်လာတာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ဟိုးအဝေးမှာ မြင်နေရသည့် မြင်ကွင်းမှာတော့ ပွဲက မပြီးသေးပါ။ မနေ့က ရှုံးသူတို့ သည်နေ့အနိုင်ရဖို့ ဆက်လက်တိုက်ပွဲဝင်နေကြသည်။ မြက်ခင်းစိမ်းစိမ်းတွေပေါ်မှာ အားပြင်းသော ခြေလှမ်းတွေက မြက်ပင်ငယ်လေးတွေကို မညှာမတာ နင်းခြေရင်း ကိုယ်အနိုင်ရဖို့အတွက် သနားကရုဏာသက်ဖို့ပင် အချိန်မရ။ အားနှင့်လွှဲရိုက်သော ဂေါက်တံတို့၏အရှိန်တွေထဲမှာ အနိုင်လိုခြင်းတွေ, မည်ရွေ့မည်မျှပါဝင်နေသလဲ မသိပါ။ ဂေါက်တံနှင့် အရိုက်ခံရသော ဂေါက်သီးလုံးလေးခမျာမှာတော့ လူတွေလိုမျိုး နာကျင်မှုသာ ခံစားတတ်မည်ဆိုလျှင် သူ့ခမျာလည်း နာလွန်းလို့ အသံထွက်ပြီး အော်မှအော်နိုင်ပါ့မလား မသိပါ။

သည်နေ့လည်း ပွဲစဉ်က မနေ့ကလို မပြတ်သေးဘဲ ပွဲကပြီးဆုံးသွားလို့ ဂေါက်ကလပ်က ဘားမှာ ဘီယာသောက်ရင်း အပန်းဖြေ၊ အမောဖြေနေသော ဦးခင်မောင်ရင်နှင့် ဦးမင်းဒင်တို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး လုံးဝမကျေနပ်ဖြစ်နေကြတာကို အတူတူ ဘီယာသောက်နေသော ဦးကျော်ခေါင်နှင့် ဦးပီတာတို့က ကောင်းကောင်းကြီးသဘောပေါက်မိသည်။





"ဟော့ . . . နှစ်ယောက်စလုံး မကြီးမငယ်နဲ့ ခင်မောင်ရင်ကော မင်းဒင်ကော တစ်ယောက်မျက်နှာတစ်ယောက် စိုက်ကြည့်မနေနဲ့၊ ရှေ့က ဘီယာကို ကုန်အောင်သောက်၊ အသက်တွေကြီးပြီး မင်းတို့နှစ်ယောက် ပြိုင်ဆိုင်မှုက လူပျိုဘဝကျောင်းသားတုန်းကအတိုင်းပဲ"

"ကျော်ခေါင်ပြောတာ မှန်တယ်၊ ဒီအသက်ဒီအရွယ်မှာ လူကြီးဖြစ်နေပြီ၊ ဘာမဟုတ်တဲ့ လူငယ်စိတ်ကိုထားတုန်းပဲ၊ ပြိုင်တယ်ဆိုတာ ကောင်းတဲ့ယှဉ်ပြိုင်မှုမျိုးမှ တန်ဖိုးရှိတာ"

ဦးပီတာက ဦးကျော်ခေါင်စကားအဆုံး သူ့လက်တွင် ဝတ်ထားသော ဂေါက်သီးရိုက်သည့် လက်အိတ်ကို ချွတ်လိုက်သည်။

"ပီတာနဲ့ ကျော်ခေါင် . . . မင်းတို့နှစ်ယောက်စလုံး အခုလို လူတစ်ဖက်သားကို ဆုံးမဩဝါဒပေးချင်ရင် ဘာဖြစ်လို့ တက္ကသိုလ်မှာ ဆရာအဖြစ် အလုပ်မဝင်ခဲ့သလဲ၊ ဒါမှမဟုတ် ဘုန်းကြီးမဝတ်ခဲ့လဲ၊ အခုလောက်ဆို ပါမောက္ခတွေ၊ ကျောင်းထိုင်ဆရာတော်၊ တရားဟောဆရာတော်တွေ ဖြစ်လောက်ပြီ"

ဦးခင်မောင်ရင်က လက်ကျန်ဘီယာကိုသောက်ရင်း ဦးပီတာနှင့် ဦးကျော်ခေါင်၏စကားကို ပြန်လည်ခုခံချေပပါသည်။

"ငါနဲ့ ခင်မောင်ရင်ကြားမှာ မင်းတို့နှစ်ယောက် ဘာမှငြိမ်းချမ်းရေးသံတမန်လုပ်စရာ မလိုဘူး၊ ဒီကောင်နဲ့ ငါနဲ့ယှဉ်ပြိုင်လာတဲ့ တိုက်ပွဲက အခုထိ စစ်ပြေငြိမ်းလို့လဲ မရဘူး၊ စစ်ပွဲကို ရပ်ဆိုင်းလို့လဲ မရဘူးဆိုတာ မှတ်ထား"

"မင်းဒင် . . . မင်းရဲ့အပြောတွေ စကားလုံးတွေ နောက်ထပ်ဝေါဟာရသစ်ရှာဖို့ ထပ်မထွက်တော့ဘူးလား၊ ဒီအသက်ဒီအရွယ်နဲ့တွာ . . . စကားလုံးရှားပါးရတယ်လို့"

ဦးခင်မောင်ရင်စကားကြောင့် ဦးမင်းဒင်ပေါက်ကွဲသွားတာ ဖိုးတစ်လုံးထက်တောင် ပြင်းသွားနိုင်ပါသည်။

"စကားလုံးရှားတာ မဟုတ်ဘူး၊ စကားလုံးအသစ်ထပ်ပြောရ



www.burmeseclassic.com

www.burmeseclassic.com



အောင် မင်းနဲ့ ငါနဲ့က ယှဉ်ပြိုင်မှုတွေ မပြီးသေးဘူး ခင်မောင်ရင်ရ၊ ကျောင်းကတည်းက မင်းနဲ့ငါ ပညာချင်းပြိုင်တယ်၊ သရေပဲ၊ မင်းလည်း အင်ဂျင်နီယာဖြစ်လာသလို ငါလည်း အင်ဂျင်နီယာဖြစ်လာတယ်၊ မင်း သဘောလိုက်ပြီး ကံမ္ဘာပတ်သလို ငါလည်း မင်းအတိုင်းပဲ၊ မင်းလည်း မသာဘူး၊ ငါလည်း မသာဘူး၊ ဟောဒီလို ဂေါက်ရိုက်တာတောင် အနိုင် အရှုံးက သရေဖြစ်လိုက်၊ သူတစ်ပြန်ကိုယ်တစ်ပြန်ဖြစ်လိုက်နဲ့ အနိုင်တော့ ဟော့ကောင် ရအောင်ယူပြမယ် ခင်မောင်ရင်၊ မင်းကို အနိုင်ယူပြီး အဲဒီ အနိုင်ရဲ့ချိုမြိန်မှုတွေကို တစ်ဘဝလုံး ငါဝကြီးစားပစ်လိုက်မယ်"

"မင်းဒင် . . . တော်သေးတာပေါ့ကွာ၊ မင်းနဲ့ ခင်မောင်ရင်တို့ နှစ်ယောက်ယူတဲ့မိန်းမချင်း မပြိုင်ကြလို့၊ မိန်းမသားနှစ်ဦးစလုံးက ရုပ်ရည်ကော ပညာတတ်တွေကော တူကြလို့"

ဦးကျော်ခေါင် ဝင်ပြီး မှတ်ချက်စကားဆိုပါသည်။

"ကျော်ခေါင် . . . မင်းက ဘာတူတာလဲ၊ ငါက မိန်းမချမ်းသာတာကို အသုံးချပြီး လေ့ခါးလိုတက်ပြီး ဘဝကို အောင်မြင်မှုရာတဲ့ကောင်မျိုး မဟုတ်ဘူးကွ၊ မိန်းမက ရွှေဆိုင်ပိုင်ရှင်သမီးဖြစ်လို့ အင်ဂျင်နီယာ ဆိုတဲ့ဘွဲ့ကို ဝယ်လိုက်တာများကွာ"

ဦးကျော်ခေါင်စကားကို ပြန်လည်ချေပလိုက်သော ဦးမင်းဒင် စကားကြောင့် ဦးခင်မောင်ရင့်မျက်နှာက နီမြန်းသွားပါသည်။

"မင်းဒင် . . . မင်းအဲဒီအချက်ကို ဘာသဝန်တိုစရာရှိလဲ၊ မင်းလိုမျိုး ကိုယ့်စွမ်းကိုယ်စမပါဘဲနဲ့ မိဘအမွေတွေရလို့ ချမ်းသာနေတဲ့ ကောင်ကများကွာ၊ ငါချမ်းသာတာ ငါ့ကြိုးစားမှုတွေကြောင့်ကွ၊ ထားမိဘတွေရဲ့ ကြွယ်ဝမှုကြောင့် မဟုတ်ဘူးဆိုတာ မင်းမှတ်ထား၊ ငါက ငါ့လေ ငါရှုပြီး ငါ့ရပ်တည်မှုနဲ့ပါ၊ ငါ့အမည်နာမကို ထွင်းထုထားတာ"

"ခင်မောင်ရင် . . . လူဆိုတာ ကိုယ့်အတိတ်ပါရမီကံ ကိုယ်ပါလာလို့ဆိုတာကိုကော မင်းသိလား၊ အတိတ်ပါရမီနည်းတဲ့ ကောင်နဲ့များကွာ အသိခက်လိုက်တာ"





ဦးခင်မောင်ရင်နဲ့ ဦးမင်းဒင်တို့ အပြန်အလှန် စကားလုံးတိုက်ပွဲဆင်နွဲနေတာကို ဦးပီတာနှင့် ဦးကျော်ခေါင်တို့က သီးမခံနိုင်တော့ပါ။

"ဟော့ကောင်နှစ်ကောင် . . . ဒါရိုက်တာမောင်သီကို ငါဖုန်းနံပါတ်ရှာပြီး စုံစမ်းမယ်၊ မင်းတို့နှစ်ယောက်ကို MRTV 4 မှာ စကားနပမ်းပြိုင်ပွဲလုပ်ခိုင်းဦးမယ်၊ ဘယ့်နှယ်ကွ . . . မကြီးမငယ်နဲ့ ဟုတ်တာလည်း မဟုတ်ဘူး၊ အပြိုင်အဆိုင် ငယ်ကျိုးငယ်နာဖော် ရထုယ်လို့၊ သားသမီးတွေ အရွယ်ရောက်ခါမှကွာ၊ ကလေးတွေကို ဘာလဲ . . . မင်းတို့နှစ်ယောက်က မင်းတို့ရဲ့ပြိုင်ဆိုင်မှု အမုန်းသင်ခန်းစာတွေ အမွေလက်ဆင့်ကမ်းပေးဦးမလို့လား"

ဦးကျော်ခေါင်က ဆုံးမစကား၊ သတိပေးစကားဆိုတာကို ဦးခင်မောင်ရင်နှင့် ဦးမင်းဒင်က ဂရုမစိုက်ဘဲ တစ်ယောက်နှင့်တစ်ယောက် အကြည့်လွှဲကာ ဝီယာကို ကိုယ်စီသောက်နေကြပါသည်။

ဦးပီတာကော ဦးကျော်ခေါင်ပါ စဉ်းစားမိပါသည်။

အချိန်ကာလတရားကြီး ဖြစ်တည်လာတာ သူငယ်ချင်းနှစ်ယောက်ဖြစ်သော ဦးခင်မောင်ရင်နှင့် ဦးမင်းဒင်တို့ ယှဉ်ပြိုင်ဖို့ ဖြစ်တည်လာခဲ့လေသလားလို့။

www.burmeseclassic.com

www.burmeseclassic.com

ပညာမဝေးချင်ပါဘူး။
မိမိကိုယ်မိမိ စုစ်ဖို့အတွက်
သတိဝတ်ရှိလွှာဝတော့ ဖြုရမှာဝပါ။

# အခန်း (၂)

စိတ်ကူးယဉ်ဆန်ဖို့ ကောင်းလှသော စာအိတ်အချို့က မြေပြင်မှာ အပိုင်းပိုင်း၊ အစစ တကွဲတပြား ဖြစ်နေသည်မှာ အကြည့်ရဆိုးလှပါသည်။ ထိုအရာများကိုကြည့်ပြီး နှောင်းခင်ခင် ကျေနပ်မိရင်းက ပြုံးမိပါသည်။ သူမဘဝမှာ အတိတ်ကံဘာတွေပြုလုပ်ခဲ့လို့ ယခုဘဝမှာ ငွေကြေးကြွယ်ဝချမ်းသာသော အမျိုးအနွယ်မှ ဆင်းသက်လာပြီး ရုပ်ရည်ချောမောခြင်းကို ပိုင်ဆိုင်ထားရလို့လားမသိ၊ ချဉ်းကပ်သူတွေက ပေါလှပါ၏။ တစ်နေ့တစ်နေ့ စကားလိုက်ပြောသူ၊ ဖုန်းနံပါတ်ဘယ်ကရလို့မှန်းမသိ မက်ဆေ့ချ်ပို့သူ၊ ဖုန်းထဲက ရည်းစားစကားပြောသူ များမှများ။ အားလုံးကို နှောင်းခင်ခင်က ဥပေက္ခာပြုပြီးသား။ သူမဘဝမှာ ဘာအနှောင်အဖွဲ့မှ မပါဘဲ ဘဝကို ဖြတ်သန်းချင်ပါသည်။

သို့သော် မရပါ။ သူမထံလာရောက်ပြီး မေတ္တာတောင်းခံသူတွေကို ငြင်ငြင်သာသာတစ်မျိုး၊ ခပ်ကြမ်းကြမ်းတစ်ဖုံ ဆက်ဆံပြီး လှပသိမ်မွေ့စွာ သူမငြင်းပယ်ခဲ့ရပေါင်းများလှပါပြီ။

ထို့ကြောင့် သူမကို ယောကျ်ားသားများက နာမည်ပေးပါသည်။ "ငြင်းပယ်ခြင်း နတ်သမီး" ဟု။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်လှသည့် ဂုဏ်ပုဒ်ပါလဲကွယ်။ သူမ ထိုအမည်နာမ ခံယ်နိုပ်ထားခြင်းကို အကျေနပ်ကြီး ကျေနပ်နေမိပါသည်။

"နှောင်း . . . နင်ဘာတွေ ဒီမှာထိုင်ပြီး တစ်ယောက်တည်းတွေး ရင်း ကျေနပ်နေတာလဲ"

မလေးရှားပိတောက်ပင်များ စီတန်းစွာ စိုက်ထားသည့် သစ်ပင် တွေအောက်မှာ ကားကိုရပ်ထားပြီး တွေးနေသော နှောင်းခင်ခင်ရှိရာသို့ သူငယ်ချင်းမသုံးဦး ရောက်လာရင်းက ဝင့်ဝါဦးက မေးပါသည်။

"အတန်းသွားမလို့ နင်တို့ ဒီလမ်းကနေ လာမှပဲဆိုပြီး နင်တို့ကို စောင့်ရင်းက တွေးနေတာ၊ ဘာရယ်မဟုတ်ပါဘူးဟာ . . . ဟိုအကြောင်း ဒီအကြောင်းပေါ့"

"ဟဲ့ . . . နှောင်း . . . ဟိုအကြောင်း၊ ဒီအကြောင်းဆိုတာ နင့် မိသားစုရေးတော့ မဖြစ်နိုင်ဘူး၊ ငါ့အထင်တော့ နင့်ကို ရည်းစားစကား လာပြောတဲ့ သူတွေအကြောင်းပဲ ဖြစ်ရမယ်"

ကလျာဒွေးစကားကို နားထောင်နေသော နှောင်းခင်ခင်က ဘာမှ မပြောဘဲ ရယ်နေပါသည်။ ပါးချိုင့်လေးနှစ်ဘက်ပေါ် အောင် ရယ်နေ သော နှောင်းခင်ခင်ကိုကြည့်ပြီး မြမြမှုတောင် မနာလိုစိတ်ဖြစ်သွားပါ သည်။ နှောင်းခင်ခင်၏မျက်နှာမှာ ဘာစိုးရိမ်ကြောင့်ကြစိတ်မှမရှိဘဲ ကြည်လင်နေလို့ ဖြစ်ပါသည်။

"နှောင်းတို့ကျတော့လည်း ရည်းစားစကားပြောမယ့်သူ၊ အချစ်ခံ ချင်လို့ လာပြီး ကမ်းလှမ်းသူနဲ့ စုံလို့၊ ဝင့်ဝါဦး . . . နင့်ကျတော့လည်း သွားလိုက်ရတဲ့ အင်တာနက်ဆိုင်၊ ဝင်လိုက်ရတဲ့ Chatting၊ အဲဒီ Chat- ting ထဲကနေ ရှာလိုက်ရတဲ့ ဖူးစာရှင်၊ လောကကြီးက ထူးတယ်နော်"

"မြမြမှု . . . ဒီလောက်နည်းပညာခေတ်ကြီးမှာ ကိုယ်က အမှီ လိုက်နိုင်မှဟဲ့၊ အင်တာနက်မှာ Chatting ဝင်ရတာ ဘယ်လောက်ရသ ခံစားလို့ ကောင်းတယ်မှတ်လဲ၊ ကိုယ်မသိတဲ့သူကို အမျိုးမျိုးပုံဖော် စိတ် ကူးရင်းက စကားတွေပြောရတာ၊ အခုဆို ငါ့ရဲ့ရင်တွင်းဖြစ် စကားလုံး





တွေကြောင့် တစ်ဖက်က လူကတောင် ငါ့ကို propose လုပ်လာပြီ၊ သူ ကလည်း ခေသူမဟုတ်ဘူးဟဲ့၊ စကားလုံးသုံးစွဲပုံတွေက ငါ့ရင်ဘတ်ထဲ တန်းရောက်တယ်၊ လူချင်းတောင်တွေ့ဖို့ နီးလာပြီ၊ ငါက နည်းနည်းလေး တောင့်ခံထားတာ"

ဝင့်ဝါဦးက သူ့စကားကိုသူ ကျေနပ်နေပါသည်။

"ကြည့်လုပ်ဦးနော်၊ တော်ကြာ အပြင်မှာ တကယ်တွေ့မှ နင့်ရဲ့ Chatting ထဲက လူက အသားမည်းမည်း၊ ထိပ်ပြောင်ပြောင်၊ ဗိုက်ရွှဲရွှဲ ဖြစ်နေမှ တစ်ဘဝစာ ယူကျုံးမရဖြစ်နေမယ်"

"ဒါတော့ စိတ်ချကလျာဒွေး၊ ငါ့ရဲ့ဖူးစာရှင်ကို ငါယုံတယ်၊ ဘုရား သခင်က ငါ့ဖူးစားရှင်ကို ခေတ်မှီမှီမြေပြင်မှာ လူချင်းတွေ့ခွင့်မပေးဘဲ လေလှိုင်းထဲကနေ တွေ့ခွင့်ပေးဖို့ ဖန်တီးပေးလိုက်တာ၊ ဖွဟဲ့ . . . နင်တို့ ပြောတာနဲ့ လွဲပါစေ"

ဝင့်ဝါဦးကိုကြည့်ပြီး နှောင်းခင်ခင်က . . .

"ဝင့်ဝါဦးရယ် . . . တစ်ကယ်တော့ ဖူးစာပါတာ၊ ချစ်မြတ်နိုး ကြတာဟာ လူတွေအားလုံးက ကိုယ့်နှစ်သက်မှု၊ ကြည်ညိုလေးစားမှုတွေနဲ့ မျှော်လင့်တောင့်တကြတာပါပဲ၊ တစ်ယောက်နဲ့တစ်ယောက် အသိအမှတ် ပြုချင်ကြတာချင်းပဲ၊ ဒါက ဖြစ်ရိုးဖြစ်စဉ်ပါ"

ဒါတော့ ဒါပေါ့ နှောင်းရယ်၊ ဘာမှန်းမသိ၊ လူကို မမြင်ရသေးတဲ့ သူက Chatting ထဲကနေ ငါ့ကိုပြောတယ်၊ သူမြတ်နိုးတဲ့ အမျိုးသမီး တစ်ဦးက သူနဲ့စုံမက်တဲ့အခါမှာ သူ့ခင်ပွန်းချစ်သူအတွက် တစ်ခုခုထို့ ချက်ပြုတ်၊ ရေးသား၊ အပြုံး သို့မဟုတ် စိတ်ချမ်းမြေ့စရာ စကားလုံး တွေနဲ့ ပြုမူမယ်ဆိုရင် အဲဒီလောက် သာယာဖွယ်ကောင်းတဲ့ မြင်ကွင်းမျိုး က ကမ္ဘာမြေပေါ်မှာ မရှိနိုင်တော့ဘူးတဲ့လေ၊ အဲဒီမှာတင် ငါ့နှလုံးသားကို သူက သိမ်းပိုက်သွားတာပဲ၊ ဒါကိုပဲ ကျေနပ်နေမိတယ်"

ဝင့်ဝါဦးက တကယ့်ကို လေးလေးနက်နက် ပြောသည်ကို နှောင်းခင်ခင် နားလည်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲပေါ့ဟာ၊ တို့လိုမိန်းမသားတွေရဲ့ ဝင့်ဝါဦးလိုမျိုး စိတ်ခံစားမှုကိုထားကြလို့ ယောကျ်ားသားတွေရဲ့လက်ထဲမှာ ကျရှုံးကုန်တာပေါ့၊ ဒါကလည်း သဘာဝကျတာပေါ့လေ၊ တို့လိုမိန်းမသားတွေက တိုက်ပွဲမဝင်ခင်ကတည်းက ရန်သူကို စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ချင်နေကြတာလေ"

ဝင့်ဝါဦးက ဘာမှမပြောပေမယ့် မြမြမူက မနေနိုင်ပါ။

"ဒါဖြင့် နှောင်း . . . နှောင်းကျတော့ကော၊ အခုထိ 'ငြင်းပယ်ခြင်း နတ်သမီး' ဖြစ်နေတဲ့ဘဝက 'လက်ခံခြင်း ရွှေမင်းသမီး' ဖြစ်ဖို့ နှောင်းရဲ့ဆန္ဒနဲ့ သွေးသားတစ်ထပ်တည်းဖြစ်နေတာက ဘာလဲ"

"နှောင်းအတွက်ကတော့ မျက်လုံးချင်းစကားပြောပြီး နှလုံးသားချင်းခံစားလို့ရတဲ့သူ၊ အများနဲ့ထူးခြားတဲ့သူ၊ ပြီးတော့ ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ အဖြစ်အပျက်တွေကြောင့် ရင်ခုန်မှုကို ပေးတဲ့သူလေ၊ အချစ်ဆိုတာ နိုးရှင်းလွန်းတော့ နည်းနည်းပျင်းစရာဖြစ်သွားမှာပေါ့"

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ်၊ အဲဒါကြောင့် ထင်တယ်၊ ဟိုမှာကြည့် . . နှောင်းကို ရင်ခုန်မှုတွေပေးစွမ်းမယ့် တင်မင်းထွန်းလာနေပြီ . . . တွေ့လား"

နှောင်စကားအဆုံး ကလျာဌေးက လက်ညှိုးကိုးပြီး ပြလိုက်သဖြင့် အားလုံးကြည့်လိုက်တော့ လူက ပိန်ပိန်၊ ဘောင်းဘီရှည်ကိုယ့်ကားယားနှင့် ကျောင်းသားတစ်ယောက်က သူတို့ထံ လာနေသည်ကိုတွေ့ရပြီး သူတို့အားလုံးရယ်လိုက်ကြသည်။

"တင်မင်းထွန်းတို့များ ဘယ်လောက်တောင် ယောကျ်ားတန်မယ့် ဖီးလိမ်းပြင်ဆင်လာသလဲ မသိဘူး၊ ကြည့်နေ . . မရှက်မကြောက် နှောင်းကို 'ကြောင်' တော့မယ်"

"စိတ်ညစ်လိုက်တာ ဝင့်ဝါဦးရယ်၊ အင်း . . . ဒီတစ်ခါတော့ 'သင်း' ကို ပွဲပြတ်အောင် ဖြတ်ရတော့မယ်"

နှောင်းက တင်မင်းထွန်းဆိုသော ကျောင်းသားကိုမကြည့်ဘဲ စိတ်ပျက်လက်ပျက် ပြောလိုက်ပါသည်။





"နှောင်း . . . ဟာ! . . . ဘယ်လိုမှ မထင်ထားဘူး၊ ဒီနေရာမှာ နှောင်းကို သူငယ်ချင်းတွေနဲ့ တွေ့ရမယ်လို့၊ ဒီနေ့တော့ ကိုယ့်ရဲ့ Lucky Day"

တစ်ဖက်လူက စကားပြောချင်မှန်းမသိ၊ မပြောချင်မှန်းမသိ အရိပ်သုံးပါးနားမလည်သော တင်မင်းထွန်းက ရောက်ရောက်ချင်းမှာ ပြောပါသည်။

"ဒီတစ်ခါ ရှင်ဒီကိုရောက်လာတာလည်း လမ်းကလည်း ကြုံ၊ တစ်ကယ်လို့ ကျွန်မတစ်ယောက်တည်းရှိနေရင် ရှင်က ရည်းစားစကား ပြောဦးမှာ မဟုတ်လား"

"ဒါကတော့ နှောင်းရယ်၊ ကိုယ်က နှောင်းကို ချစ်နေတာလေ၊ ဒီတော့ နှောင်းအသိအမှတ်ပြုဖို့ ကိုယ်ကြိုးစားရမှာပေါ့၊ ကိုယ့်ဖက်က မမှားပါဘူး နှောင်းရဲ့"

နှောင်းခင်ခင်က အရင်ကလိုမျိုး လေသံမာမာနှင့်မပြောဘဲ လေသံအေးအေးနှင့် ပြောသဖြင့် တင်မင်းထွန်းက သူ့အဖို့ ယနေ့တော်တော်ကံကောင်းနေသည်ဟု ယူဆနေမိသည်။

"ရှင့်ကို ကျွန်မပြောမယ်၊ ရှင်သေသေချာချာနားထောင်၊ ဟောဟိုက ကလျာဌေးက ပန်းချီဝါသနာပါတယ်၊ သူက လူပုံဆွဲချင်တယ်၊ မော်ဒယ်လိုတယ်ပေါ့၊ ဒီတော့ ရှင်က နက်ဖြန်ကျောင်းသားနားနေဆောင်မှာ တာဇံလိုဝတ်ပြီး မော်ဒယ်ထိုင်ရမယ်၊ ကျွန်မသူငယ်ချင်းက ရှင့်ပုံကိုကြည့်ပြီး ပုံတူဆွဲမယ်၊ အဲဒီတော့ နက်ဖြန်မနက်ပိုင်း ကျောင်းသားနားနေခန်းကို တာဇံဝတ်စုံရှာပြီး ရှင်လာခဲ့ပါ၊ ရှင့်ရဲ့ ကျွန်မအပေါ် ဘယ်လောက်တန်ဖိုးထားပြီး တစ်ပါးသူရဲ့လိုအပ်ချက်ကို ကူညီချင်သလဲဆိုတာ ကျွန်မလေ့လာသုံးသပ်မယ်၊ ဘယ့်နှယ့်လဲ"

နှောင်းခင်ခင်စကားကြောင့် သူငယ်ချင်းမသုံးဦး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး နားမလည်သလို ဖြစ်သွားကြသည်။

"နှောင်းရယ် . . . ကိုယ့်ခန္ဓာကိုယ် ဖွံ့ဖြိုးပုံက တာဇံအဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားနဲ့ဆို ဖြစ်ပါ့မလား၊ ဟိုက ဗလတောင့်တောင့်နဲ့ တော်ကြာ လူရယ်စရာဖြစ်နေပါဦးမယ်၊ တစ်ခြားဟာ စဉ်းစားကြည့်ပါလား"

တင်မင်းထွန်းက သူ့ခန္ဓာကိုယ်သူ ပြန်ကြည့်ပြီး စိတ်မသက်မသာပုံစံမျိုးဖြင့် ပြောသည့်အခါ . . .

"ဘာလဲ . . . ရှင်က မလုပ်ပေးချင်လို့လား၊ ရတယ်လေ"

"နှောက်းရယ် . . . အဲဒီလိုတော့ မထင်ပါနဲ့၊ လုပ်မယ် . . . ကိုယ်လုပ်မယ်"

"ဒါဆို သွားတော့၊ နက်ဖြန်ကျရင် စောင့်နေမယ်"

"စိတ်ချထား၊ ကိုယ်စောင့်နေမယ်၊ ကိုယ်ကူညီမယ်"

တက်ကြွသည့် ခြေလှမ်းများနှင့် တင်မင်းထွန်းထွက်သွားသွားချင်းမှာပဲ ကလျာဌေးက မျက်စိပျက်၊ မျက်နှာပျက်နှင့် . . .

"နှောင်း . . . နင်ဘာတွေပြောလိုက်တာလဲ၊ ငါ့မှာ ပန်းချီဆွဲဝါသနာပါဖို့ နေနေသာသာ ဝလုံးတောင် လက်ရေးလှအောင် ရေးတတ်တာ မဟုတ်ဘူး"

"မလိုဘူး ကလျာဌေး၊ ကင်းဗတ်စပေါ်မှာ နင်ဟိုချစ်ဒီချစ်လုပ်ရုံပဲ၊ ငါပြောသလိုသာလုပ်၊ အတန်းထဲရောက်မှ အသေးစိတ် ငါပြောပြမယ်၊ ပန်းချီပစ္စည်းတွေက မပူနဲ့၊ ငါ့မှာ ရှိပါတယ်၊ လာ . . . အတန်းသွားရအောင်"

ကလျာဌေး ဘာမှပြန်မပြောတော့ပါ။ အတန်းထဲရောက်မှ နှောင်းခင်ခင်ပြောတာကို နားထောင်ပြီး နက်ဖြန်မှာ လိုက်လုပ်ရုံသာ ရှိပါတော့သည်။ ကျန်သည့် ဝင့်ဝါဦးနှင့် မြမြမူကလည်း နက်ဖြန်မှာ တင်မင်းထွန်းတစ်ယောက်ကို ဘာရည်ရွယ်ချက်နှင့် ဘယ်လိုလုပ်၍ ဘာတွေဖြစ်မလဲဆိုတာ မိန်းမသားပီပီ အရမ်းအရမ်းကို သိချင်နေမိကြပါသည်။

❑

ကျောင်းသားများ နားနေဆောင်အခန်းထဲမှာ တာဇံအဝတ်





အစားကို ဝတ်ဆင်ထားပြီး လက်ထဲမှာ ကျွန်ကျောင်းဓါးကို ကိုင်ဆောင်ထားပြီး ခုံတစ်လုံးပေါ်မှာ မတ်တပ်ရပ်ကာ မော်ဒယ်လုပ်နေရသော တင်မင်းထွန်းအတော့်ကို ရှက်ရုံမက သေချင်လောက်အောင်ကို စိတ်ညစ်နေပါသည်။

လူ့ခန္ဓာကိုယ်က သေးသေးမှာ အဝတ်အစားအပေါ်ပိုင်းဗလာ၊ အောက်ပိုင်းအဝတ်အစားကျတော့လည်း နံငယ်ပိုင်းပုံစံမျိုး အောက်ခံဘောင်းဘီကို လုံအောင်ပတ်ကာ ထားရသည့်ကြားထဲ ကိုယ်ကြိုက်နှစ်သက်နေသော နှောင်းခင်ခင်အပါအဝင် အခြားမိန်းကလေးသုံးဦးရှေ့မှာ မတ်တပ်က ရပ်နေရသည့်အပြင် ထိုကျောင်းသူမိန်းကလေးတစ်ဦး သူ့ကို ပန်းချီဆွဲနေသဖြင့် စိတ်ထဲမလုံသလို ဖြစ်နေမိသည်။ သည်ကြားထဲ ဖြတ်သွားဖြတ်လာ ကျောင်းသားများက ကြည့်ပြီး ထူးဆန်းသလိုမျိုး ဝေဖန်သူက ဝေဖန်၊ တစ်ချို့က ပါဖေါ်မင့်လုပ်နေသလားလို့ ထင်လိုထင်၊ တစ်ချို့က ကြောင်နေသလားဟု တွေးသူက တွေးနှင့် ရယ်သူက ရယ်၊ ပြုံးသူက ပြုံးနှင့် ဖြစ်နေသည်။

"ကိုတင်မင်းထွန်း . . . ကယ်လဆီယမ်တို့ ဘာရင်းကြက်ပေါင်းစွပ်ပြုတ်တို့ ဝယ်သောက်ဦးနော်၊ ရှင့်ကိုကြည့်ပြီး လူတွေက အဟာရမရှိဘူးလို့ ထင်နေဦးမယ်"

"ဟာဗျာ . . . ခင်ဗျားတို့ကလည်း အရေးထဲ လာနောက်နေသေးတယ်၊ မြန်မြန်ဆွဲခိုင်းပါဗျာ၊ ဒီမှာ ရှက်လို့ သေတော့မယ်"

တင်မင်းထွန်းကိုကြည့်ပြီး မြမြမူက ပြောလိုက်သဖြင့် တင်မင်းထွန်းက မကျေမနပ်လေသံနှင့် ပြောပါသည်။

"နှောင်း . . . နှောင်းရဲ့သူငယ်ချင်း ပန်းချီဆွဲတာ ဘယ်လောက်ကြာဦးမှာလဲ၊ အခုကော ဆွဲကောဆွဲရဲ့လား၊ ပန်းချီဆေးခွက်ထဲက ဆေးတွေကို စုတ်တံနဲ့စွတ်ပြီး ဘာမှလည်း မဆွဲသေးပါလား"

"ရှင် လျှာမရှည်ပါနဲ့၊ ရှင့်ကို ဘယ်လိုအနေအထားမျိုးနဲ့ ဆွဲရင်ကောင်းမလဲ သူစဉ်းစားနေတာ၊ ပန်းချီမှာ မြင်တဲ့ရှုထောင့်က အရေးကြီး

www.burmeseclassic.com



တယ်လေ၊ ဘာလဲ . . . ရှင်က လက်လျှော့ချင်ပြီလား"

နှောင်းခင်ခင်က လက်ထဲမှာ ကိုင်ထားသော ငှက်ပျောသီးကို အခွံနွှာပြီး စားလိုက်သည်။ ပြီးတော့ ငှက်ပျောခွံကို ပစ်လိုက်သည်။ ငှက်ပျောခွံက တင်မင်းထွန်းမော်ဒယ်လုပ်နေသည့် ရှေ့နားသို့ ကျသွားသည်။ နှောင်းခင်ခင်က တစ်ရှူးဖြင့် လက်နှင့်ပါးစပ်ကို သုတ်လိုက်သည်။

ထိုအချိန်မှာပဲ ကလျာဌေးက ကင်းဗတ်စပေါ်မှာ ဘာမှမဆွဲတတ်သဖြင့် ဟိုခြစ်ဒီခြစ် လျှောက်ခြစ်နေသည်။ မသိလျှင်တော့ ပန်းချီဆွဲနေသလိုပင် ဖြစ်သည်။

ထိုအချိန်တွင် ခပ်ဝဝကျောင်းသူတစ်ဦးက ကျောင်းသားနားနေဆောင်အခန်းထဲသို့ ဝင်လာရင်းက တာဇံပုံဝတ်စားထားကာ မော်ဒယ်လုပ်ပြီး မတ်တပ်ရပ်နေသော တင်မင်းထွန်းကိုကြည့်ပြီး အံ့အားတသင့်ဖြစ်ကာ ရယ်ရင်းမှ လမ်းလျှောက်တုန်း စောစောက နှောင်းခင်ခင်ပစ်ချထားသော ငှက်ပျောခွံကို မမြင်ဘဲ တက်နင်းမိကာ ထိုကျောင်းသူခပ်ဝဝအမျိုးသမီးက ဒေါက်ဖိနပ်စီးထားသဖြင့် ခြေချော်သလို၊ လဲမလိုဖြစ်သွားရင်းက ရုတ်တရက် အလန့်တကြား ကိုင်မိရာ လှမ်းကိုင်လိုက်သည်။

တင်မင်းထွန်း ကံမကောင်းပါ။

"အို! . . ."

"ဟာ! . . ."

"အမယ်လေး . . . အောက်ခံဘောင်းဘီနဲ့ တော်ပါသေးရဲ့"

ခပ်ဝဝကျောင်းသူက သူမလန့်ပြီး တင်မင်းထွန်း၏ ခါးအောက်ပိုင်းကိုပတ်ထားသော နံငယ်ပိုင်းကို သူမအရှိန်နှင့် ဆွဲလိုက်သောကြောင့် နံငယ်ပိုင်းက ပြေကျသွားပြီး အောက်ခံဘောင်းဘီကို တွေ့လိုက်ရသဖြင့် ရှက်သွားကာ အမြန်ထွက်သွားပါသည်။ နှောင်းခင်ခင်ကော သူငယ်ချင်းမသုံးဦးပါ မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်ရပါသည်။

"သွားပါပြီဗျာ . . . သိက္ခာတွေတော့"

"နှောင်း . . . ဒါဘာလုပ်တာလဲ၊ ဘယ်မှာလဲ ခင်ဗျားသူငယ်ချင်း





ဆွဲတဲ့လူပုံ"

တင်မင်းထွန်းက ရှက်သဖြင့် မတ်တပ်ရပ်နေသော ခုံပေါ်က ဆင်းလာပြီး ပန်းချီဆွဲတာ ဘာမှမဆွဲရသေးတာ တွေ့သဖြင့် ဒေါသတကြီးပြောရင်းက ပုံထားသော ပုဆိုးကို အမြန်ဝတ်လိုက်သည်။

"ဆွဲမှာပေ့ါ . . ."

"ဘာဆွဲတာလဲ၊ ဒါ . . . နှောင်း သက်သက်အရှက်ခွဲတာ၊ မထင်ဘူးဗျာ . . . ရှက်တယ်"

တင်မင်းထွန်းက နှောင်းကို လက်ညှိုးထိုးပြောရင်းက ကျောင်းသားနားနေဆောင်ကနေ ပြေးထွက်သွားပါသည်။

နှောင်းခင်ခင်နှင့် သူငယ်ချင်းမသုံးဦးကတော့ ရယ်ပြီး ကျန်နေခဲ့ပါသည်။

ထို့နောက် နှောင်းခင်ခင်က ကျောင်းသားနားနေဆောင်က နံရံမှာ 'ကော်ရစ်ရှင်ပင်' ဖြင့် အသည်းပုံဆွဲပြီး ကြက်ခြေခတ်လိုက်ပါသည်။ တစ်ယောက်တော့ ပွဲပြီးပြန်ပြီလို့။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

လူ့တန်ဖိုးဆိုတာ

အရာဝတ္ထုပေါ်မှာ မူတည်ရဲ့လား။

လူ့တန်ဖိုးသည်

လူ့မှာသာ ရှိပါ၏။

## အခန်း (၃)

နှင်းတွေက ကျဆင်းနေတာ သိပ်မများလှပေ။ နေရောင်ခြည်အလင်းတန်းတွေက ထိုးဖောက်ဖြာကျနေသည်။ လမ်းမတွေပေါ်မှာတော့ တော်ဘီးဘဲလ်သံများ၊ ကုန်တင်ကားများ၊ ဖောက်စ်ဝက်ဂွန်ကားများက သူတို့ခရီးကိုသူတို့ သွားနေသလို ခြေလျင်လျှောက်သူများကလည်း ကုတ်အင်္ကျီဝတ်သူက ဝတ်၊ သိုးမွေးဆွယ်တာတွေ ဝတ်သူက ဝတ်နှင့် စက်ရုံတို့သွားမည့်သူ၊ ဈေးကိုသွားမည့်သူ၊ ကဖေးဆိုင်ကို သွားမည့်သူ၊ မိမိတစ်နေ့တာဝမ်းရေးအတွက် လုပ်ငန်းခွင်ဝင်ဖို့ သွားလာနေကြသည်။ မည်သူမျှမထင်ထားချိန်မှာ စကြာတံဆိပ်အမှတ်အသားနှင့် သံချပ်ကာတင့်ကားများ၊ စစ်သုံးထရော်လီကားများနှင့် ဂျစ်ကားများ၊ လက်နက်ကိုင်ဆောင်ထားသော နာဇီစစ်သည်တော်များက ဥရောပတိုက်၏လှပသော မြို့တော်များကို သေနတ်တွေ ပစ်ဖောက်ပြီး ဒုတိယကမ္ဘာစစ်စတင်ဖို့ ကျူးကျော်ဝင်ရောက်ပြီး ကြိုဆိုလိုက်သည်။ ထိုအချိန်တွင် ဩစတြီးယားနိုင်ငံဗီယင်နာမြို့၏ အလင်းရောင်အနည်းငယ်သာရရှိသော အခန်းထဲရှိ ပြတင်းပေါက်နားတွင် ဒဿနစာအုပ်တစ်အုပ်ကို ဖတ်နေသော လူတစ်ယောက်သည် ထိုမြင်ကွင်းကို မြင်ရသည့်အခါ ဂျာမဏီအာဏာရှင်ဟစ်တလာက

www.burmeseclassic.com



ဩစတြီးယားကို သိမ်းပိုက်ပြီးဆိုတာ သိလိုက်သည်။ သူသည် ဖတ်နေသော စာအုပ်ကိုချလိုက်ပြီး စာရေးစားပွဲတွင်ထိုင်ကာ ချက်ချင်းဆိုသလို ဒဿနစာအုပ်တစ်အုပ်ကိုချရေးဖို့ ခေါင်းစဉ်တပ်လိုက်သည်။ The Open Society and its Enemies (ပွင့်လင်းသော လူ့အဖွဲ့အစည်းနှင့် သူ၏ရန်သူများ)။

ရဲရင့်က ဖတ်နေသော စာအုပ်ကိုချပြီး စဉ်းစားကာ သူ့အတွေးထဲမှာ မြင်ယောင်နေသော မြင်ကွင်းတွေကို ခံစားနေတုန်း အနီးနားသို့ ရောက်လာသော ခြေသံများကြောင့် အတွေးစတို့ ပြတ်သွားသည်။ မည်သူတွေမှန်း သူသိပါသည်။ ဝင်းထူးနှင့် လွင်မင်းလတ်တို့ကလွဲလို့ မည်သူမှ မဖြစ်နိုင်ပါ။

"သွားပြီကွာ . . . မင်းတို့ရောက်လာတာ၊ ဒီမှာ ငါဖတ်နေတဲ့ ကားလ်ရေမွန်ပေါ့ပါးရဲ့စာအုပ်ကိုဖတ်ပြီး အရသာခံတာ တန်းပျက်တော့တာပဲ၊ ဒါနဲ့ နေပါဦးကွာ၊ မင်းတို့နှစ်ယောက် ဘယ်လွင့်နေလဲ၊ ငါ ဒီကင်တင်းက လက်ဖက်ရည်ဆိုင်မှာ စောင့်ရတာ ဒုတိယကမ္ဘာစစ်ဦးအကြိုကာလထဲတောင် ရောက်သွားပြီ"

"အေး . . . ရဲရင့်၊ လူကတော့ တစ်မျိုးမဟုတ်တစ်မျိုးရှုးတာ အမှန်ပဲ၊ လွင်မင်းလတ်ဆိုတဲ့ Chatting ရှူးကလည်း ကျောင်းလာခါနီးတောင် မရဘူး၊ အင်တာနက်ဆိုင်မှာ Chatting အတင်းဝင်ထိုင်လို့ ငါမှာ ဘာမှတောင် မစားရသေးဘူး၊ အခုမှပဲ လက်ဖက်ရည်မှာရတော့မယ်"

"ဝင်းထူးရာ . . . လူပဲကွာ အမြဲစားနေရတာ တစ်ခါတလေ မစားဘဲ နေကြည့်ပါလား၊ ကုသိုလ်ရတာပေါ့"

"လွင်မင်းလတ် . . မင်းအိမ်က စားလာတိုင်း လျှောက်မပြောနဲ့"

ဝင်းထူးက လွင်မင်းလတ်ကို ပြန်ပြောရင်း လက်ဖက်ရည်နှစ်ခွက်လှမ်းမှာပါသည်။

"လွင်မင်းလတ်ဆိုတဲ့ကောင်က သိပ်ကြီးကြီးကျယ်ကျယ်ပြောတာ ပြီးတော့ မစားမသောက်တာလည်း မဟုတ်ဘူး၊ လက်ဖက်ရည်လာရင်





ကြည့်၊ ဒီကောင် အရင်သောက်ပြီး မုန့်ပါမှာလိမ့်မယ်"

ဝင်းထူးက မကျေမနပ်နှင့် ပြောသည့်အခါ ရဲရင့်က ပြုံးပါသည်။

"ဟေ့ကောင် ရဲရင့်၊ မင်းဘာပြုံးတာလဲ"

"မင်းပြောတာ ငါဖတ်နေတဲ့ စာအုပ်ထဲက အကြောင်းအရာနဲ့ ဝတ်သက်ပြီး တွေးမိလို့၊ သဘောကျလို့ပါကွာ ဝင်းထူးရာ"

"နေပါဦး ရဲရင့်ရ၊ ဘာမို့လို့လဲ"

"သြော် . . . ဒီစာအုပ်မှာ ကားလ်ပေါ့ပါးက ပြောတယ်၊ ကျွန်ုပ်တို့ရဲ့ အကြီးကျယ်ဆုံးသော အသိပညာခေါင်းဆောင်အချို့ဟာ ကြီးကျယ်လှတဲ့ အမှားတွေကို ကျူးလွန်ခဲ့ကြပြီး လူရဲ့လွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရားတွေအပေါ် တိုက်ခိုက်မှုကို ပံ့ပိုးပေးတယ်ဆိုပြီး သူ့ရဲ့ကမ္ဘာကျော်စာအုပ် 'ပွင့်လင်းသော လူ့အဖွဲ့အစည်းနဲ့ သူ၏ရန်သူများ' စာအုပ်မှာ ရေးထားတယ်ကွ"

ဝင်းထူးက ရဲရင့်စကားနားထောင်ရင်းမှ လာချပေးသော လက်ဖက်ရည်ကို သောက်လိုက်သည်။ လွင်မင်းလတ်ကလည်း ဝင်းထူးပြောသလိုပါပဲ။ လက်ဖက်ရည်ကို သောက်လိုက်သည်။

"ပြောစမ်းပါဦး ရဲရင့်ရာ၊ မင်းဖတ်တဲ့ စာအုပ်အကြောင်း မင်းပြောပြတော့ ငါတို့ဖတ်စရာမလိုဘူးပေါ့"

"ဒီလို ဝင်းထူးရ၊ ဒီစာအုပ်မှာ ပေါ့ပါးက မာ့က်စ်ဝါဒရဲ့အမှားတွေကို သုံးသပ်ထားတာ၊ နောက်ပြီး ငါတို့နိုင်ငံရဲ့ နိုင်ငံရေးအခင်းအကျင်းနဲ့လည်း သွားတူနေတယ်၊ အဓိကပြောရရင်တော့ကွာ . . . သမိုင်းဆိုင်ရာပြဋ္ဌာန်းခံဝါဒနဲ့ ပိတ်လှောင်နေတဲ့ လူ့အဖွဲ့အစည်းအယူအဆတွေဟာ ဆန့်ကျင်ဘက်ဖြစ်တဲ့ တရားသေဝါဒတွေနဲ့ ပွင့်လင်းသော လူ့အဖွဲ့အစည်းကသာ အောင်မြင်တည်ထောင်အပ်တဲ့ လူ့အဖွဲ့အစည်းလို့ သူကပြောထားတယ်၊ အတိုချုံးပြောရရင်ကွာ . . . လူ့သမိုင်းမှာ လူဟာ ရွေးချယ်စရာ အဓိကလမ်းနှစ်သွယ်ရှိတယ်၊ တစ်လမ်းက အစွဲပညတ်ချက်တွေနဲ့ မျိုးနွယ်စုဝါဒတွေဆီ ပြန်သွားတဲ့ လူ့တိရစ္ဆာန်လမ်းပဲ၊ ကျန်တစ်လမ်းက ဆင်ခြင်ခြင်းစွမ်းရည်

www.burmeseclassic.com



ကို အခြေခံတဲ့ အသိပညာတိုးတက်မှုကို ရှေ့ရှုပြီး လူသားပီသတဲ့လမ်းပဲ"

ရဲရင့်က စကားစကို ခေတ္တရပ်တန့်ပြီး ရေခွေးကိုသောက်ရင်းက ကင်တင်းအပြင်ဖက်သို့ ကြည့်လိုက်သည်။ လေအဝှေ့မှာ ဝန်ဒါရွက်အချို့က မြေပြင်ပေါ်သို့ ခုန်ချနေကြသည်။

"စောစောက ပြောသလို လူပီသတဲ့လမ်းက လူတွေအနေနဲ့ တစ်ခါဖူးမှ မလျှောက်လှမ်းဘူးတဲ့ အနာဂတ်လမ်းပဲ၊ ကိုယ့်တာဝန်ကိုယ်ယူရတဲ့ လမ်းပဲ၊ အဲဒီတော့ လုံခြုံမှုအတွက် အာမခံချက်မပေးနိုင်ဘဲ အန္တရာယ်များတဲ့လမ်းပဲ၊ ဒါကြောင်း သားရဲတိရစ္ဆာန်ဘဝကို ပြန်မရောက်လိုတဲ့လူကတော့ အဲဒီအနာဂတ်လမ်းကို ရွေးချယ်လျှောက်လှမ်းရမှာပဲ၊ လူဟာ ကိုယ့်လုံခြုံမှုသာမက ကိုယ့်လွတ်လပ်မှုရှင်သန်ဖို့အတွက် ကိုယ့်ရဲ့ပင်ကိုယ်စွမ်းရည်ဖြစ်တဲ့ ဆင်ခြင်ဉာဏ်စွမ်းရည်ကို အားကိုးအားထားပြုပြီး ကိုယ့်အနာဂတ်လမ်းကို ရဲရဲဝံ့ဝံ့ လျှောက်လှမ်းဖို့ပဲ၊ ပြောချင်တာက ငါတို့နိုင်ငံက အခုပွင့်လင်းလာပြီ၊ အဲဒါကို အတော်များများက NLD ကြားဖြတ်ရွေးကောက်ပွဲမှာနိုင်တာကို ဒီမိုကရေစီရနေတယ်လို့ ထင်ကြတယ်၊ အချို့ကလည်း ဒီမိုကရေစီလမ်းစ တွေ့ပြီပေါ့၊ ကိုယ်တွေ ကြီးပွားတော့မယ်ပေါ့၊ ပေါ့ပါးအဆိုအရ ဘာတွေပဲ ဒီမိုကရေစီရရ လူဟာ ကိုယ့်ရဲ့ပင်ကိုယ်စွမ်းရည်နဲ့ ဉာဏ်စွမ်းရည်မရှိဘဲနဲ့ အနာဂတ်ဟာ သူ့ဘဝအတွက် ဘာမှမဖြစ်လာဘူးတဲ့၊ ဒါသိပ်အရေးကြီးတယ်၊ ဒါ့အပြင် သိပ်အရေးကြီးတဲ့အချက်တစ်ချက်ရှိသေးတယ်၊ အခုဖြစ်နေတာတွေ၊ ဖြစ်ပျက်ခဲ့တာတွေကသမိုင်းဆိုပြီး မှတ်တမ်းတင်ပေမယ့် အဲဒါတွေက သူ့အလိုအရဆို အနက်အဓိပ္ပါယ်တစ်စုံတစ်ရာ လုံးဝမရှိဘူးတဲ့၊ သမိုင်းဆိုတာ ဘာအဓိပ္ပါယ်မှမရှိပေမယ့် ကျွန်ုပ်တို့က ကျွန်ုပ်တို့ရဲ့ မျိုးဆက်သမိုင်းကိုတော့ အဓိပ္ပါယ်တစ်စုံတစ်ခုရှိသွားအောင် လုပ်ဆောင်ပေးနိုင်တယ်တဲ့၊ ဥပမာ ဗိုလ်ချုပ်အောင်ဆန်းတို့ ဂန္ဒီတို့ စသဖြင့် ကမ္ဘာ့ခေါင်းဆောင်တွေရဲ့ လုပ်ဆောင်ချက်မျိုးပေါ့ကွာ၊ အခု သမိုင်းကိုကောင်းအောင် လုပ်နေတဲ့ လူမျိုးတွေမျိုးပေါ့ကွာ၊ ဒါက အနှစ်ချုပ်ပဲ"





စိတ်ဝင်တစားဖြင့် နားထောင်နေသော ဝင်းထူးနှင့် လွင်မင်းလတ်တို့က အတော်ကျေနပ်သွားသည်ဟု ထင်ပါသည်။

"ရဲရင့်ရာ . . . မင်းကိုတော့ လေးစားတယ်၊ မင်းက ဒဿနိကဗေဒ ဂုဏ်ထူးတန်းကျောင်းသားပီသတယ်၊ စာသိပ်ဖတ်တာ၊ ညက်နေတာပဲ၊ ငါတို့အဖို့ ဗဟုသုတလည်း ရတယ်၊ မင်းဝါသနာနဲ့ မင်းဘာသာနဲ့က အံကိုက်ပဲ၊ မင်းဆရာပြန်လုပ်ပြီး အတွေးအခေါ်စာအုပ်တွေ ရေးကွာ"

ဝင်းထူးက တိုက်တွန်းစကားဆိုပါသည်။

"ဒါလည်း 'ပေါ့ပါး' ပြောသလိုပေါ့ကွာ၊ ကိုယ့်အနာဂတ်လမ်းကို ကိုယ်ရွေးချယ်လျှောက်လှမ်းရမှာပေါ့"

"ချလွမ်! . . ."

"ဟာ . . . စားပွဲထိုးကောင်လေး ပန်းကန်ကျကွဲသွားတာပဲ"

ရဲရင့်တို့ စကားကောင်းနေတုန်း သမံတလင်းကြမ်းပြင်ပေါ်ကျကွဲသံကြားသဖြင့် ကြည့်လိုက်သည့်အခါ စားပွဲထိုးကောင်လေးက စားပြီးသား ပန်းကန်သယ်လာစဉ် လက်ကလွတ်ကျပြီး ကျကွဲသွားလို့ ဖြစ်သည်။ ဝန်းကန်ကွဲစတွေက သမံတလင်းမှာ ပြန့်ကျဲသွားသည်။

"ဟေ့ကောင် . . . မင်းလက်က ဘာဖြစ်လို့ သေသေချာချာ မကိုင်တာလဲ၊ ဒီပန်းကန်တစ်ချပ်ဟာ ဘယ်လောက်တန်သလဲ သိလား၊ ပန်းကန်ကွဲတွေ ပြန်ကောက်၊ မင်းကို ပန်းကန်ကွဲလို့ လစာထဲက ဖြတ်ပစ်မယ်"

"ဦးလေးရာ . . . ကျွန်တော်က သယ်လာရတာ ပန်းကန်တွေကအများကြီး၊ ဆီတွေနဲ့ချော်ပြီး လွတ်ကျသွားတာပါ"

စားပွဲထိုးကောင်လေးက လက်ထဲမှပန်းကန်အချို့ကို စားပွဲခုံပေါ်တင်ပြီး ပြန်ပြောရင်းက ပန်းကန်ကွဲစများကို ကောက်နေပါသည်။

"ဦးလေး . . . ဒီကိုခဏလောက်"

"ဘာလဲ ငါ့တူ . . . ပိုက်ဆံရှင်းမလို့လား"

"မဟုတ်ပါဘူး၊ ဦးလေးနဲ့ စကားနည်းနည်းပြောချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်က စောစောက အဖြစ်အပျက်ကိုကြည့်ပြီး ဆိုင်ရှင်ဦးလေးကြီးကို ခေါ်လိုက်ပါသည်။ ဆိုင်ရှင်ဦးလေးကြီးက ရဲရင့်အနားရောက်လာသည်။

"ဦးလေး . . . စောစောက စားပွဲထိုးလေးကွဲသွားတဲ့ ပန်းကန်ဖိုး ကျွန်တော်လျော်ပါ့မယ်၊ သူ့လခထဲကတော့ သူ့ကိုမဖြတ်ပါနဲ့"

"ဟေ . . . ဘာဖြစ်လို့လဲ ငါ့တူရ"

ဦးလေးကြီးက ရဲရင့်စကားကို နားမလည်သဖြင့် မေးလိုက်သည်။

"ကွဲသွားတဲ့ ပန်းကန်ရဲ့တန်ဖိုးထက်ကို အဲဒီကလေးက အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိလို့ပါ၊ ကွဲသွားတဲ့ ပန်းကန်က ရုပ်ဝတ္ထုပါ၊ ဘာတန်ဖိုးမှ မရှိဘူး၊ ဘာမှမဖန်တီးနိုင်ပါဘူး၊ စောစောက စားပွဲထိုးကလေးက အနာဂတ်သူ့မှာရှိတယ်၊ ဒါကြောင့် တန်ဖိုးချင်းမတူလို့ပါ၊ အဲဒီကလေးဟာ တစ်ချိန်မှာ သူ့ရဲ့ကြိုးစားမှုကြောင့် ဆိုင်ရှင်လည်း ဖြစ်လာနိုင်သလို၊ တစ်ခြားလုပ်ငန်းနယ်ပယ်မှာ အောင်မြင်တဲ့ လူတစ်ဦး မဖြစ်လာဘူးလို့ သူ့အနာဂတ်ကို မပြောနိုင်ပါဘူး၊ ကွဲသွားတဲ့ ပန်းကန်က ပန်းကန်ဆိုတဲ့တန်ဖိုးပဲ ရှိပါတယ်၊ ဒါကြောင့်ပါ"

"ငါ့တူ . . . လျှော်ပေးစရာမလိုပါဘူးကွာ၊ ငါ့တူကိုတော့ လေးစားသွားပြီ၊ တက္ကသိုလ်မှာ ဒီလိုမျိုး လေးလေးနက်နက် တွေးတောပြောဆိုတဲ့ ငါ့တူလို ကျောင်းသားမျိုးတွေလည်း ရှိတာပဲကိုး၊ ကဲ . . . ထိုင်ဦး"

ဆိုင်ရှင်ဦးလေးကြီးက ရဲရင့်အား ချီးကျူးစကားဆိုရင်း ထွက်သွားပါသည်။ ဝင်းထူးနှင့် လွင်မင်းလတ်ကလည်း ရဲရင့်ကို လေးစားသော အကြည့်တွေနှင့် ကြည့်နေပါသည်။

ရဲရင့်ကတော့ သူ့စိတ်ထဲရှိတာကို ရှင်းပြခွင့်ရလိုက်လို့ အတော်ကို ပေါ့ပါးလို့နေတာက အမှန်ပါ။

❑ ❑ ❑



ချစ်တယ် သိပ်ချစ်တယ်ဆိုတာထက်

တစ်ခုမှာ

အရေးကြီးတာတွေက ပေါ်မှပေါ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ခြံဝင်းထဲကို ဝင်လိုက်ကတည်းက မြင်ရသည့် မြင်ကွင်းကြောင့် ရဲရင့်သိလိုက်ပြီ။ ခြံဝင်းထဲက စားပွဲဝိုင်းပေါ်မှာ ယမကာပုလင်းတင်ထားကတည်းက ဖခင်ဖြစ်သူ ဦးခင်မောင်ရင်နှင့် ကိုဘလှတို့ ခရီးတစ်ဝက်လောက် ရွက်လွှင့်ဖြစ်နေလောက်ပြီဆိုတာ သေချာသည်။ နှစ်ယောက်သားစကားလုံးတွေလည်း ဘယ်လောက်တောင် စီးမျောနေကုန်ပြီလဲ မသိပါ။

"သား . . . ရဲရင့်၊ ဒီနေ့ ကျောင်းကပြန်လာတာ နောက်ကျလှချည်လား၊ ဘာလဲ . . . ရည်းစားရလို့ လျှောက်သွားနေတာတော့ မဟုတ်လောက်ပါဘူး"

ရဲရင့်ကို မြင်မြင်ချင်း ဦးခင်မောင်ရင်က စလိုက်တော့ ကိုဘလှက ပြုံးနေပါသည်။

"အဖေကလည်း ကမ္ဘာကြီးမှာ ရည်းစားထားတာထက် အရေးကြီးတဲ့ကိစ္စတွေက အများကြီးပဲဟာ"

ရဲရင့်က ဦးခင်မောင်ရင့်အနားမှာ ဝင်ထိုင်လိုက်ရင်းက အာလူးကြော်ကို ကောက်ယူစားလိုက်သည်။

"ဒီစကားကို ဘယ်လောက်မှန်သလဲ မမှန်သလဲဆိုတာ အချိန်





တာလကို စောင့်ကြည့်ရဦးမယ် ကိုကြီးရ၊ ရဲရင့်က အခုချိန်မှာ ချစ်သူမရှိသေးတော့ ဒီစကားက မှန်နေမှာပဲ၊ နောက်မှ မိန်းမလိုက်တောင်းပေးနေရဦးမှာနော်"

"တောင်းပေးတာက ကိစ္စမရှိဘူး ကိုယ့်ညီရ၊ တော်ကြာ ကိုယ်နဲ့ခမည်းခမက်တော်ရမယ့်လူက ဂဂျီဂဂျောင်ကျပြီး ဟိုဟာတစ်မျိုး ဒီဟာတစ်မျိုးဆို ကိုကြီးတော့ ကိုယ်ကလည်း 'ဘု'ပြောတတ်တော့ တော်ကြာပွဲပျက်ရင်တော့ ဒုက္ခပဲ"

ကိုဘလှက ဦးခင်မောင်ရင်စကားနားထောင်ရင်းမှ ဖန်ခွက်ထဲအရက်ငှဲ့ထည့်ပေးလိုက်သည်။

"ကျွန်တော့်တော့ ပြောတယ်၊ ကိုဘလှကြီးကျတော့ကော၊ ကိုယ့်ထက်အဆင့်အတန်းမြင့်တဲ့ မိန်းမကို ဇန်းမော်တင်အောင်စာအုပ်တွေထဲက ဇာတ်ကောင်တွေလို စိတ်ကူးယဉ်ချစ်ကြိုက်၊ ဟိုက ပြန်မချစ်၊ အသည်းကွဲနဲ့ လူပျိုကြီးဘဝနဲ့ ပိုက်ဆံတွေရှာတဲ့ဘဝကို ရောက်နေတာကကော"

"လူငယ်ဘဝမှာ ရူးသွပ်မှုဆိုတာ ရှိတယ်ကွ၊ ငါကြိုက်တဲ့ချစ်သူကို မရခဲ့လို့ ငါက သူ့ကိုပြိုင်မယ်ဆိုပြီး ငွေရှာခဲ့တယ်၊ ငွေတွေရပါတယ်ကွာ . . . ဒါပေမယ့် အဲဒီငွေတွေက မေတ္တာငတ်မွတ်မှုနဲ့ စိတ်မချမ်းသာမှုကို မကုစားနိုင်ဘူးလေ၊ ငွေကြေးတော့ ပြည့်စုံပါရဲ့၊ ဒါပေမယ့် ဘယ်မှာလည်း မိသားစုဘဝ၊ မင်းဆို ဟောဒီက မင်းရဲ့အဖေရှိတယ်၊ အမေရှိတယ်၊ နယ်မှာနေတဲ့ မင်းရဲ့အစ်ကိုနဲ့ ဇနီးနဲ့ တူ၊ တူမတွေ ရှိတယ်၊ မင်းတို့တွေ ဆုံတဲ့အခါ မင်းတို့အိမ်မှာ ဘယ်လောက်ကြည်နူးစရာ ဖြစ်နေသလဲ၊ ငါ့မှာတော့ ကိုယ်ရှာတဲ့ ပိုက်ဆံတွေကိုကြည့်ရင်း တိုးပွားအောင် လုပ်လိုက်၊ တစ်ယောက်တည်း ဘဝကို နေ့စဉ်အချိန်ဖြုန်းနေရတာ တစ်ခါတလေ ကိုယ့်ဘဝကိုတောင် တန်ဖိုးမထားချင်သလို ဖြစ်လာတယ်"

ကိုဘလှစကားကို နားထောင်နေသော ဦးခင်မောင်ရင်နှင့် ရဲရင့်တို့ ဘာမှပြန်မပြောနိုင်ပါ။ အားလုံးငြိမ်ကျသွားသည်။

လူပျိုအရွယ် ရဲရင့်ငယ်ရွယ်စဉ် အလယ်တန်းကျောင်းသားဘဝ

www.burmeseclassic.com



မှာ ကိုဘလှက ပိုက်ဆံချမ်းသာသော သူဌေးသမီးတစ်ဦးကို ချစ်ခဲ့သည်။ ဟိုက မှိုချိုးမျှစ်ချိုး မတူမတန်ပြောသဖြင့် ကိုဘလှရှက်ရှက်နှင့် ငှက်ဖျားပေါသော လူသူဝေးကွာသော ဖားကန့်ဒေသဖက်သို့ ကျောက်တူးထွက်သွားသည်။ ငါးနှစ်ကြာတော့ ကျောက်အောင်ပြီး ပြန်ရောက်လာသည်။ ထို့နောက် သူကျွမ်းကျင်လာခဲ့သော ကျောက်အရောင်းအဝယ်လုပ်ငန်းကို လုပ်ရင်း ကြီးပွားသထက် ကြီးပွားလာခဲ့သည်။

"ကိုယ့်ညီရ . . . ကိုယ့်ညီ အခုရောက်တဲ့ဘဝကို တွန်းအားပေးတဲ့ ကိုယ့်ညီကို ပြန်မချစ်တဲ့သူကို ကျေးဇူးတင်ရမှာ၊ သူ့အချစ်ကိုရခဲ့ရင် ကိုယ့်ညီ ဒီဘဝရောက်ချင်မှရောက်မှာ၊ ကျေနပ်စမ်းပါ ကိုယ့်ညီရာ"

"ဒါတော့ ဒါပေါ့ ကိုကြီးရာ၊ ကိုကြီးက ကိုကြီးတကယ်ချစ်တဲ့ ရဲရင့်အမေ မမမေသက်ထားနဲ့ ချစ်သူဖြစ်ပြီး ညားခဲ့ကြတယ်၊ ဘယ်လောက်ကံကောင်းလဲ၊ ရဲရင့် . . . မင်းလည်း မင်းကော သူကော အပြန်အလှန်ချစ်တဲ့ ချစ်သူနဲ့ ညားပါစေကွာ၊ ဘဝမှာ အဲဒီလိုဟာမျိုးရတာကို လူတွေက ဘာဖြစ်လို့ တန်ဖိုးမဲ့အောင် လုပ်နေကြလဲ မသိဘူး"

"စိတ်ဓါတ်တွေ ဘာဖြစ်လို့ အဲဒီလောက် အညှိုးခံရတာလဲ မမရဲ့မောင်လေး မောင်ဘလှရယ်၊ မောင်လေးအသက်က အခုမှ လေးဆယ်နားလောက်ပဲ ရှိသေးတာ၊ မောင်လေးယူမယ်ဆို ယူလို့ရမယ့် မိန်းမသားတွေ ရှိပါတယ်၊ မောင်လေးက တစ်ခါကွဲဖူးတဲ့အသဲ၊ ရှက်တဲ့အရှက်အတွက် နောက်ထပ်ဒါမျိုးဖြစ်မှာစိုးလို့ ခုခံကာကွယ်ရင်း နေနေတာ၊ ကိုယ့်ကိုယ်ကို ဒုက္ခပေးရာရောက်တယ်"

သူတို့ရှိနေသော စကားဝိုင်းသို့ ရဲရင့်မိခင် ဒေါ်မေသက်ထား ရောက်လာပါသည်။ ပြီးတော့ ဦးခင်မောင်ရင်အနားမှာ ဝင်ထိုင်ပြီး ကိုဘလှကို ပြောပါသည်။

"ဒီညကတော့ ရဲရင့်ရောက်လာတာနဲ့ စကားဝိုင်းက အချစ်ကြောင်းနဲ့မြည်းဖို့ ဖြစ်လာသလို ဖြစ်နေပြီ၊ အချစ် . . . ဒီအချစ်က နေရာတကာ တော်တော်ပါတာပဲ"





"ကိုယ့်ညီကလည်း ဒါက ပါအောင်လို့ ကိုယ်က သွားဝင်ရောက်ဝတ်သက်မိတာကိုးကွ"

"အဖေကြီး သိပ်ပြီး မပြောနဲ့ဦး၊ သားအငယ်ကျန်သေးတယ်နော်၊ သူ့ဖူးစာရှင်အတွက် ဘယ်လိုအဖြစ်ပျက်တွေ ကြုံလာဦးမလဲ မသိဘူး၊ ကြုံလာမှ သားငယ်က ခပ်ထက်ထက်၊ ဟိုကလည်း ခပ်ထက်ထက်ဆိုရင် ရှင်းမရဖြစ်မယ်"

"ထားရာ . . . နှစ်ယောက်သားထက်မှတော့ သူတို့ရဲ့မျိုးဆက်တွေကလည်း ပိုထက်မြက်လို့ ထားတို့ကိုယ်တို့ ပိုပြီးမြင့်မြတ်သွားတာပေါ့ကွာ၊ ထားရဲ့သားကို စွံအောင် ရှာခိုင်းစမ်းပါဦး၊ ဒီကောင် ဒီနေရာမှာတော့ အဖြစ်မရှိဘူးဟေ့"

"အဖေကလည်း . . . ဒီကိစ္စမျိုးမှာတော့ အဖြစ်မရှိချင်လည်းနေပါ။ တစ်ခြား လူ့အဖွဲ့အစည်းအကျိုးဖြစ်ထွန်းမယ့် နေရာတွေမှာ အဖြစ်ရှိတာ ပိုမကောင်းဘူးလား"

"အေးပါကွာ . . . မရတုန်းတော့ ပြောထားပေါ့၊ ငါနဲ့ထားနဲ့ မွေးထားတဲ့ ငါ့သားရေ"

ဦးခင်မောင်ရင်စကားကြောင့် ကျန်သည့်သုံးယောက်စလုံး ပြုံးတူရယ်မောကြတာ ခြံဝင်းထဲမှာ ရယ်မောသံတွေက ပျံ့လွင့်လျက်ရှိနေပါသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

ပညာတွေလည်း
ပေးပေးရလွန်းလို့
စာမျက်နှာတွေလည်း ပြည့်လျှံနေပြီပဲ။

## အခန်း (၅)

အတန်းက သည်နေ့မနက်ပိုင်းမှာ နှစ်ချိန်အားသည်။

အတန်းအားချိန်မှာ အပြင်သို့လည်း မသွားချင်ပါ။

ပြီးလျှင် နောက်နှစ်ချိန်က ပါမောက္ခသင်မည့် ဘာသာရပ်ဖြစ်သဖြင့် အတန်းပျက်လို့က မရ။

နှောင်းခင်ခင်က သူငယ်ချင်းမသုံးဦးကိုခေါ်ပြီး သူမကားရပ်ထားသော နေရာမှာ နေကြာစေ့ကို အေးအေးလူလူထိုင်စားပြီး စကားပြောနေမိသည်။

နေကြာစေ့များက လပ်လည်းလပ်၊ အဆံကလည်း အောင်သဖြင့် ခဲစပ်ထဲမှာ အခွံခွာသံက 'တဂျွတ်ဂျွတ်' နှင့် မြည်သံစွဲအလက်ာတွေထွက်ပေါ်နေပြီး အစေ့ကလည်း အရသာရှိလှပါ၏။

"ဝင့်ဝါဦး . . . နင်နဲ့ Chatting ထဲက သူနဲ့ အခြေအနေကတော့ ဘယ်လိုထပ်ဖြစ်လာသေးလဲ"

ဝင့်ဝါဦးက ကလျာဌေးအမေးကို မဖြေသေးဘဲ နေကြာစေ့ကို အခွံခွာစားနေပါသည်။

"ဘာဖြစ်ရမှာလဲ၊ သူကလည်း ငါနှစ်သက်တဲ့ စကားမျိုးတိုပြော

www.burmeseclassic.com



တယ်၊ ငါကလည်း သူနှစ်သက်တဲ့ စကားမျိုးကိုပြောတယ်၊ ဒီတော့ အဆင်ပြေတာပေါ့လေ၊ သူက ငါဘယ်သူလဲဆိုတာကို သိချင်နေပြီ၊ ငါကလည်း သိချင်နေတာ ပြောမနေနဲ့၊ ဒါပေမယ့် မိန်းကလေးမို့လား၊ ဒီလောက်တော့ ဣန္ဒြေရှိရမှာပေါ့"

"ဟုတ်တယ် ဝင့်ဝါဦးရ၊ တို့လိုမိန်းမသားတွေမှာ ကိုယ်လုပ်ချင်တာ ကိုယ်ဖြစ်ချင်တာကို အဲဒီမိန်းမတို့ဣန္ဒြေဆိုတာကြီးနဲ့ ချုပ်တည်းထားရတာ ဆိုးတယ်ဟာ"

"မြမြမူရယ် . . . အဲဒီဣန္ဒြေဆိုတာ အမျိုးသမီးတွေရဲ့တန်ဖိုးပဲဟ၊ အဲဒီတန်ဖိုးမှမရှိရင် အမျိုးသမီးရဲ့ဘဝဟာ သွားပြီလေ"

"နှောင်းရယ် . . . မှန်တာကတော့ မှန်ပါရဲ့၊ ဒါပေမယ့် နှောင်းကို သတိပေးရဦးမယ်၊ နှောင်းက နှောင်းကို ရည်းစားစကားလာပြောတာတွေကို ပညာပေးတာကတော့ ပေးတာပေါ့၊ ဒါပေမယ့် သတိတော့ထားနော်၊ ပညာပေးခံရတဲ့ ယောကျ်ားသားတွေက တစ်ခုခုမလုပ်ဘူးလို့ ပြောလို့မရဘူး၊ ဟိုတစ်နေ့က တင်မင်းထွန်းကိုပဲကြည့်၊ တော်တော်ရှက်သွားတာ မတွေ့ဘူးလား"

ကလျာဌေးစကားကို နားထောင်နေသည့် နှောင်းခင်ခင်က ပြုံးလိုက်ပါသည်။

"လောကကြီးမှာ ရဲရင့်ပါတယ်လို့ ပြောတဲ့သူတိုင်းဟာ အမြဲတမ်း မကြောက်ဘူးလို့ထင်ရင် မှားမယ်၊ ကြောက်လျက်နဲ့ ကိုယ့်အောင်မြင်မှုကို ရဖို့ ရှေ့ကိုတိုးပြီး ချီတက်နေကြတာချည်းပဲ၊ နှောင်းလည်း ဒီလိုပါပဲ ကြောက်တော့ ကြောက်တာပေါ့၊ ဒါပေမယ့် ကိုယ့်ခုခံကာကွယ်မှုအတွက်တော့ ကိုယ်က လုပ်စရာရှိတာလုပ်ရင်း ချီတက်နေရမှာပဲ"

သူငယ်ချင်းမသုံးဦးက ဘာမှပြန်မပြောတော့ဘဲ နေကြာစေ့ထိုးစားနေတုန်းမှာ . . .

"ဝူး! . . ."

ကားတစ်စီးက အရှိန်ပြင်းပြင်းမောင်းရင်းက နှောင်းခင်ခင်တို့





ရှိသည့်အနားမှာ ထိုးရပ်လိုက်ပါသည်။

"အင်္ဂကျော်တို့ကတော့ လာပြန်ပြီ နှောင်းရေ"

"ဒီတစ်ခါတော့ ကလျာဌေးကြည့်နေပါ၊ နှောင်းဘာလုပ်မလဲဆိုတာ"

နှောင်းခင်ခင်က ကလျာဌေးကို ပြောနေတုန်းမှာ အင်္ဂကျော်ကကားပေါ်ကနေ ဆင်းလာပါသည်။ မျက်နှာကြီးက နီရဲနေပြီး မျက်လုံးတွေက ရီဝေနေသည်ကို အကဲခတ်မိကြသည်။

"နှောင်း . . . ကျွန်တော်သိပ်ကံကောင်းသွားပြီ၊ နှောင်းကို မတွေ့ရဘူး ထင်နေတာ"

"မတွေ့ရအောင် နှောင်းက သေရွာသွားတာမှ မဟုတ်တာ"

"သေရွာသွားလည်း ကျွန်တော်လိုက်မှာပါ"

နှောင်းခင်ခင်က ရွဲ့ပြောတာကို အင်္ဂကျော်က အမှုအရာကိုယ်ဟန်ကားယားနှင့် ပြောလိုက်သည့် သူ့လေသံထဲမှာ အနံ့တစ်နံ့ကို ရလိုက်ပါသည်။

"အင်္ဂကျော် . . . အရက်တွေသောက်လာတယ် မဟုတ်လား၊ နှောင်းနားကိုလာရင် ဒီလိုအရက်သောက်လာတာမျိုးကို ဘယ်လိုမှ လက်ခံနိုင်ဘူး"

နှောင်းခင်ခင်လေသံက ဒေါသသံပါသွားပါသည်။

"ကျွန်တော် အခုမှသောက်တာ မဟုတ်ဘူး၊ နှောင်းက စငြင်းတဲ့နေ့ကတည်းက သောက်တာ၊ အသည်းတွေကွဲတာကို မခံနိုင်ဘူး၊ နှောင်းဘာလို့ ကျွန်တော့်ကို ငြင်းရတာလဲ၊ သိပ်ရက်စက်တယ်၊ နှောင်း . . . ပြောပါဦး"

"နှောင်းပြောပြီးပြီပဲ၊ ရှင့်ကို ချစ်လို့၊ စိတ်ဝင်စားလို့ကို မရလို့ပါပြီလား"

"မပြောနဲ့တော့ နှောင်း၊ ဒီအသံ ဒီစကားလုံးတွေကို ကျွန်တော့်နားက ဘယ်လိုမှ သောတမဆင်နိုင်ဘူး၊ ခါးသည်းတယ်၊ ဆက်ပြီး နှောင်း



www.burmeseclassic.com

www.burmeseclassic.com



လက်မခံသရွေ့ နှောင်းမကြိုက်တဲ့ အရက်ကိုသောက်မှာပဲ"

"ရှင် တော်တော်သနားခံချင်တာပဲ၊ ရှင်တော့ ရေဝေးနဲ့နီးနေပြီ"

"နီးနီး နှောင်း၊ သောက်မှာပဲ"

နှောင်းခင်ခင်က အဂ္ဂကျော်ကို ကြည့်လိုက်ပါသည်။ သူမအကြည့်က တစ်ခုခုကို ပြတ်ပြတ်သားသား လုပ်မည့်ပုံပေါ်နေပါသည်။

"ကဲ . . . နှောင်းကြောင့် ရှင်က အရက်ကို ရေဝေးထိရောက်အောင် သောက်မယ်ဆိုရတယ်၊ ရေဝေးကို အရောက်ပို့ပေးမယ်၊ နှောင်းရဲ့ကား ရှေ့ကမောင်းမယ်၊ ရှင့်ရဲ့ကားက နောက်ကနေ လိုက်ခဲ့"

နှောင်းခင်ခင်က သူငယ်ချင်းမသုံးဦးကိုကြည့်ရင်း . . .

"ဟဲ့ . . . နင်တို့ပါလိုက်ခဲ့၊ လာ . . . ကားပေါ်တက်"

"နှောင်းဘာလုပ်မလို့လဲ"

"နောက်မှမေး မြမြမူ၊ ကားပေါ်တက်"

သူငယ်ချင်းမသုံးဦးလည်း ဘုမသိ၊ ဘမသိနှင့် ကားပေါ်သို့ တက်လိုက်ကြပါသည်။ နှောင်းခင်ခင်က တက္ကသိုလ်ကျောင်းဝင်းထဲကနေ ကားကိုအမြန်မောင်းထွက်ခဲ့သည်။

အဂ္ဂကျော်ကလည်း ဘယ်နေပါ့မလဲ။ နောက်ကနေ ထပ်ကြပ်မကွာ လိုက်ပါလာပါသည်။

ဘာတွေဖြစ်လေဦးမည်လဲ မသိပါ။

❑

စားသောက်ဆိုင်ထဲသို့ အမျိုးသမီးလေးဦး ဝင်ရောက်လာသဖြင့် ဆိုင်အတွင်းမှာရှိသည့် စားပွဲထိုးများ ပျာယာခတ်ကုန်ပါသည်။

"ဒီက အစ်မတို့ ဘာစားမလို့လဲ"

"ကျွန်မတို့ စားဖို့မဟုတ်ဘူး၊ သောက်မလို့"

"ဗျာ . . ."





"ဟုတ်တယ် . . . အရက်တစ်ပုလင်းနဲ့ အမြည်းကောင်းကောင်း စီစဉ်ပေး"

"အစ်မတို့က သောက်မလို့ ဟုတ်လား"

"စကားရှည်လိုက်တာ၊ စားသုံးသူကို ပြန်မမေးနဲ့လေ"

"ဩော် . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ ဒါနဲ့ ဘာအရက်လဲ၊ အရက်တွေက အများကြီး၊ ဝိုင်သောက်ပါလား . . . မိန်းကလေးတွေ သောက်ကြတာ"

"ပြင်းတဲ့အရက်သာပေး"

"ဗျာ! . . ."

နှောင်းခင်ခင်နှင့် အပြန်အလှန်ပြောဆိုနေသော စားပွဲထိုးက နှောင်းခင်ခင်စကားကြောင့် အံ့အားတသင့်ဖြစ်ရင်းမကဖြစ်ရင်း ကျန်သည့်သုံးဦးကိုပါကြည့်ကာ ခေါင်းကုတ်ရင်း ထွက်သွားပါသည်။

"ဟဲ့ . . . ဘာလုပ်နေတာလဲ၊ ထိုင်လေ"

"နှောင်း . . အရက်ဆိုင်ထဲလာ အရက်မှာပြီး ဘာတွေလျှောက်လုပ်နေတာလဲ၊ တို့တော့ နားမလည်တော့ဘူး"

ဝင့်ဝါဦးက ဘာမှမသိသည့်ပုံစံမျိုးဖြင့် ပြောလိုက်ချိန်မှာပဲ အဂ္ဂကျော်က နှောင်းခင်ခင်တို့ရှိနေသည့် ဆိုင်ထဲဝင်လာပါသည်။

"အဂ္ဂကျော် ထိုင်၊ နင့်စိတ်ကြိုက်မှာထားပေးတယ်"

"ဘာမှာတာလဲ"

"အရက်ဆိုင်လာမှတော့ အရက်မှာတာပေါ့"

နှောင်းခင်ခင်က ပြောနေတုန်းမှာပဲ စောစောတုန်းက စားပွဲထိုးက 'ဟိုက်ကော်မရှင်နာ' အရက်တစ်ပုလင်း၊ ရေသန့်ဗူးနှင့် ရေခဲတစ်ပွဲ အမြည်းတွေ လာချပေးပါသည်။

"ရှင်က ကျွန်မကြောင့် အရက်ကိုသောက်မယ်၊ ရေဝေးရောက်အောင် သောက်ဆိုလို့ ကျွန်မဂုဏ်ယူတာ၊ ကဲ . . . ရှင်သောက်ပေတော့ နှောင်းက ရှင်သောက်တာကို ဘေးနားကနေကြည့်ပြီး အားပေးမယ်၊ တစ်ပုလင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့မှ မမူးရင် နောက်တစ်ပုလင်းမှာပေးမယ် . . . သောက်နော်"

"နှောင်း . . . နှောင်းက ကိုယ့်ကိုရွဲ့တာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး တိုက်တာပါ။ ကဲ . . . သောက်ပါ။ တကယ်တည်းမှပဲ"

"နှောင်းက ဒီလောက်တောင် ဆန္ဒရှိမှတော့ သောက်ပြီဗျာ"

အဂ္ဂကျော်က အရက်ပုလင်းကိုဖွင့်ပြီး အရက်ကိုထည့် ရေကိုရောကာ ရေခဲပင်မထည့်တော့ဘဲ တစ်ကျိုက်တည်းမော့ချတာ သီးမလိုတောင် ဖြစ်သွားပါသည်။ သို့သော် ကိုယ်ရှိန်သပ်ပြီး အောင့်ခံလိုက်ပါသည်။

"သောက်တာ မြန်တာပဲ၊ ထပ်သောက်ရအောင် ထပ်ထည့်လိုက်ဦး၊ နှောင်းထည့်ပေးမယ်လေ"

"ကောင်းတာပေါ့ နှောင်းရယ်၊ ကိုယ်မြတ်နိုးတဲ့သူက ပြုစုတာပဲ"

အရေးထဲမှာ 'အဂ္ဂကျော်က အသားယူပြီးပြောတာကို သူငယ်ချင်းမသုံးဦးက မကျေနပ်ပေမယ့် နှောင်းခင်ခင်ကတော့ အရက်ပုလင်းကို အရက်ခွက်ထဲ အရက်ငှဲ့ပြီး တိုက်ပါသည်။

အဂ္ဂကျော်ကလည်း ကျေကျေနပ်နပ်ကြီးကို သောက်တာမှ နှောင်းခင်ခင် အရက်တစ်ခွက်ပြီးတစ်ခွက်ပေးသမျှ အနားတမ်းသောက်တာ အရက်ပုလင်းတောင် ကုန်သလောက် ဖြစ်လာပါသည်။

"နှောင်း . . . ထပ်တိုက်၊ တိုက်လေ . . . သောက်မှာ၊ သောက် . . . ဒီလိုသောက် . . . သောက်တာက နှောင်းကိုချစ် . . . ချစ် . . ."

သနားဖို့ပင် ကောင်းသလားမသိပါ။ အဂ္ဂကျော်စကားကိုတောင် လေးလုံးကွဲအောင် မပြောနိုင်တော့ဘဲ အရက်တစ်ပုလင်းလုံး မနားတမ်းသောက်သည့်အရှိန်နှင့် အမူးလွန်ပြီး စားပွဲခုံပေါ် ခေါင်းငိုက်စိုက်ကျသွားပါသည်။

"ပိုက်ဆံရှင်းမယ်"

စားပွဲထိုးက နှောင်းခင်ခင်နားရောက်လာပြီး စားပွဲခုံပေါ် ခေါင်း





ငိုက်စိုက်ကျသွားသော အဂ္ဂကျော်ကိုကြည့်ပြီး . . .

"ဒီလူဗျာ . . . အစ်မတိုက်သမျှ တစ်ခါတည်းသောက်တော့ သွားပြီပေါ့"

"သူနိုးလာရင် သူ့ဘာသာသူ ပြန်သွားလိမ့်မယ်၊ ရတယ် မဟုတ်လား"

"ရပါတယ် အစ်မ၊ အရက်ဆိုင်ပဲ ဒါမျိုးက ရိုးနေပြီ"

နှောင်းခင်ခင်က ပိုက်ဆံကို ရှင်းပေးပြီး ဆိုင်ထဲကနေ သူငယ်ချင်းမသုံးဦးနှင့် ထွက်လာခဲ့သည်။

တက္ကသိုလ်ထဲကို ပြန်ရောက်တော့ ကျောင်းသားနားနေဆောင်တ နံရံမှာ ကော်ရက်ရှင်ပင်နှင့် အသည်းပုံဆွဲပြီး ကြက်ခြေခတ်လိုက်ပြန်ပါသည်။

သူငယ်ချင်းမသုံးဦးကတော့ ဘာမှပြောနိုင်စွမ်းမရှိတော့ပါ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

နေရောင်ခြည်အောက်မှာ
ကိုယ်လည်း ကိုယ့်အလုပ်ကိုယ်လုပ်ပါတယ်။
သူလည်း သူ့အလုပ်သူလုပ်ပါတယ်။
နေရောင်ခြည်အောက်မှာ
ကောင်းကင်ထဲဝှက်ထားတဲ့ အမုန်းက
မြေပြင်ကို စုန်ဆင်းလာပါရောလား။

## အခန်း (၆)

ခါတိုင်းဆိုလျှင် ပလာဇာမှာ မိခင်ဖြစ်သူ ဒေါ်မေသက်ထားက ဈေးဝယ်နေကျဖြစ်သည်။ သည်နေ့ တနင်္ဂနွေနေ့ကျမှ ရဲရင့်ကို အိမ်သုံးပစ္စည်းတွေ ဝယ်ခိုင်းသဖြင့် လာဝယ်ရသည်။ ရဲရင့်စဉ်းစားမိပါသည်။

လူတွေများ ငွေရှာရခက်သည်။ ပိုက်ဆံရှားသည်ဟုသာ ပြောကြသည်။ ပလာဇာထဲမှာတော့ ဝယ်သူက အလကားပေးနေသလားတောင် ထင်ရသည်။

လူတွေမှာ ငွေလုပ်သည့်စက်တွေများ ရှိနေသလား မပြောတတ်ပါ။ ဒါကတော့ မပြောလေနှင့်။

ရဲရင့်အမေဖွင့်ထားသော ရွှေဆိုင်မှာတောင် တစ်နေ့တစ်နေ့ လာဝယ်သူတွေက နည်းတာမှမဟုတ်တာ။

လူ့ဘဝကြီးမှာ ပိုက်ဆံရှိသူက ရှိ၊ မရှိသူက မရှိနှင့် သိပ်တော့ ... ကမ္ဘာတည်ကတည်းကလိုပါပဲ။ နည်းနည်းသာ ကွဲပါသည်။

ဝယ်ခြမ်းလာသော ပစ္စည်းများကို ရဲရင့်က ကားနောက်ခန်းအဖုံးဖွင့်ပြီး ထည့်ကာ ပိတ်လိုက်သည်။ ပြီးတော့ ကားခေါင်းခန်းတံခါးဖွင့်၊ ... ကျန်ကျိုး၊ ကားတံခါးပိတ်၊ ကားပါကင်ကနေ ထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တော့ ရှေ့မှကားတစ်စီးကလည်းအထွက် ရဲရင့်၏ကားက ရှေ့မှကားနောက်ကို ဆောင့်မိသလိုဖြစ်သွားတာ ရှေ့မှကားက နောက်မှ ရဲရင့်ဆောင့်လိုက်သည့်အရှိန်ကြောင့် ရှေ့ကိုရောက်သွားပြီး ကြက်ဥတွေ ထည့်ထားသော ကတ်ပူးကိုသယ်လာသော လူကိုတိုက်မိမလိုဖြစ်သွားတာ ထိုလူက လန့်ပြီးရှောင်လိုက်တာ ကြက်ဥတွေ ကျကွဲကုန်တာ မြင်လို့ပင် မကောင်း။

ရှေ့မှကားက စက်ကိုရပ်လိုက်ပြီး ကားတံခါးဖွင့်ကာ အမျိုးသမီး တစ်ဦးဆင်းလာပါသည်။ နည်းနည်းတော့ စိတ်ဆိုးနေပုံရပါသည်။

"ရှင် ကားကို ဘယ်လိုမောင်းတာလဲ၊ ကျွန်မရဲ့ကားထွက်မယ် ဆိုတာ ရှင်မမြင်ဘူးလား"

"ကျွန်တော်လည်း ထွက်တာပဲဗျ၊ ခင်ဗျားရဲ့ကားက ထွက်မှာ လား၊ ရပ်မှာလား မသိတော့ ကြောင်သွားတာပေါ့ဗျာ၊ ဘယ်သူကတော့ သူများကား ဝင်တိုက်ပါ့မလဲ ... အားအားယားယားဗျာ"

"ရှင် ဘုမတောပါနဲ့၊ ရှင်ကလည်း မှားသေးတယ်၊ နေဦး ... ကျွန်မကား ဘာဖြစ်တာထက် ရှင့်ကြောင့် ဟိုမှာ ကြက်ဥတွေ ကျကွဲသွား တာ၊ အဲဒီလူကို အလျော်ပေးဖို့ လုပ်ဦး"

ကြက်ဥကွဲများကို နှမြောတသစွာ ကြည့်နေသော လူကို လတ် ညှိုးထိုးပြပါသည်။

"ကျွန်တော်က ဘာလို့လျော်ရမှာလဲ၊ တိုက်မိတာက ခင်ဗျားကား လေ"

"နှောင်းက တိုက်ချင်လို့ တိုက်တာမဟုတ်ဘူး၊ ရှင့်ကားက နောက် ကနေ ဝင်ဆောင့်လို့ တိုက်ရတာ"

"အြော် ... နှောင်းတဲ့လား၊ ကျွန်တော့်နာမည်က ရဲရင့်ပါ"

"ရှင်နဲ့ကျွန်မကိစ္စက ဒီမှာနာမည်မိတ်ဆက်ဖို့ မဟုတ်ဘူး၊ အလျော် ကိစ္စကို အရင်သွားရှင်း"

"ရပါတယ်ဗျာ ... ကိုယ့်တာဝန် ကိုယ်မယူဘဲ သူများယူနိုင်





လည်း ရပါတယ်"

"ရှင် ... ဘာပြောတာလဲ"

ရဲရင့်စကားကြောင့် စိတ်တိုသွားသော နှောင်းကို ရဲရင့်က ပြန် မကြည့်ဘဲ ကြက်ဥတွေ ကွဲသွားသည့်လူကို ကြက်ဥဖိုး အလျော်အား ရဲရင့်က ပေးလိုက်ပါသည်။ သည်နေ့တော့ ဇာတာက နိမ့်ပြီလို့။

"ခင်ဗျားလျော်ရမယ့်အစား လျော်ပြီးပြီ၊ ရပြီမဟုတ်လား"

"မရသေးဘူး ... ကျွန်မရဲ့ကား ဘာဖြစ်လဲ ကြည့်ရဦးမယ်"

နှောင်းခင်ခင်က ကားကို သေသေချာချာကြည့်ပြီး ...

"ရှင် သိပ်ကံကောင်းတယ်၊ နို့မို့ဆို အလျော်အစားက ကြီးပြီ"

"မော်တော်ယာဉ်ဥပဒေတွေက တစ်ခါတလေတော့ လွဲတယ်၊ ရှေ့က ကားမှားလည်း နောက်က ကားက ဘယ်လောက်မှန်မှန် မှားတယ် ဆိုတဲ့ တရားသေကောက်ချက်ချတာမျိုးကတော့ မဟုတ်သေးပါဘူး"

"ဒါဖြင့်လည်း လွှတ်တော်မှာ ရှင်တို့ရွေးချယ်ထားတဲ့ လွှတ်တော် ကိုယ်စားလှယ်ကို အဆိုတင်သွင်းခိုင်းလိုက်ပေါ့၊ ဒါများ ခက်တာမှတ်လို့"

"ဒီမှာ အမိ၊ ခင်ဗျားနဲ့ကျွန်တော် အပြန်အလှန်ပြောဖို့ အချိန် မရှိဘူး၊ ခင်ဗျားရဲ့ကား ဘာမှမဖြစ်ဘူး မဟုတ်လား၊ ရှေ့က ကားကိုဖယ် ပေတော့၊ ခင်ဗျားပြောချင်ရင် စီစဉ်လိုက်၊ စကားနပန်းပြိုင်ပွဲပေါ့ဗျာ ... ဟုတ်ပြီလား"

"အံမယ် ... သူကပဲ မှားသေးတယ် ... ဟွင်း!"

နှောင်းခင်ခင်က စိတ်ဆိုးမာန်ဆိုးဖြင့် မျက်စောင်းထိုးကာ ကား မောင်းပြီး ထွက်သွားပါသည်။

ရဲရင့်လည်း သည်နေ့တော့ ထပ်မံကံမကောင်းမှုတွေ မကြုံပါစေ နဲ့တော့ ဆုတောင်းရင်းက ကားကို မောင်းထွက်လာခဲ့သည်။

သည်အကြောင်းတွေကိုတော့ သူငယ်ချင်းတွေကို မပြောပြတော့ ဘူးလို့ ဆုံးဖြတ်လိုက်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ့သမီး နေ့လယ်က ဖြစ်တဲ့ကိစ္စကို မကျေနပ်သေးဘူးထင်တယ်၊ အခုထက်ထိ သမီးရဲ့မမငြိမ်းကို ပြောနေတာ တကယ့်ကလေးအတိုင်းပဲ"

နှောင်းခင်ခင်၏ဖခင် ဦးမင်းဒင်ပြောတာ မှန်ပါသည်။ နေ့လယ်က ပလာဇာရှေ့မှာဖြစ်ခဲ့သော ကိစ္စကို နှောင်းခင်ခင်ဘာကြောင့်မှန်းမသိ၊ အစ်မဝမ်းကွဲ အပျိုကြီးမမငြိမ်းကို ထပ်ပြောပြမိပါသည်။

"အို . . . ကိုယ်ကလည်း ခင့်ရဲ့သမီးက သူမကျေနပ်တာရှိရင် ဒီလိုပဲ ရင်ထဲမှာမထားဘဲ ပြောတတ်တာ သိရဲ့သားနဲ့၊ ခင့်ကိုက မှားတာ၊ ဒီနေ့ ပလာဇာကို ခင်ပါသမီးနဲ့ လိုက်သွားရမှာ"

နှောင်းခင်ခင်၏မိခင် ဒေါ်ဝတ်ရည်ခင်က နှောင်းခင်ခင်၏ လက်မောင်းကို ကိုင်ထားရင်းမှ ပြောပါသည်။

"အင်း . . . ငြိမ်းရဲ့ညီမဝမ်းကွဲကတော့ ထူးတယ်ပဲ ပြောရမှာပဲ၊ အမြဲတမ်း ကိုယ့်ကိုစိတ်ဝင်စားသူတွေက ရှိနေတာ၊ ဘယ်အတိတ်ကံလဲတော့ မသိဘူး၊ အမြဲတမ်း ဘာပဲလုပ်လုပ် ဇာတ်လမ်းဇာတ်ကွက်လေးတွေက ဒွန်တွဲပါပါလာတာပဲ၊ ငြိမ်းရဲ့ညီမနှောင်းရဲ့ကျောင်းက သတင်းတွေကတော့ ကြားကြားနေရပါတယ်နော်၊ ဘာတဲ့ . . . ညီမလေးနှောင်းကို ငြင်းပယ်ခြင်းနတ်သမီးလို့တောင် ဘွဲ့မရသေးခင် ဘွဲ့ပေးထားကြတာပဲ"

နှောင်းခင်ခင်၏အစ်မဝမ်းကွဲ မမငြိမ်းက နှောင်းခင်ခင်အား ဂုဏ်ယူစွာဖြင့် ပြောသည့်အခါ . . .

"နှောင်းမကျော်ကြားချင်ပါဘူး မမငြိမ်းရယ်၊ ကျော်ကြားမှုဆိုတာ အရိပ်နဲ့တူတယ်၊ အဲဒီအရိပ်က တစ်ခါတစ်ရံ ကိုယ့်နောက်မှာ ရှိနေသလို တစ်ခါတစ်ရံ ကိုယ့်ရှေ့ရောက်နေတတ်တယ်၊ အဲဒီလို အရိပ်မျိုး နှောင်းမဖြစ်ချင်ဘူး၊ နှောင်းဘဝမှာ ဘာအရိပ်မှမပါတဲ့ နှောင်းဆိုတဲ့ ဖြစ်တည်မှုမျိုးပဲ ဖြစ်တည်ချင်တာ"

"မာမီ့သမီးလေးက ထက်မြက်တယ်၊ ကိုယ့်ကိုယ်ကို ယုံကြည်





ရှိတယ်၊ သမီးက ရှေ့နှစ်ဆို ဘွဲ့ရပြီ၊ အချိန်တန်ရင် လုပ်ငန်းခွင်ဝင်၊ အိမ်ထောင်ရက်သားကျရဦးမယ်၊ သမီးရဲ့ဘဝခရီးအဖော်မွန်ဟာ သမီးလို တန်းတူထက်ထက်မြက်မြက်မရှိခဲ့ရင် သမီးတို့ရဲ့အိမ်ထောင်ရေးကို မာမီတော့ တွေးပူမိတယ်"

"ထားကလည်း ထားသမီးကို လျှော့မတွက်နဲ့၊ ထားရဲ့သမီး ဒီနေ့ထိ ရည်းစားမထား၊ ဘာမထားတာ မဟောသဓာက အမရာကို ဖူးစာဖက်ရှာသလိုမျိုး ရှာနေတာ၊ ဒါပေမယ့် သမီး . . . တစ်ခါတလေကျတော့ ဒီလိုနှလုံးသားအရေးတွေမှာ ဦးနှောက်ကိုချည်း သိပ်ဦးစားမပေးနဲ့၊ ဦးနှောက်နဲ့နှလုံးသား မျှတပြီးလုပ်ဆောင်ရတာမျိုး ရှိတယ်၊ ဒါတွေ သမီးသိလာမှာပါ၊ အဲဒီလိုမှ မဟုတ်လည်း သမီးရဲ့မမငြိမ်းလို အပျိုကြီးလုပ်ပေါ့ . . . ဟုတ်ဖူးလား"

"ဦးလေးနော် . . . ကိုယ့်ဖာသာကိုယ် အပူမရှာချင်လို့ နေတဲ့သူကို လာလာခလုတ်တိုက်နေသေးတယ်၊ ဒီက မယူချင်လို့နော်"

မမငြိမ်းစကားကို မည်သူမှပြန်မပြောဘဲ အားလုံးဝိုင်းရယ်ကြသော မမငြိမ်းက ရယ်နေသူတွေကိုသာ ကြည့်နေပါတော့သည်။

❑ ❑ ❑

www.burmeseclassic.com

**သူတစ်ပါးကို**

**ပညာပေးရင်**

**ကိုယ်လည်း ပြန်စရတာပါပဲ၊**

**ပညာတော့ မပေးချင်ပါ၊**

**ပညာရသွားဖို့ပဲ လုပ်ဆောင်ပါရစေ၊**

## အခန်း (၇)

ဝင်းထူးက ရဲရင့်ဆီ သည်နှစ်ယောက်ကို ဘာလို့ခေါ်လာသလဲ သေသိပါ။

ရဲရင့်ရှေ့မှာ မြင်နေရသည့် နှစ်ယောက်ကတော့ တစ်ခုခုကို အလိုမကျ မကျေမနပ်ဖြစ်နေပုံ ရှိနေပါသည်။

ရဲရင့်က သူနှင့်သက်တူရွယ်တူ နှစ်ယောက်ကို အကဲခတ်မိသလောက်ဆိုလျှင် တစ်ယောက်က ပိန်ပိန်ပါးပါး ပျော့ညံ့မည့်ပုံပေါ်ပြီး ကျန်တစ်ယောက်က လုပ်ချင်ရာဇွတ်လုပ်မည့်ပုံပေါ်ရုံမက ချာန်လေးနည်း တော်တော်နှစ်သက်မည့်ပုံစံမျိုး ဖြစ်ပုံရသည်။

သေချာတာကတော့ သူများလုပ်ခိုင်းလျှင် ဘာကိုမှမစဉ်းစားဘဲ လှုပ်မည့်သူမျိုးဟု နှစ်ယောက်စလုံးကို တွက်ဆမိသည်။

အဂ္ဂကျော်နှင့် တင်မင်းထွန်းအမည်ရသော ကျောင်းသားနှစ်ယောက်ကတော့ တစ်ခုခုကို သူ့ထက်ငါ အရင်ပြောချင်နေတာ အမှန်ပင်။

"ဒီလို ရဲရင့်ရေ . . . ဒါက ငါနဲ့လွင်မင်းလတ်အတန်းက ကျောင်းသားတွေပဲ၊ ဒီနှစ်ကောင် ငြင်းပယ်ခြင်းနတ်သမီးလို့ ဘွဲ့ပေးခံသွားတဲ့ ကျောင်းသူတစ်ယောက်ကို သွားကြိုက်မိတာ တော်တော်အ[illegible]နာလာကြ

www.burmeseclassic.com



တယ်၊ ကဲ . . . တင်မင်းထွန်း . . . မင်းအကြောင်း ပြောလိုက်ဦး"

ဝင်းထူးက ရဲရင့်ကို မိတ်ဆက်ပေးရင်းမှ တင်မင်းထွန်းဖြစ်ပုံကို ပြောခိုင်းပါသည်။

"အချင်းချင်းပြန်ပြောပြရမှာတောင် ရှက်လွန်းလို့၊ ကျွန်တော့်ကိုဗျာ . . ကျွန်တော်ကြိုက်တဲ့သူက ကျောင်းသားနားနေဆောင်မှာ နံငယ်ပိုင်းလို တာဖဲပုံစံမျိုးဝတ်ခိုင်းပြီး အပေါ်ပိုင်းဗလာကျင်းနဲ့ သူ့သူငယ်ချင်းပန်းချီပုံတူဆွဲဖို့ဆိုပြီး မော်ဒယ်လုပ်ခိုင်းတယ်၊ ကျောင်းသားတွေက ဝိုင်းကြည့်တာ ရှက်ဖို့မသိဘူး၊ တက်ကြွနေတာ၊ ကံဆိုးချင်တော့ ငှက်ပျောခွံတက်နင်းမိတဲ့ ကျောင်းသူတစ်ဦးက ယောင်ပြီး ကျွန်တော့်နံငယ်ပိုင်းကို ဆွဲချွတ်တာ လူပုံအလယ်မှာ ကျွန်တော်အောက်ခံဘောင်းဘီပဲ ကျန်တယ်၊ ရှက်လိုက်တာဆိုတာဗျာ . . . ကျွန်တော်ကြိုက်တဲ့ကျောင်းသူက သက်သက်လုပ်တာ၊ သူ့သူငယ်ချင်းက ဘာပုံမှဆွဲတာ မဟုတ်ဘူး၊ အရှက်ခွဲတာ"

တင်မင်းထွန်း၊ ထိုနေ့က အဖြစ်အပျက်ကြောင့် ဘယ်လိုရှက်ပြီး ဘယ်လိုခံစားနေရမလဲဆိုတာ တင်မင်းထွန်းတာဖဲအဝတ်အစားနှင့်ပုံကို ရဲရင့်မျက်လုံးထဲဖေါ်ကြည့်ရင်း ပြုံးမိပါသည်။

"ဟော့ကောင် အဂ္ဂကျော်၊ တစ်ယောက်ကတော့ ရင်ဖွင့်သွားပြီ ဒီတစ်ခါ မင်းအလှည့်ပဲ"

လွင်မင်းလတ်က အဂ္ဂကျော်ကို ပြောခိုင်းပြန်သည်။

"လူပါးပုလင်းထိတယ်ဆိုတာ ကျွန်တော်ပဲ၊ ဘယ်လောက်ပဲသောက်သောက် ပုလင်းသာလဲပြီး လူမမူးဘူးလို့ ကြွေးကြော်သမျှ သူက ပြန်မချစ်လို့ သူကြွေအောင် ကိုယ်က ရှက်ကိုပင့်ပြီး ရင်ဖွင့်လေသောအခါ လုပ်ပါရဲ့၊ သူက သူငယ်ချင်းတွေနဲ့ မိန်းကလေးတန်မယ့် အရက်ဆိုင်ကို ခေါ်သွား၊ အမြည်းတွေမှာပြီး တိုက်ပါရောလား၊ ဘယ်သိမလဲ . . . သူ့ပေးသမျှ ကြွက်တွင်းပဲဆိုပြီး တစ်ခွက်ပြီးတစ်ခွက်သောက်တာ ပုလင်းတွေကုန်၊ လူလည်း စားပွဲခုံပေါ် ခေါင်းငိုက်စိုက်ကျသွားတာ ဘာမှမသိတော့





ဘူး၊ နိုးလာတော့ ခေါင်းက မလှုပ်နိုင်ဘူး၊ ဘယ်လောက်တောင် အရက်ဆိုင်ထဲမှာ အိပ်ပျော်သွားမှန်းမသိဘူး၊ ဒင်းကတော့ ထားပြီး လစ်ပါရောလား၊ ဘာပြောကောင်းမလဲ . . . အိမ်လည်းရောက်ရော သွေးတွေတိုးတာ ခေါင်းတောင်မထူနိုင်ဘူး၊ ဆေးခန်းကိုပြေးပြီး နှစ်ရက်လောက် ဘာမှမလုပ်ဘဲ ငြိမ်နေရတာ၊ ပညာပေးချက်ကတော့ တကယ့်ကို ယဉ်တာ၊ ကောင်းကောင်းကြီးခံလိုက်ရတာ"

အဂ္ဂကျော်စကားနားထောင်ပြီးသည့်အခါ ရဲရင့်က . . .

"မင်းတို့နှစ်ယောက်စလုံးက မိန်းမတစ်ဒယောက်ရဲ့ လျှာဖျားပေါ်က စကားလုံးတွေကို သွားသာယာမိတာကိုး၊ မိန်းမချောမိန်းမလှ တော်တော်များများက သူတို့နှုတ်ခမ်းပါးလေးက ထွက်ကျလာတဲ့ စကားလုံးတွေနဲ့ လူတွေရဲ့နှလုံးသားတွေကို သေအောင်သတ်နေတာ နည်းတာမှတ်လို့ တရားဥပဒေမှ မရှိတော့ ဘယ်တရားစွဲလို့ရမလဲ"

"တရားစွဲလို့မရပေမယ့် အဲဒီနှောင်းခင်ခင်ဆိုတဲ့ မိန်းမကို ကျွန်တော်တို့ ပညာတော့ ပေးချင်တယ်ဗျာ၊ အဲဒါ ရဲရင့်ကူညီနိုင်မလား"

တင်မင်းထွန်းက တကယ့်ကို မကျေမနပ်သည့် လေသံဖြင့် အကူအညီတောင်းပါသည်။

"အဓိက,ကတော့ ယောက်ျားတွေဆိုတာ မိန်းမတွေပညာပေးချင်တိုင်း ပေးလို့မရဘူးဆိုတာ သိစေချင်တယ်"

အဂ္ဂကျော်စကားကြောင့် ရဲရင့်က ရယ်ပြီး ပြုံးမိပါသည်။

"မင်းတို့နှစ်ယောက်က ငါ့ကို တော်တော်အထင်ကြီးတာပဲ၊ ဒါဆိုရင်တော့ မှားလိမ့်မယ်၊ ငါက ဒီနေ့ထိ ဘယ်မိန်းကလေးမှ ရည်းစားစကားပြောတာတို့၊ ရည်းစားထားဖူးတာတို့ ရှိခဲ့တာမဟုတ်ဘူး၊ ငါ့ဘဝမှာ ငါရည်းစားစကားပြောပြီးတော့ ချစ်ခွင့်ပန်မယ့် မိန်းကလေးက ငြင်းပယ်မှာအကြောက်ဆုံးပဲ၊ အဲဒီမှာ ငါ့မှာရှိတဲ့ အရည်အချင်းတွေ သိက္ခာတွေ ပါသွားပြီ ပြီးတော့ လူတစ်ယောက်ကို ပညာပေးတယ်ဆိုတာ ကောင်းသောပညာပေးခြင်းဆိုရင် ကောင်းတယ်၊ မကောင်းတဲ့ ပညာပေးခြင်းမျိုးတော

www.burmeseclassic.com



ကိုယ်လည်း ပြန်ခံရတတ်တယ်၊ လူတွေကို ပညာပေးဖို့ထက် အရေးကြီးဆုံးက ပညာရဖို့ပဲ၊ ဒါဆို အမှားအမှန်ကို ဆုံးဖြတ်ပြီးသား ဖြစ်သွားမယ်"

ရဲရင့်စကားကြောင့် အဂ္ဂကျော်နှင့် တင်မင်းထွန်းတို့က သူတို့နှစ်ဦးထင်သလို မဖြစ်လာသဖြင့် စိတ်ပျက်အားငယ်သွားပုံရပါသည်။

"ဝင်းထူးနဲ့လွင်မင်းလတ် . . . ငါတို့ ရဲရင့်ကို အကူအညီတောင်းမိတာ မှားပြီထင်တယ်၊ ဘယ့်နှယ့်ကွာ . . . နှောင်းခင်ခင်ရဲ့ထိုးစစ်ကို တန်ပြန်တိုက်စစ်ဆင်ဖို့ ကွန်မန်ဒိုရှာကာမှ အဘိဓမ္မာဆရာနဲ့ လာတွေ့နေတာကိုးကွ၊ ဒီမိန်းမတော့ ဆက်လက်ပြီး ယောကျာ်းသားတွေကို အနိုင်ယူနေဦးမှာပဲ"

အဂ္ဂကျော်က သူ့ထင်မြင်ချက်ကို ပြောသည့်အခါ ရဲရင့်က . . .

"လောကကြီးမှာ ဘယ်သူမှ အမြဲတမ်းထာဝစဉ် မနိုင်သလို ဘယ်သူမှလည်း အမြဲတမ်းမရှုံးပါဘူး၊ မင်းတို့နှစ်ယောက်ပြောတဲ့ အမျိုးသမီးက အရှုံးကိုမကြုံဘူးသေးလို့ပါ၊ ဒါပေမယ့်နော် . . . မင်းတို့ အခုလို ကျရှုံးခံစားကြတယ်ဆိုတာ တကယ်တော့ သူက စတာမဟုတ်ဘူး၊ မင်းတို့က သွားပတ်သက်လို့ ဖြစ်ရတာ၊ သူက သူ့ဟာသူ နေနေတာလေ၊ အဲဒီ ကိုယ့်ဖက်က အမှားကိုလည်း စဉ်းစားဦး"

အဂ္ဂကျော်နှင့် တင်မင်းထွန်းတို့က စဉ်းစားဖို့ အချိန်မပေးနိုင်တာ သေချာသည်။ မှာထားသော လက်ဖက်ရည်တွေကိုတောင် မသောက်နိုင်ဘဲ အားလုံးအတွက် ပိုက်ဆံရှင်းကာ ဆိုင်ထဲက ထွက်သွားကြပါသည်။

လောကကြီးမှာ ကိုယ့်ဖာသာကိုယ်နေတာကို အမှားအဖြစ် တံဆိပ်ခပ်ဖို့ တံဆိပ်တုံးကိုင်ထားသူတွေ မည်ရွေ့မည်မျှလောက်တောင် ရှိနေသလဲ မသိပါ။

❑ ❑ ❑

ဂုဏ်အောင်းလှူ့ဘဝကနေ
နည်းပညာခေတ်တိုင်အောင်
တည်မြဲနေတာက
မတော်တာဆဆိုတာပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မမငြိမ်းတို့များ သည်နေ့မှ ဘာစိတ်ကူးပေါက်သည် မသိပါ။

နှောင်းခင်ခင်ကိုခေါ်ပြီး တော်ဝင်စင်တာသို့ ဈေးဝယ်ထွက်ပါသည်။ တော်ဝင်စင်တာရောက်တော့လည်း ဆိုင်အနှံ့ တစ်ဆိုင်ပြီးတစ်ဆိုင်လျှောက်ကြည့်၊ ပစ္စည်းကို ဈေးမေးပြန်ချနှင့် အလုပ်ကို ရှုပ်နေပါသည်။ အပျိုကြီးတွေများ သိပ်ကိုဇီဇာကြောင်တာပဲလို့။

အခုလည်း အင်္ကျီရောင်းသော ဆိုင်သို့ဝင်ပြီး အင်္ကျီတွေ တစ်ထည်ပြီးတစ်ထည် ပြခိုင်းနေပြန်ပါသည်။

ဆိုင်ရှင်ကလည်း မမငြိမ်းလက်ညှိုးနှင့် ထိုးပြသမျှ ရောင်းချီအရေး စိတ်ရှည်လက်ရှည်နှင့် ထုတ်ပေးပါသည်။

မမငြိမ်းမဝယ်လျှင်တော့ မျက်နှာပျက်ဖို့ ကောင်းပြီ။

"မမငြိမ်းကြိုက်တာ ခုထိမတွေ့သေးဘူးလား၊ သေချာပြီ ... ဒီလောက် ဘာမဟုတ်တဲ့ အင်္ကျီတောင် စေ့စေ့စပ်စပ် သေချာရွေးနေတာ အပျိုကြီးဖြစ်တာ ဒီလိုကြောင့်ပဲ ဖြစ်ရမယ်"

"နှောင်း... တိုးတိုးပြောပါ၊ တော်ကြာ လူတွေကြားထဲ ကြော်ငြာသလိုဖြစ်နေမယ်၊ ကြိုက်တဲ့အဆင်မတွေ့သေးလို့ပါ"





နှောင်းခင်ခင်ကို ပြန်ပြောရင်းက မမငြိမ်းတစ်ယောက် အင်္ကျီတွေကို စိတ်ကြိုက်ရွေးနေပြန်ပါသည်။ တော်ပါသေး၏၊ ရွေးပြီး ဝယ်ဖြစ်သွားလို့။

နှောင်းခင်ခင်ကတော့ ပျင်းပျင်းရှိသည်နှင့် ဟိုကြည့်ဒီကြည့် လျှောက်ကြည့်နေတာ တစ်စုံတစ်ခုကို မြင်လိုက်မိသည်။

လက်ထဲမှာ အထုပ်တစ်ထုပ်စီဆွဲထားပြီး ဟိုငေးဒီငေးနှင့် လူတစ်ယောက်က သူမရှိရာဖက်သို့ လာနေပါသည်။

သည်လူနှင့် ဒုတိယအကြိမ်ပြန်တွေ့ပြန်ပြီလို့။ သည်အချိန်မှာ မငြိမ်းက သူမလက်ကိုဆွဲကာ ပြန်ဖို့လုပ်သည်။

□

သည်နေ့လည်း ရဲရင့်တစ်ယောက် တော်ဝင်စင်တာကို ဈေးဝယ်လာပြန်သည်။ မိခင်ဖြစ်သူ ဒေါ်မေသက်ထားက မအားသဖြင့် ဝယ်ခိုင်းလို့ ဖြစ်သည်။

ဝယ်ရတာကလည်း ဟိုဟာနည်းနည်း ဒီဟာနည်းနည်းနှင့်။ ဒါတွေက အိမ်နားက ဈေးမှာ ဝယ်လို့ရတာ သိလျက်သားနှင့် လူတွေများစည်ကြီးရာကို သိပ်ပြီးခံတွင်းတွေ့ချင်တာပဲလို့။ ကိုယ်က သူများလိုဆိုင်မလုပ်ရလျှင်ဘဲ ခေတ်နောက်ကျတော့မလို ဖြစ်သည်။

သည်လိုမှန်းသိလျှင် ဝင်းထူးနှင့် လွင်မင်းလတ်ပါ အဖော်ခေါ်ခဲ့လျှင် ပြီးရောလို့။ တစ်ဆိုင်ဆိုင် ဝင်ထိုင်ရုံပဲ။

အခုတော့ တစ်ယောက်တည်း ချီတက်၊ လွင့်ရုံသာ ရှိတော့သည်။

ရဲရင့်လည်း ဟိုသည်တွေးရင်း မိန်းမအင်္ကျီရောင်းသည့် ဆိုင်နားသို့ ရောက်လာသည်။

ထိုအချိန်မှာပဲ အမျိုးသမီးနှစ်ယောက်အနက်တစ်ယောက်တာ ဆိုင်ရှေ့က အထွက်မှာ သူ့ကိုဘေးတိုက်ဝင်တိုက်မိသလို ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကာ ရဲရင့်လက်ထဲကိုင်လာသော အထုပ်နှစ်ထုပ်က လွတ်ကျသွားပြီး ရဲရင့်လည်း လဲကျမလိုဖြစ်သဖြင့် ကိုင်မိကိုင်ရာ ကိုင်လိုက်တာ မိန်းမ အင်္ကျီဆိုင်မှာ အပေါ်ယံအင်္ကျီဝတ်ထားပြီး ထောင်ထားသော မိန်းမအရုပ် ကို ကိုင်မိလျက်သားဖြစ်ပြီး လဲကျသွားသည်။ မိန်းမအရုပ်ကြီးကို ဖက် လျက်သား ဖြစ်သွားသည်။

ထိုမြင်ကွင်းကိုကြည့်ပြီး အနီးနားက လူတွေက ဝိုင်းရယ်ကြသည်။

ရဲရင့် တော်တော်ဒေါသထွက်သွားပါသည်။ လဲကျနေသော မိန်းမ အရုပ်ကြီးကို ပြန်ထောင်ကာ အထုပ်နှစ်ထုပ်ကို လက်ကတစ်ဖက်စီဆွဲယူ လိုက်ပြီး စောစောက သူ့ကိုဝင်တိုက်သော အမျိုးသမီးကို ကြည့်လိုက်သည်။

“ဩော် . . . ခင်ဗျားပါလား၊ ဒီတစ်ခါ ခင်ဗျားမှားတာ၊ အမြင် အာရုံလေးဘာလေး မှုန်ဝါးနေရင် အမေရိကန်ဗွီးရှင်းလေးဘာလေး သွား ပြဦး၊ မျက်စိဆိုတာ အန္တရာယ်မဖြစ်ဖို့ ကြည့်ဖို့ဗျ”

ရဲရင့်ပြောလိုက်သဖြင့် နှောင်းခင်ခင် နည်းနည်း‘တင်း’သွားပါ သည်။ မမငြိမ်းကတော့ ဘာဆိုဘာလုပ်ရမှန်းမသိပုံစံမျိုး ဖြစ်နေသည်။

“ရှင်ကကော နည်းနည်းပါးပါး သတိထားပေါ့၊ လမ်းမှာဆို ကားတိုက်လို့ ပွဲကပြီးပြီ၊ ကျွန်မလည်း အမြင်အာရုံချို့ယွင်းလား၊ ရှင်ပဲ အမြင်အာရုံချို့ယွင်းလား ပြန်စဉ်းစား၊ ဘာလဲ . . . ဒီတစ်ခါ ရှင်က အလျော်ပြန်တောင်းဦးမလို့လား၊ ဘာလဲ . . . တော်ဝင်စင်တာထဲမှာ ဒီလိုမျိုး လုပ်စားနေကျလား”

နှောင်းခင်ခင်စကားက ရဲရင့်ရင်ဝကို တန်းထိသွားပါသည်။

“ခင်ဗျားစကားပြောရင် လူတစ်ယောက်ရဲ့ပုံပန်းသဏ္ဌာန်ကိုကြည့် ပြီးမှပြော၊ ခင်ဗျားကလည်း မှားသေးတယ်၊ အထက်စီးလေသံနဲ့ တော်ပြီ ဗျာ . . . လူတွေဝိုင်းကြည့်နေတယ်၊ ဒါရုပ်ရှင်ဗွီဒီယိုဇာတ်ဝင်ခန်းရိုက်နေ တာ မဟုတ်ဘူး၊ ခင်ဗျားနဲ့ ဆက်စကားပြောရင် တန်ဖိုးရှိတဲ့အချိန်တွေ ကုန်မယ်၊ လေတွေ ကုန်မယ်၊ လုပ်စရာတွေက အများကြီးရှိသေးတယ် ဘဝမှာ ပြန်မရတာ အချိန်ဗျ၊ အချိန်ကို အချိန်လို့မသိသူတွေကတော့





ဒီလိုပဲ နှုတ်သီးကောင်း လျှာပါးနဲ့ ရန်တွေ့ဖို့လောက်သာ သိကြတာကိုး”

“ဒီမှာ . . . ရှင် . . . ဘာစကားပြောတာလဲ၊ ဒါ သက်သက် တင်စီးပြောသွားတာ”

ရဲရင့်က ပြောပြီး နှောင်းခင်ခင်အား လှည့်တောင်မကြည့်ဘဲ ထွက်သွားတာ နှောင်းခင်ခင်က ဒေါသဖြစ်ကျန်ရစ်ခဲ့ပါသည်။

“ဒီကောင်လေး မဆိုးဘူး၊ နှောင်းလိုလူမျိုးကို အချက်အလက်နဲ့ နိုင်အောင် ပြောသွားတာ”

“မမငြိမ်းနော် . . . အဲဒါ မမငြိမ်းကြောင့် ဖြစ်ရတာ၊ လာ . . . သွားမယ်”

နှောင်းခင်ခင်က မမငြိမ်းလက်ကို အတင်းဆွဲပြီး ထွက်ခွာလာတာ စောစောက သူမနှင့် ဒုတိယအကြိမ်မြောက် တွေ့ဆုံရန်ဖြစ်ခဲ့သည့် သူက ဘယ်ကိုရောက်သွားသလဲမသိလို့ သူမစိတ်ထဲကနေ ပြောနေမိပါသည်။

❑

“ထားရေ . . . ထားရဲ့သားက တစ်ခါမှ မိန်းကလေးအကြောင်း မပြောဘူးတာ၊ ဒီနေ့တော့ သူတွေ့ကြုံခဲ့တာကို ပြန်ပြောပြနေပါလားကွ၊ ထူးတော့ ထူးလာပြီပေါ့”

ညနေထမင်းစားချိန်မှာ ရဲရင့်က တော်ဝင်စင်တာမှာ ဖြစ်တာ တွေကို ပြောပြတော့ ဦးခင်မောင်ရင်က အံ့အားတသင့်နှင့် ဒေါ်မေသတ် ထားကို ပြောပါသည်။

“သားပြောပုံအရဆို အဲဒီကောင်မလေးနဲ့ သားက နှစ်ခါတောင် တွေ့ပြီး ပြဿနာဖြစ်တယ်ဆိုတော့ အဲဒီကောင်မလေးက ခပ်စွာစွာနဲ့ အဆင့်အတန်းမရှိတဲ့ထဲက ဖြစ်နေဦးမယ်နော်”

“ထားကလည်းကွာ၊ ထားကောက်ချက်ချတာက မရိုးမွန်းဘူး ထား လူပျိုအပျို ရှက်စိတ်မွန်ပြီး ပြောတာမျိုး ဖြစ်မှာပါ၊ သား . . . ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ချောလား”

ဖခင်ဖြစ်သူအမေးကြောင့် ရဲရင့်ဘာဖြေရမှန်း မသိပါ။ သူနှင့်ရန်ဖြစ်ခဲ့သည့် အမျိုးသမီးလှသလား၊ မလှဘူးလားဆိုတာ သူက သေသေချာချာပင် မကြည့်မိ။

“ကျွန်တော်လည်း သူနဲ့စကားများနေတာနဲ့ လှသလား၊ မလှသလားတောင် မကြည့်မိပါဘူး အဖေရာ”

“ငါ့သား ရဲရင့် . . . မင်းတော်တော်ညံ့တာပဲ၊ ဒီနေရာမှာတော့ မင်းအဖေ ငါက သာသွားပြီ၊ မင်းအမေနဲ့အဖေ ကျောင်းမှာ မောင်မယ်သစ်လွင်ပွဲမှာတွေ့တယ်၊ မင်းရဲ့အမေကို အဖေတစ်ချက်ပဲ ကြည့်တယ်၊ မင်းရဲ့အမေအလှကိုမြင်ပြီး တစ်ခါတည်း သိမ်းပိုက်လိုက်တာ မင်းအစ်ကိုလင်းရင့်နဲ့ မင်းကိုမွေးတဲ့ဘဝကို ရောက်ပါရောလား၊ တစ်ကယ်တည်းကွာ . . . ကိုယ်နဲ့စကားများတဲ့ အမျိုးသမီးကို သေသေချာချာ မကြည့်ခဲ့ဘူးလို့”

“အဖေကြီးနော် . . . သားကို မဟုတ်တာတွေ မြှောက်ပေးမနေနဲ့၊ ဒါမျိုးက ဖူးစာပါမှ ရေစက်ဆုံမှ ဖြစ်တာ”

ဒေါ်မေသက်ထားက ဦးခင်မောင်ရင်ကို ပြန်ပြောပါသည်။

“အင်း! . . . ငါ့သားဇာတ်လမ်းက ဒီမှာတင် မဆုံးမှာတော့ သေချာတယ်၊ ဘာဖြစ်ဦးမလဲမသိဘူး ထားရေ”

ဦးခင်မောင်ရင့်စကားကို ရဲရင့်ဘာမှမှတ်ချက်မပေးပါ။ စားကောင်းသောက်ကောင်းနှင့် ထမင်းကိုသာ ဆက်စားနေပါသည်။

□

“အင်း . . . သမီးက မမငြိမ်းနဲ့သွားကာမှ ဒုတိယအကြိမ်ထပ်ပြီးတွေ့ပြန်တယ်၊ မတော်တဆဖြစ်ပြန်တယ်ဆိုတော့ သမီးနဲ့ အဲဒီကောင်လေးရဲ့ ကံကြမ္မာက နည်းနည်းထူးနေသလိုပဲနော်”

တော်ဝင်စင်တာမှာ ဖြစ်ပျက်ခဲ့တာကို နားထောင်ပြီး ဦးမင်းခင်က မှတ်ချက်ချပါသည်။





“ထူးသလား၊ မထူးသလားတော့ မသိဘူး၊ နှောင်းကတော့ ‘သင်း’ တို မကျေနပ်ဘူး၊ သက်သက်စကားလုံးနဲ့ အနိုင်ယူသွားတာ၊ လူကပဲ အချိန်တွေကို အလဟဿဖြုန်းတီးတဲ့သူကျနေတာပဲ၊ သူ့ကိုယ်သူ ဆရာကြီးရုပ်ရည်နဲ့ လူမျိုးကျနေတာပဲ၊ လူကြည့်တော့ နှောင်းနဲ့မတိမ်းမယိမ်းရယ်”

“သမီး . . . ဘာလဲ မာမီ့သမီးက အဲဒီကောင်လေးကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သေးတယ်ပေါ့ . . . ဟုတ်လား”

ဦးမင်းခင်နှင့် ဒေါ်ဝတ်ရည်ခင်တို့ ပြောသောစကားကို နှောင်းတပြန်ပြောတော့ ဦးမင်းခင်၊ ဒေါ်ဝတ်ရည်ခင်သာမက မမငြိမ်းကပါ ရယ်ပါသည်။

“ငြိမ်း အကဲခတ်မိသလောက်ကတော့ ကောင်လေးက ရုပ်ရည်ခပ်သန့်သန့်ပါပဲ၊ အဲ . . . သူ့မျက်လုံးတွေက ထူးခြားတယ်၊ ပြောရင်ပြောတဲ့အတိုင်းလုပ်မယ့်သူမျိုး ဖြစ်လိမ့်မယ်”

“မမငြိမ်းရယ် . . . မမငြိမ်းကလည်း အပျိုကြီးဖြစ်လို့သာပဲ၊ တစ်ခါတည်း မိန်းမတန်မယ့် ယောကျာ်းလေးတစ်ယောက်ကို ကြည့်လိုက်တာပဲနော်”

“မကြည့်လို့ မရဘူးလေ နှောင်းရဲ့၊ ကိုယ့်မျက်စိရှေ့မှာ မြင်နေရတာလေ၊ နှောင်းရယ် . . . တစ်ခါတလေတော့လည်း ကိုယ်ကချည်း သူများကို ပြောလာတာ တစ်ခါတလေ ကိုယ့်ကိုပြန်ပြောတော့ ဘယ်လောက်အခံရခက်လဲ ဆင်ခြင်မယ်ဆို သင်ခန်းစာယူစရာချည်းပဲ”

“ဟော . . . မမငြိမ်းကပါ ဘာမှန်းမသိတဲ့လူဖက်က ပါနေပြန်ပြီ ဒါတောင် တစ်ခါပဲ တွေ့သေးလို့၊ ဘုရား! ဘုရား! . . . မမငြိမ်းများ အဲဒီလူကို ကြိုက်သွားပြီလား မသိဘူး”

“အမယ်လေး . . . ဦးလေးနဲ့အဒေါ်၊ နှောင်းက ငြိမ်းကို စွပ်စွဲနေပြန်ပြီ၊ လုပ်ကြပါဦး၊ တစ်ခါလေး ပြောမိပါတယ်၊ တကယ်တည်း အားနာစရာ ခံရတော့မယ့်အတိုင်းပဲ”

www.burmeseclassic.com



မမြင့်မ်းက သူ့စကားသူ သဘောကျပြီး ရယ်နေပါသည်။

"သမီးကို ဒယ်ဒီပြောမယ်၊ ဒီတစ်ခါ အဲဒီကောင်လေးနဲ့တွေ့ရင် သူ့ဖက်က လက်ဦးမှုမရခင် ကိုယ့်ဖက်က လက်ဦးမှုရအောင်သာ လုပ်ပေတော့၊ ဒါမှ သမီးကျေနပ်မှာ မဟုတ်လား"

"အို . . . ကိုကလည်း သမီးကို မြှောက်ပေးနေပြန်ပါပြီ"

ဦးမင်းဒင်စကားကို ဒေါ်ဝတ်ရည်ခင်က အတင်းဝင်ဟန့်တားလိုက်ပါသည်။

"စိတ်ချ ဒယ်ဒီ . . . ဒီတစ်ခါတော့ သူနဲ့သမီး တွေ့ဆုံမှုဟာ မတော်တဆတော့ ဖြစ်လိမ့်မယ်လို့ မယူဆတော့ဘူး၊ ကြုံချင်သလို ကြုံစမ်းပါ . . . နှောင်းတဲ့"

နှောင်းခင်ခင် ကြိမ်းဝါးတာကိုကြည့်ပြီး အားလုံးက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဘာတွေသဘောကျလို့လည်းမသိ ပြုံးလိုက်ကြသည်။

နှောင်းခင်ခင်ကတော့ လက်သီးဆုပ်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်လို့။

❑ ❑ ❑



ဘာဖြစ်လို့ ဓမ္မလျှော့နေပါသလဲ။

လူတွေဟာ

တစ်ခြားသောအရာတွေ

တိုက်ခိုက်မယ့်အစား

ကိုယ့်အတ္တရောဂါကို ချေမှုန်းသင့်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

သည်နေရာမှာထိုင်ရတာ တစ်ယောက်တည်းဆိုတော့ ဒေါင့်ကျ သဖြင့် မြင်ကွင်းတွေကို ခိုးကြည့်လို့ရသည်။

ကိုယ်ထိုင်နေတာ လူက မမြင်သဖြင့် ဘာကိုမှ မကြည့်ချင်ဘူး ဆိုလျှင် အေးအေးလူလူတွေးလို့ရတာလည်း ပါသည်။

ရဲရင့်ကတော့ ဖတ်လက်စစာအုပ်တစ်အုပ်ကို ဖတ်နေမိသည်။

စာအုပ်က ၂၀၀၈ ခုနှစ်က အမေရိကန်နိုင်ငံက ထုတ်ဝေသော 'စကားနပန်း' စာအုပ်ဖြစ်သည်။

အကြောင်းအရာပေါင်း (၁၂၅) မျိုးကို တစ်ဖက်စီ အချေအတင် စကားရည်လုကြခြင်း ဖြစ်သည်။

သူတို့ဆီက အယူအဆသစ်တွေကို သိရသဖြင့် အတော်လေး ဗဟုသုတရသည်။

"ရဲရင့်ရာ ရှာလိုက်ရတာ၊ မင်းက ဒီထောင့်မှာ ပုန်းပြီး စာဖတ် နေတာကိုး၊ လာ . . . ငါတို့နဲ့ အမြန်လိုက်ခဲ့၊ အရေးကြီးတယ်"

ရဲရင့် တော်တော်စိတ်ညစ်သွားသည်။ ဘယ်သူမှမမြင်အောင် အတန်းအားတုန်း စာဖတ်မည်ဆိုကာမှ သည်နှစ်ယောက် သည်နေရာ





ဘယ်လိုရှာဖွေတွေ့သွားသလဲ မသိပါ။

"ဘယ်သွားမလို့လဲကွာ၊ ဒီမှာ စာအုပ်ဖတ်ကောင်းနေကာမှ"

"ငါ့ကိစ္စမဟုတ်ဘူးကွ၊ လွင်မင်းလတ်ကိစ္စ"

ဝင်းထူးကပြောလို့ လွင်မင်းလတ်ကို သေသေချာချာကြည့်မိ တော့ လွင်မင်းလတ်လက်ထဲမှာ နှင်းဆီပန်းတစ်ပွင့်ကိုင်ထားပြီး မျက်နှာ က ပြုံးစိစိဖြစ်နေသည်။

"ဟုတ်တယ် ရဲရင့်ရ၊ ငါ့ရဲ့ Chatting ထဲက မစ္စစ်ရိုစ်နဲ့ ဒီနေ့ ချိန်းလိုက်တယ်၊ သူကလည်း ဒီကျောင်းကပဲ၊ တစ်ယောက်နဲ့တစ်ယောက် လူချင်းသိအောင် သူကလည်း နှင်းဆီပန်းကိုင်ထားပြီး စောင့်နေမယ်တဲ့၊ ငါထင်တာက သူလည်း တစ်ယောက်တည်းလာမှာမဟုတ်ဘူး၊ သူ့သူငယ် ချင်းတွေပါမှာ၊ ဒီတော့ ငါကလည်း မင်းတို့ကို စစ်ကူခေါ်ရတာ"

"ရဲရင့် လာပါကွာ၊ ဒီည ဘီယာဆိုင်မှာ ဒီကောင်ဒကာခံမှာ၊ ဒီအတွက် ဒီကောင်နဲ့ အဖော်လိုက်ပေးရတာ တန်မှာပါ"

"ဝင်းထူး . . . ဒီကောင်တိုက်မယ့် ဘီယာထက် ဒီကောင့်ရဲ့ အင်တာနက်ဇာတ်လမ်းကို စိတ်ပိုဝင်စားတယ်၊ ဒါကြောင့် ငါလိုက်မယ်"

ရဲရင့်က စားပွဲထိုးကို လက်ဖက်ရည်ဖိုးပေးပြီး ဝင်းထူး၊ လွင်မင်း လတ်တို့နှင့်အတူ ဆိုင်ထဲက ထွက်လာခဲ့သည်။

"လွင်မင်းလတ် . . . မင်းရဲ့မစ္စစ်ရိုစ်နာမည်အပြည့်အစုံကိုကော သိပြီလား"

"သိပြီ ရဲရင့်၊ ငါနဲ့ နေ့နံတူတယ်၊ ဗုဒ္ဓဟူးသမီးပဲ"

"လွင်မင်းလတ် . . . ဆင်နေတူမျှ ပူလောင်လှတဲ့ကွာ၊ သတိတော့ အားဦးနော်"

"ဝင်းထူးရာ . . . အခုမှ တွေ့မယ်ကြံသေး၊ မင်းရဲ့ဗေဒင်တိန်း ခန်းတွေကြောင့်တော့ အပျက်မခံနိုင်ဘူး၊ ဆင်နေတူမျှ ပူလောင်ပလေ့စေ ကြည်နူးမှုလေးတော့ စားသုံးပါရစေကွာ"

ရဲရင့်က လွင်မင်းလတ်ကို မုဒိတာပွားပေးနိုင်ပါသည်။ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ခံငွေကုန်ခံထားသမျှ သူမျှော်လင့်တာတွေ ဖြစ်လာပြီလေ။

❑

ဝင့်ဝါဦးကြည့်ရတာ သည်နေ့တော်တော်ပျော်နေပုံရသည်။ ဝတ်ထားစားထားတာ မင်းသမီးရှုံးသည်။ အင်တာနက်ထဲက Chatting ဝင်ရင်း ဆုံခဲ့သော သူနှင့် သည်နေ့တရားဝင်လူချင်းတွေ့ဖို့ ချိန်းလိုက်လို့ဖြစ်သည်။ သူတို့ချင်းဆုံမည့် သည်နေရာကနေ သူမလက်ထဲမှာ နှင်းဆီပန်းတစ်ပွင့်ကိုင်ထားရင်းက ရွှေလည်တိုင်တမော့မော့နှင့် ဖြစ်နေသည်။

"ဝင့်ဝါဦး . . . နင့်အင်တာနက်က လူက တော်ကြာရွှေမင်းသားလေးမဟုတ်ဘဲနဲ့ အသားမည်းမည်း၊ ထိပ်ပြောင်ပြောင်၊ သွားခေါခေါဗိုက်ရွဲရွဲ၊ အရုပ်ခပ်ပုပု ဖြစ်နေရင် ပြီးပြီ"

"ကလျာဌေး . . . နင်ပြောတာ ဘာကျန်သေးလို့လဲ၊ ရစရာတစ်ကွက်မှ မရှိတော့ဘူး၊ ငါစိတ်ကူးယဉ်တာလေးတွေတော့ ပျက်သုန်းကုန်ပါပြီဟာ"

ဝင့်ဝါဦးမျက်နှာက သိပ်မကောင်းဖြစ်သွားသည်။ ဟုတ်တော့ဟုတ်ပါ၏။ သူမမျှော်လင့်ထားသလို သူမတွေ့ချင်မှာပေါ့လေ။

"ဝင့်ဝါဦး . . . နင်နဲ့ အဲဒီအင်တာနက်ထဲက လွင်မင်းလတ်ဆိုတဲ့သူက တစ်ယောက်နဲ့တစ်ယောက် propose လုပ်ကြတာ နည်းနည်းတော့ ရင်ခုန်သံမပါသလိုဘဲနော်၊ နည်းနည်းပေါ့နေသလိုပဲ"

"ဒီလိုတော့ ပြောလို့မရဘူး မြမြမူရဲ့၊ အချစ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ကြုံဆုံကြတာချင်းမတူဘူး၊ အဲဒီမတူညီမှုအပေါ်မှာ ခံစားချက်ဆိုတာ လိုက်ပြောင်းကြတာ ဘယ်ဟာက မှန်တယ်မှားတယ် ပြောလို့မရဘူး"

"ဟဲ့ . . . နှောင်း၊ နင်က ရည်းစားလည်း မရှိဘဲနဲ့ သရုပ်ခွဲနေပါရောလား"





"ကလျာဌေးရယ် . . . ဒါကတော့ ကိုယ့်ရှေ့မှာ မြင်နေတွေ့နေရတဲ့ အတွေ့အကြုံတွေက နိဒါန်းရှိပြီးသားလေ"

နှောင်းခင်ခင်က ဝင့်ဝါဦးကို ကြည့်လိုက်ရင်းက . . .

"ဝင့်ဝါဦး . . . နင့်လက်ထဲက နှင်းဆီပန်း ငါ့ကိုပေး၊ နင့်လူရဲ့စိတ်ကို စမ်းကြည့်မယ်၊ နည်းနည်းတော့ နင်နဲ့ပထမဦးဆုံးစတွေ့မယ့်အချိန်မှာ ရင်ခုန်လှုပ်ရှားစရာမျိုးပေါ့ဟ"

"ကြည့်လည်းလုပ်ပါဦး နှောင်းရယ်၊ ငါက အခုမှ တွေ့ရမှာ"

"ဟဲ့ . . . ဒီလောက်လည်း အဖြစ်သည်းမနေနဲ့၊ မိန်းမဈေးကျသယ်၊ ပေးမှာသာ နှင်းဆီပန်းကို ပေးစမ်းပါ"

ဝင့်ဝါဦးက မပေးချင်ပေးချင်နှင့် နှင်းဆီပန်းကို နှောင်းခင်ခင်အားပေးလိုက်သည်။

နှောင်းခင်ခင်က လက်ထဲမှာကိုင်ထားသော နှင်းဆီပန်းကို ကြည့်နေမိသည်။

❑

လွင်မင်းလတ်၏အင်တာနက်ထဲက အမျိုးသမီးချိန်းထားသောနေရာက ကျောင်းသူလေးယောက်ရှိနေသော နေရာဖြစ်လိမ့်မည်။ လွင်မင်းလတ်ကလည်း အခိုင်အမာယောက်ခံသည်။

ရုတ်တရက် အမျိုးသမီးတစ်ဦးက အခြားအမျိုးသမီးလက်ထဲမှ နှင်းဆီပန်းကိုယူလိုက်တာ ရဲရင့်သတိထားကြည့်မိလိုက်သည်။

သေချာသွားပြီ။ နှင်းဆီပန်းလှမ်းယူလိုက်သော အမျိုးသမီးတသူနှင့်နှစ်ကြိမ်တိတိ စကားများခဲ့ဖူးသော အမျိုးသမီးဖြစ်နေသည်။ ထိုအမျိုးသမီးက အခြားအမျိုးသမီးလက်ထဲက နှင်းဆီပန်းကို ဘာကြောင့်ယူလိုက်ရသလဲမသိ။ အကြောင်းတော့ ရှိလိမ့်မည်။

"လွင်မင်းလတ် . . . မင်းလက်ထဲက နှင်းဆီပန်း ငါ့ကိုခဏပေး"



www.burmeseclassic.com

www.burmeseclassic.com



"ရဲရင့် . . . မင်းဘာလုပ်မလို့လဲ"

"ပေးမှာသာပေးပါ လွင်မင်းလတ်ရာ၊ မင်းအမှန်နဲ့အမှားကို သိအောင်ဖေါ်ပေးမလို့"

လွင်မင်းလတ်က ရဲရင့်လက်ထဲ နှင်းဆီပန်းကို ပေးလိုက်သည်။

ရဲရင့်က နှင်းဆီပန်းကိုကိုင်ပြီး ကျောင်းသူအမျိုးသမီးလေးဦး ရှိရာသို့ ရှေ့ကနေသွားလိုက်သည်။

❑

"ဟဲ့ . . . နှောင်း၊ ဟိုမှာ လာနေပြီ၊ နင့်ဆီကို"

လက်ထဲနှင်းဆီပန်းကိုင်ထားသူက နှောင်းခင်ခင်တို့ရှိရာ လာနေသဖြင့် ကလျာဌေးက လက်ညှိုးပြသဖြင့် နှောင်းခင်ခင်ကြည့်မိသည်။

"ဟင်! . . . သူ . . . သူပါလား"

နှောင်းခင်ခင် ဘယ်လိုမှမထင်ထားပါ။ သူနှင့် နှစ်ကြိမ်တိတိ စကားများခဲ့ဖူးသူက လက်ထဲနှင်းဆီပန်းကိုင်ပြီး သူမရှိရာသို့ လာနေပါသည်။

သူမဘာလုပ်ရပါ့မလဲ။ ထိုလူက ဝင့်ဝါဦးနှင့် အင်တာနက်ထဲ Chatting ပြောရင်း ချစ်သူဖြစ်သွားသူလား စသဖြင့် မေးခွန်းတွေ ထုတ်နေမိသည်။

"ရှီစ် . . . ကိုယ်လေ . . . ကိုယ်ပါ၊ ဘယ်လိုမှ မထင်ထားဘူး ရှီစ်ရယ်၊ ဒီမှာ ကိုယ်တို့သင်္ကေတ နှင်းဆီပန်းလေ"

"အို! . . . အို! . . . ဘာလို့ ကျွန်မကိုဖက်တာလဲ၊ လွှတ် . . . လွှတ် . . . လွှတ်ပါ"

နှောင်းခင်ခင် ဘယ်လိုမှ မထင်ထားပါ။ သူမကို နှင်းဆီပန်းပြပြီး ထိုလူက လူကြားထဲမှာ ပြေးဖက်ပါသည်။ နှောင်းခင်ခင် ကြက်သီးတွေထသွားပါသည်။ လူလည်း ဘယ်လိုဖြစ်သွားမှန်း မသိပါ။ ခန္ဓာကိုယ်တစ်ခု





လုံး ထူပူသွားပါသည်။ ရင်တွေလည်း တုန်ခါသွားသည်။ သူမကို ဖက်ထားတာ အတင်းရုန်းထွက်လိုက်ရသည်။

"မှားပြီ . . . မှားနေတယ်၊ ကာယကံရှင်က တို့ပါ"

"ဟော့ကောင် ရဲရင့် . . . ငါ့နှင်းဆီပန်း ပြန်ပေး၊ ဒီမှာ လွင်မင်းလတ်ဆိုတာ ကျွန်တော်ပဲ"

ဝင့်ဝါဦးက နှောင်းခင်ခင်လက်ထဲမှ နှင်းဆီပန်းကို ဆွဲယူလိုက်ပြီး ရှင်းပြသလို လွင်မင်းလတ်ကလည်း ရဲရင့်လက်ထဲမှ နှင်းဆီပန်းကို ဆွဲယူပြီး ရှင်းပြလိုက်သည်။

"ရှင် . . . ဘယ်လိုလုပ်တာလဲ"

"ခင်ဗျားကကော ဘာလုပ်တာလဲ"

"ဘာလုပ်လုပ် ရှင်ဖက်စရာလား"

"ဒါကတော့ ကျွန်တော့်သူငယ်ချင်းနဲ့ သက်ဆိုင်သူဟုတ်မဟုတ် မေးသပ်ကြည့်ရတာပေါ့ဗျာ၊ ကျွန်တော့်အလွန်တော့ မဟုတ်ပါဘူး၊ ကျွန်တော့်သူငယ်ချင်းက တစ်ဘဝလုံး ချစ်ရမှာလေ"

"လာလာချည်သေးရဲ့၊ ကျွန်မသူငယ်ချင်းလည်း ဒီလိုပဲပေါ့၊ ရှင်တို့ယောကျ်ားတွေက ယုံရတာမှမဟုတ်တာ"

"ယောကျ်ားတွေလို့ မပြောပါနဲ့ ယောကျ်ားထုသိက္ခာကျတယ်"

ရဲရင့်နှင့် နှောင်းခင်ခင်စကားများနေတာကိုကြည့်ပြီး လွင်မင်းလတ်က . . .

"ရဲရင့်ရာ . . . တော်ပါတော့ကွာ၊ ဒီမှာ ငါတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် မိတ်မဆက်ရသေးဘူး၊ မင်းတို့က ရန်ဖြစ်နေတယ်လို့"

"ဟုတ်တယ် . . . နှောင်းခင်ခင်၊ ငါမလည်း အခုမှတွေ့တဲ့သူကို ဘာကဘယ်လို စကားစပြောရမှန်း မသိဘူး၊ နင်တို့ကလည်း တွေ့တွေ့ချင်း . . ."

"ဝင့်ဝါဦး . . . တွေ့တွေ့ချင်းမဟုတ်ဘူး၊ သူနဲ့က သုံးခါရှိပြီ"

www.burmeseclassic.com



"ဟယ် . . . သုံးခါတောင် ဟုတ်လား"

နှောင်းခင်ခင်စကားကြောင့် သူငယ်ချင်းမသုံးဦးစလုံး အံ့အားသင့်သွားပါသည်။

"ကဲ . . . လွင်မင်းလတ်ကော ဒီကကော . . . ဒီက သူငယ်ချင်းတွေပါ လာပါ၊ တွေ့တဲ့အထိမ်းအမှတ်နဲ့ ကင်တင်းသွားရအောင် ပျော်ပျော်ပါးပါးပေါ့"

"ဝင်းထူး . . . မင်းတို့ဖာသာသွား၊ လွင်မင်းလတ်ကိစ္စလည်းပြီးပြီ၊ ငါ့ကို ဖယားမည့်ိနဲ့၊ ငါမျက်စိရှုပ်နားရှုပ်တဲ့ ဒဏ်မခံနိုင်ဘူး"

"ရှင်စကားကို ရှင့်ဖက်လိုရာမပြောနဲ့၊ ကျွန်မလည်း ဒီအတိုင်းပဲဝင့်ဝါဦး . . . နင်တို့ဖာသာနင်တို့ နေခဲ့တော့"

နှောင်းခင်ခင်က ရဲရင့်စကားကြောင့် ဒေါသထွက်ပြီး ပြောရင်းက ထွက်သွားသလို ရဲရင့်ကလည်း ထွက်သွားပါသည်။

ဟိုဘက်ဒီဘက် ကျောခိုင်းထွက်သွားသော ရဲရင့်နှင့် နှောင်းခင်ခင်ကိုကြည့်ပြီး ကျန်ခဲ့သည့်လူတွေက ဘာပြောရမှန်းမသိအောင် ဖြစ်နေပါတော့သည်။

နောက်မှပဲ ခရေစေ့တွင်းကျ မေးတော့မည်ဟု . . .။

❑ ❑ ❑



**အချိန်ကာလ စာမျက်နှာတွေထဲမှာ**

**မင်းနဲ့ငါက**

**အကြောင်းအရာတွေ တစ်ခုပြီးတစ်ခု**

**ရေးထိုးမှတ်တမ်းတင်နေခဲ့တာ။**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သူငယ်ချင်းမသုံးဦးက နှောင်းခင်ခင်ပြောသမျှကို စိတ်ဝင်တစား နားထောင်နေကြတာ ဘာထင်မြင်ချက်မှ ဝင်မပေးပါ။ နှောင်းခင်ခင်က တော့ သူမပြောသည့် လေသံတွေက မခံချင်စိတ်တွေ ဒေါသစိတ်တွေ ပေါက်ဖွားသထက် ပေါက်ဖွားလို့နေသည်။ သူမကို သူငယ်ချင်းမတွေကော ယောက်ျားလေးနှစ်ယောက်ရှေ့မှာပါ အသားလွတ်တင်တင်စီးစီးလုပ်သွား သော သူကို ဘယ်လိုမှ မကျေနပ်နိုင်။ ပညာတော့ ကောင်းကောင်းပေး မည်ဟု ဆုံးဖြတ်ထားသည်။

"နှောင်း . . . ဒီလိုဖြစ်တာ နင့်ကြောင့်၊ နင်က ငါ့ရဲ့နှင်းဆီပန်း ကိုသာ မယူထားရင် ဟိုက ဒီလိုလုပ်မှာ မဟုတ်ဘူး၊ အဲဒီ ရဲရင့်ဆိုတဲ့သူ က နင်နဲ့ပြဿနာဖြစ်ဖူးတော့ နင့်ကို တမင်တကာ မခံချင်အောင် စချင် လို့ပဲဖြစ်မယ်၊ ကိုလွင်မင်းလတ်ကလည်း ပြောတယ်၊ နှောင်းက နှင်းဆီ ပန်းကို ငါ့ဆီကနေယူမှ ရဲရင့်ကလည်း သူ့လက်ထဲကနေ ယူသွားတာတဲ့"

"ယူယူပေါ့ဟာ . . . လူကို ပြေးဖက်စရာလား၊ ငါ အဲဒီအငိုက်မိ သွားတာ၊ အဲဒါကို မခံမရပ်နိုင်ဖြစ်နေတာ"

ဝင့်ဝါဦးက ရှင်းပြပေမယ့် နှောင်းခင်ခင်က မကျေမနပ်နိုင်သော





ပါ။ သူမမျက်ဝန်းထဲမှာ ရဲရင့်နှင့် တွေ့ဆုံခဲ့သော မြင်ကွင်းများကိုသာ မြင်ယောင်နေပါသည်။

"နှောင်း . . . ရဲရင့်ကိုတော့ နှောင်းနဲ့လာပတ်သက်တဲ့လူတွေ လိုမျိုး လျှော့မတွက်နဲ့နော်၊ သူက အကင်းပါးတယ်၊ ထက်တယ်တဲ့၊ စာ လည်း သိပ်ဖတ်တာ၊ ပြီးတော့ သူငယ်ချင်းတွေက အကြံညာဏ်တောင်း ရင်လည်း အကူအညီပေးတယ်လို့ ဝင့်ဝါဦးရဲ့လူ လွင်မင်းလတ်က သူ့သူငယ်ချင်းဝင်းထူးကပါ ပြောတယ်နော်"

"မြမြမူ . . . နှောင်းနဲ့ရဲရင့်ရဲ့ဇာတ်လမ်းက ဒီမှာတင် ပြီးဦးမှာ မဟုတ်ဘူး၊ ဝင့်ဝါဦးရဲ့အင်တာနက်ဇာတ်လမ်းနောက်ဆက်တွဲတွေကတော့ ဘယ်လိုလာဦးမလဲ မသိဘူး"

မြမြမူစကားအဆုံးမှာ ကလျာဌေးက ဝင့်ဝါဦးကို . . .

"နေပါဦး ဝင့်ဝါဦးရဲ့၊ နင်ကကော နင့်ရဲ့လွင်မင်းလတ်ကို ချစ် သွားပြီလား၊ နင့်ဟာက တက္ကသိုလ်မှာ ပညာရှာတာ ကြင်ယာကိုအင်တာ နက်က ရှာသလိုဖြစ်နေပြီနော်"

"ပထမတော့ သူနဲ့ကိုယ်နဲ့ Chatting ထဲကနေ မိတ်ဆွေဖွဲ့တာပဲ၊ နောက်တော့ Chatting ထဲက သူ့စကားလုံးတွေကို သာယာလာပြီး သူက ဘယ်လိုမျိုးလဲလို့ စိတ်ဝင်စားလာမိတယ်၊ အချစ်ဆိုတာ ဆန်းကြယ်တယ် ဟာ နင်တို့ မကြုံဘူးသေးတာနဲ့ တကယ်ချစ်တာကို မတွေ့သေးလို့ပါ၊ အချစ်ဆိုတာ ကိုယ်ကချစ်ပြီး သူ့ဆီကနေ တုန့်ပြန်တဲ့အချစ်မရဘဲ အချစ် ခံပြီးခါမှ နောက်လူတစ်ယောက်က ကိုယ့်ကိုချစ်ပါတယ်လို့ ပြောတဲ့အခါ ကိုယ့်အတွက် မျှော်လင့်တာမရခဲ့သလို မမျှော်လင့်တာရခဲ့ပါလားလို့ သုံး သပ်မိမယ်၊ လွင်မင်းလတ်နဲ့ ငါကျတော့ ကံပေါ့ဟာ၊ သူ့မှာ သင့်တင့်တဲ့ ရုပ်ချောရှိတယ်၊ ပညာရှိတယ်၊ ဘာလိုသေးလဲ၊ ဘဝမှာ များများမျှော်မှန်း ရင် များများရင်မောရမယ်၊ အခုတော့ သူ့ကိုချစ်လို့ ငါရင်ချောင်နေပြီ ပေါ့ဟာ"

ဝင့်ဝါဦးက ထိုစကားကို ပြောနေချိန်မှာ သူမလေသံတွေထဲ



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်မှု၊ အားရမှု၊ ပီတိဖြစ်မှုတွေ ဖြစ်ပေါ်နေပါသည်။

နှောင်းခင်ခင် စဉ်းစားမိပါသည်။ အချစ်ဆိုတာ ဝင့်ဝါဦးဖြစ်ပေါ်နေသလို ခံစားမှုမျိုးကို ပေးသလားဆိုတာပါပဲ။

"ဝင့်ဝါဦးရယ် . . . နင်နဲ့ လွင်မင်းလတ်နဲ့ ချစ်သူတွေဖြစ်ကြတာဖြင့် သုံးလေးရက်သာ ရှိသေးတယ်၊ နင့်ရဲ့အတွေးအခေါ်တွေက မြင့်လာပါလားဟ"

"ဟုတ်တယ် မြမြမူ၊ အချစ်ဆိုတာ မြင့်မားလာတာပါပဲ၊ အဲဒါကသူနဲ့ကိုယ် နှစ်ကိုယ်တူ သာယာတဲ့ဘဝကို တည်ဆောက်ချင်တယ်၊ အဆင်ပြေချင်တယ်၊ အနာဂတ်လမ်းကို ဖြောင့်ဖြူးချင်တယ်၊ ဒီတော့ ကြိုးစားမှုတွေ ဖြစ်လာတယ်၊ တွန်းအားတွေ ဖြစ်လာတယ်၊ ငါ့ဘဝရဲ့တွန်းအားဟာ လွင်မင်းလတ်ဖြစ်သလို လွင်မင်းလတ်ရဲ့တွန်းအားဟာ ငါပဲလေ၊ နင်တို့ အချစ်မရသေးလို့ပါ၊ ရလာရင် ငါ့ထက်တောင် ဆိုးမလား မသိဘူး"

အားလုံးက ဘာမှပြန်မပြောပါ။ သူတို့လေးယောက်အုပ်စုမှာ စောစီးစွာ ဈေးဦးပေါက်သွားသည့် ဝင့်ဝါဦးတစ်ယောက် အချစ်ဒီရေ မြင့်သထက်မြင့်နေလို့ ငြင်းပြန်ရင်လည်း လေသာကုန်မှာမို့ အားလုံးက လက်လျှော့လိုက်ကြပါသည်။

❑

ကလျာငွေးနှင့် မြမြမူတို့များ သည်နေ့ကျောင်းပိတ်ရက်မှ မနက်စောစောစီးစီး ဖုန်းဆက်ပြီး အိမ်ကိုရောက်လာသည်။ အလှအပပစ္စည်းလေးဘာလေး စင်တာမှာ သွားဝယ်မည်။ ပြီးတော့ မုန့်လေးဘာလေးစားမည်ဆိုပြီး ပြောပါသည်။

သည်တော့လည်း နှောင်းခင်ခင်တစ်ယောက် လှတပတလေး ဝတ်စားပြီး အိမ်ကနေ ထိုင်စောင့်နေမိသည်။ မရွှေချောနှစ်ယောက်တာ မနက်ဆယ်နာရီမှ အိမ်ရောက်လာသည်။





"နှောင်းရေ . . . တို့လည်း မပြင်လို့၊ မဆင်လို့ မရတော့ဘူးတော်ကြာ ရှေ့နှစ်ကျောင်းပြီးသွားမှ ကျန်ရစ်အဖြစ် မခံနိုင်တော့ဘူး၊ ဝင့်ဝါဦးက ဖြတ်တက်သွားပြီလေ"

ကားမောင်းနေသော နှောင်းကို ကားနောက်ခန်းကနေ ကလျာငွေးက ပြောသဖြင့် နှောင်းခင်ခင်က ပြုံးရင်း . . .

"နင်တို့ကလည်းလေ ရည်းစားထားတာများ၊ ချစ်သူရှာတာများ ရေကြီးခွင်ကျယ်လုပ်လို့၊ တို့လိုမိန်းမသားတွေကို ချစ်ချင်တဲ့သူတွေမှ ပေါလို့၊ ဘဝမှာ အချစ်ဆိုတာ လူတစ်ယောက်အတွက် တစ်ရာရာခိုင်နှုန်းမှာ နှစ်ဆယ်ရာခိုင်နှုန်းလောက် အရေးပါတာပါ၊ လူ့ဘဝမှာ ကျန်တဲ့ရှစ်ဆယ်ရာခိုင်နှုန်းက လုပ်စရာတွေ အများကြီးပဲရှိတယ်"

"နှောင်း . . . နင်စကားကို အကုန်မပြောနဲ့နော်၊ နင်တကယ်ချစ်တဲ့သူ မတွေ့သေးလို့ပါ"

"ဟုတ်တယ် မြမြမူ၊ နှောင်းချစ်တဲ့သူ တွေ့လာမှ ဘယ်လိုစကားသံတွေ ထွက်လာမလဲ စောင့်ကြည့်ဦးမယ်"

"စောင့်ကြည့်လေ . . . နင်တို့အသက်သာ ကြီးသွားမယ်နော်၊ ငါခံယူထားတဲ့ ချစ်သူမျိုးက မမွေးဖွားလာသေးဘူးထင်တယ်"

ကားက စင်တာရှေ့ရောက်လာသဖြင့် ကားပါကင်ရှိရာသို့ နှောင်းခင်ခင်က ကားကိုမောင်းဝင်လိုက်သည်။

❑

သည်နေ့တော့ ထိထိုးရမည်။

ဝင်းထူးတစ်ယောက် တစ်ခါဖူးမှ ပလာဇာတွေ၊ စင်တာတွေမှာ ဈေးမဝယ်ဘူး။ သူက ဘာစိတ်ကူးပေါက်သည်မသိ ရဲရင့်ဆီရောက်လာသည်။

သူ့အိမ်က အဖေနှင့်အမေက သူတို့ကိုးကွယ်သော ဘုန်းကြီးကျောင်းက ဆရာတော်မွေးနေ့မှာ ဆရာတော်က မွေးနေ့အတွက် အခြား



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတိုက်မှ ဆရာတော်တွေကို ဆွမ်းပင့်ကျွေးသည့်အလှူအဖြစ် ဆွမ်းလာဘုန်းပေးသော ဆရာတော်များအား လှူချင်သဖြင့် သွားတိုက်ဆေး၊ သွားပွတ်တံနှင့် ဆပ်ပြာတွေကို ဝယ်ခိုင်းခြင်း ဖြစ်သည်။

စင်တာသို့ သွားလေ့သွားထရှိသော ရဲရင့်ကို လာအကူအညီတောင်းခြင်း ဖြစ်သည်။

"ဝင်းထူးရာ . . . အဲဒါတွေက ဈေးမှာ ဖေါက်သည်ဝယ်လည်း ရရဲ့သားနဲ့၊ မင်းတို့အဖေနဲ့အမေက ငါ့အမေအတိုင်းပဲ၊ နာမည်ကြီးတဲ့နေရာကဝယ်မှ ပစ္စည်းထင်နေသလား မသိဘူး"

"မသိပါဘူးကွာ၊ ဝယ်ဆိုတော့လည်း ဝယ်ရတာပေါ့၊ အေးကွာ . . . လွှင်မင်းလတ်ပါလာရမှာ၊ ခက်တာက ဒီကောင်က ရည်းစားရတော့ ငါတို့ရဲ့အချိန်တွေကို ရည်းစားဆီပေးလိုက်ပြီကိုး"

"ဟေ့ကောင် . . . အဲဒါဝမ်းနည်းစရာမဟုတ်ဘူး၊ ဒီကောင်အကျဉ်းကျသွားတာ၊ နောက်တစ်နှစ်လောက်ဆို ဘယ်လိုဖြစ်မလဲ စောင့်ကြည့်၊ သံဝေဂတရားတွေဘာတွေ ရလာလိမ့်မယ်"

စကားတပြောပြောနှင့် ရဲရင့်က ဝင်းထူးနှင့်အတူ စင်တာထဲက သွားတိုက်ဆေး၊ သွားပွတ်တံများရောင်းသည့် ဆိုင်များရှိရာသို့ လာခဲ့သည်။

ဆိုင်တစ်ဆိုင်သို့ ရောက်သောအခါ ရဲရင့်က ရပ်လိုက်သည်။

"ဝင်းထူး . . . မင်းကြိုက်တာသာပြောပြီး ဝယ်ပေတော့"

ဝင်းထူးက ဆိုင်ရှင်အမျိုးသမီးကို မေးနေစဉ်မှာ သူတို့လိုပဲ ဘေးနားမှာ အမျိုးသမီးသုံးဦးက ဝယ်နေသည်ကို သတိမထားမိပါ။

❑

ဆုံပြန်ပြီသည်လူနှင့်။

နှောင်းခင်ခင်က သွားတိုက်ဆေးဗူးဝယ်နေသော ကလျာဌေးနှင့်





မြမြမူတို့ဘေးနားမှာ ရပ်နေရင်းက အနီးအနားကို ယောက်ျားသားနှစ်ယောက်က ဈေးလာဝယ်သဖြင့် ကြည့်မိတော့ ရဲရင့်ကို တွေ့ရသည်။

ရဲရင့်က သူမကို မမြင်သေး။ သူနှင့်ပါလာသည့်သူကို ဘာပြောနေသလဲမသိ။ ဟိုကလည်း ဆိုင်ရှင်ကို မေးနေသည်။

"ဟယ် . . . ဝင်းထူး၊ ဘာလာဝယ်တာလဲ"

မြမြမူက ဝင်းထူးကို မြင်သွားသဖြင့် ဝမ်းသာအားရနှင့် နှုတ်ဆက်လိုက်သည်။

"အတော်ပဲ မြမြမူရေ . . . အိမ်က ကိုးကွယ်တဲ့ဘုန်းကြီးမွေးနေ့လှူချင်လို့ ဝယ်ခိုင်းတာ၊ ဘုန်းကြီးအပါးခြောက်ဆယ်စာ သွားတိုက်ဆေးကော သွားပွတ်တံကော ဆပ်ပြာတွေကော၊ လုပ်ပါဦးဟာ . . ဘယ်ဟာကောင်းသလဲလို့၊ နင်တို့က ဝယ်တတ်တာ၊ ဒါတောင် ရဲရင့်ကိုခေါ်လာလို့"

"ကလျာဌေးရေ . . . ဒီမှာ ဝင်းထူးတို့"

မြမြမူက ဝင်းထူးစကားအဆုံး ကလျာဌေးကို လှမ်းပြောလိုက်သည်။

"နှောင်းရေ . . . ဆုံမှ ငါတို့လာဆုံတတ်ရတယ်လို့"

ကလျာဌေးက ပြောသည့်အခါ နှောင်းခင်ခင်က ဝင်းထူးနှင့် ရဲရင့်ကို အကဲခတ်လိုက်သည်။ ဝင်းထူးကတော့ မြမြမူနှင့် ဆိုင်ရှင်အား ဘာတွေမေးပြီး ဘာပစ္စည်းတွေ ပြခိုင်းနေသလဲမသိ။

ရဲရင့်ကတော့ နှောင်းခင်ခင်တို့ကို မြင်လျက်သားနဲ့ တစ်ဖက်လှည့်ပြီး မသိချင်ယောင်ဆောင်နေသည်။

ရဲရင့်ကို ကြည့်နေရင်းနှင့် နှောင်းခင်ခင်ဘာကြောင့်မှန်း မသိ၊ အသည်းက ယားနေသည်။

"ရဲရင့် . . . မြမြမူကတော့ Close Up ပဲ ကောင်းတယ်တဲ့၊ အဲဒီသွားတိုက်ဆေးပဲ ယူလိုက်မယ်"

"ဝင်းထူး . . . ဘုန်းကြီးကိုလှူတာပဲ ဘုန်းကြီးက ဘာလှူလှူ ငြင်းမှာမဟုတ်ဘူး၊ တံဆိပ်ဆိုတာ လူတွေက လုပ်နေတာ၊ ကြိုက်တာလှူ



www.burmeseclassic.com

www.burmeseclassic.com



. . . ငါဘုန်းကြီးဆိုလည်း လှူတာယူမှာပဲ"

ဝင်းထူးက ဘာမှပြန်မပြောဘဲ မြမြမူနှင့် ဝယ်စရာရှိတာတွေကို ဝယ်နေပြန်သည်။

နှောင်းခင်ခင်ကတော့ ရဲရင့်စကားကြောင့် ဘယ်လိုဖြစ်မှန်းမသိ။ နည်းနည်းအမြင်ကပ်ချင်သလို ဖြစ်သွားသည်။

"နှောင်း . . . ဘယ်ဆပ်ပြာကောင်းမလဲ၊ နည်းနည်းအကြံပေးပါဦးဟ၊ ဝင်းထူးတို့အိမ်က လှူဖို့လေ"

"ကြိုက်တာရွေးပါဟာ၊ တော်ကြာ ငါ့စကားက အကုသိုလ်ဖြစ်မှာကြောက်လို့၊ သူများအလှူကို တစ်ချို့က ကိုယ်ထင်တာ ကိုယ်ပြောသလိုဖြစ်ပြီး ငရဲကျမှာစိုးလို့"

နှောင်းခင်ခင်က မြမြမူကို ပြောသလိုနှင့် ရဲရင့်ကို စောင်းပြီးပြောတာကို ရဲရင့်က သဘောပေါက်လိုက်သည်။

"ဒီမှာ . . . ခင်ဗျားစောင်းပြောမနေနဲ့ ဖြောင့်ပြော၊ ခင်ဗျားတို့မိန်းမတွေက ဟိုလူ့ခနဲ့သလို ဒီလူ့ခနဲ့သလိုနဲ့ ကျွန်တော့်ဘာသာကျွန်တော်နေနေတာ၊ ခင်ဗျား ဒီလိုပြောတာ လေမကုန်ဘူးလား"

"ရှင်က ယောကျ်ားဖြစ်ပြီး မိန်းမကျနေတာပဲ၊ ဆတ်ဆတ်ထိမခံနိုင်ဘူးပေါ့"

"ဘာဗျ . . . ယောကျ်ားမှန်းသိချင်လား၊ စမ်းကြည့်လိုက်လေ"

"ရှင် . . . ဘာစကားပြောတာလဲ"

ရဲရင့်နှင့် နှောင်းခင်ခင်တို့ စကားလုံးတိုက်ပွဲက ပြင်းထန်လာလို့ ကလျာဌေးကော ဝင်းထူးနှင့် မြမြမူပါ ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်ပါသည်။

နှောင်းခင်ခင်က ရုတ်ချည်းဆိုသလို ဘာစိတ်ကူးပေါက်သွားသည်မသိ။ သွားတိုက်ဆေးဗူးတစ်ဗူးကိုယူကာ အဖုံးဖွင့်လိုက်ပြီး သွားတိုက်ဆေးတွေ သူမလက်ပေါ် ညှစ်ချလိုက်သည်။ ပြီးတော့ သူမလက်နှစ်ဖက်နှင့် သွားတိုက်ဆေးတွေကို ပွတ်လိုက်ပြီး ရဲရင့်ဆီသွားကာ ရဲရင့်





မျက်နှာအား သွားတိုက်ဆေးတွေနှင့် ပွတ်လိုက်သည်။

"ဟ . . . ဟ . . . ခင်ဗျားဘာလုပ်တာလဲ၊ ဒါဘာလုပ်တာလဲ"

"နှောင်း . . . ဘယ်လိုတွေ ဖြစ်ကုန်တာလဲ"

"ရဲရင့် . . . မင်းကွာ . . . ဟား! . . . ဟား! . . . ဟား!"

နှောင်းခင်ခင်၏မထင်မှတ်သော လုပ်ရပ်ကြောင့် သွားတိုက်ဆေးတွေပေနေသော ရဲရင့်မျက်နှာကိုကြည့်ပြီး နှောင်းခင်ခင်အား ကလျာဌေးက အံ့အားတသင့်ပြောသလို ဝင်းထူးနှင့် မြမြမူတို့ကကြည့်ပြီး ရယ်နေကြသည်။ ရဲရင့်ကတော့ မထင်မှတ်ဘဲ ခံလိုက်ရသဖြင့် ဒေါသတော်တော်ထွက်သွားပုံရသည်။

"ဩော် . . . ခင်ဗျားက ဒီလိုလား၊ ရတယ်လေ"

ရဲရင့်က နှောင်းခင်ခင်အနားကပ်သွားပြီး စောစောတုန်းက နှောင်းခင်ခင်ဖွင့်ထားသဖြင့် ကျန်ရှိနေသော သွားတိုက်ဆေးကို သူ့လက်ညှိုးမှာ အနည်းငယ်ညှစ်လိုက်သည်။

"ခင်ဗျား ပိုလှသွားပြီ"

ရဲရင့်က နှောင်းခင်ခင်၏နှုတ်ခမ်းမှာ နှုတ်ခမ်းမွေးဆွဲသလိုမျိုး တစ်ဖက်ဒီဖက် တို့လိုက်သည်။

"ဟား! . . . ဟား! . . . ဟား! . . . အခုမှ ပိုလှသွားတယ်"

"ရှင်! . . . ရှင်! . . . "

"ရှင်တွေဘာတွေ လုပ်မနေနဲ့ ကြေပြီ၊ ခင်ဗျားတောင် ကျွန်တော့်ကို လုပ်သေးတာ၊ ခင်ဗျားတော်တော်လှသွားပြီ"

ရဲရင့်က နှောင်းခင်ခင်ကိုကြည့်ပြီး ရယ်ပါတော့သည်။ နှောင်းခင်ခင်လည်း ဘာပြန်ပြောရမှန်းမသိ။ သူမလုပ်ချင်တာလုပ်တာ ရဲရင့်မျက်နှာဖြူဖွေးနေလို့ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရပြီး သူမမျက်နှာသည်း ဘယ်လိုဖြစ်နေသလဲ မသိလို့။

"နှောင်း . . . လူမြင်လို့ မကောင်းဘူး၊ ရော့ . . . ဒီတစ်ရှူးနဲ့သုတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကလျာငွေးက တစ်ရှူးတစ်ခုကို နှောင်းခင်ခင်အား ပေးပြီး သုတ်နိုင်းပါသည်။

"ရဲရင့် . . . မင်းမျက်နှာလည်း လူမြင်လို့မကောင်းဘူး၊ ဟော့ကောင် . . . ဒီအတိုင်းသုတ်လို့ရမှာ မဟုတ်ဘူး၊ လာ . . . လာ . . . ရေသန့်ဗူးဝယ်ပြီး မျက်နှာသစ်ရအောင်"

"ဝင်းထူး . . . မင်းကိစ္စသာ မင်းပြီးအောင်လုပ်ပါကွာ၊ ငါ့ဖာသာ ငါသွားမယ်"

ရဲရင့်က ဆိုင်ကနေအထွက်မှာ နှောင်းခင်ခင်အားကြည့်ပြီး . .

"ခင်ဗျားလုပ်ချင်တာလုပ်လို့ ကျေနပ်သွားပြီ မဟုတ်လား၊ ပွဲက ဒီမှာမပြီးဘူးနော်၊ သေချာတာက ကျွန်တော့်ရဲ့အခုပုံကို ခင်ဗျားနှလုံးသားက ဓါတ်ပုံရိုက်ထားပြီးပြီ၊ ကျွန်တော့်အကြောင်း ခင်ဗျားစဉ်းစားတော့မယ်၊ ကျွန်တော့်ပုံရိပ်က ခင်ဗျားအတွေးထဲမှာ အမြဲတမ်းစိုးမိုးသွားပြီဆိုတာ ခင်ဗျားမှတ်ထားလိုက်ဦး"

"အံမယ် . . . ဖြစ်စရာလား . . . ဝေးသေး၊ ကိုယ့်စိတ်က⸺ အထင်တွေ မိုးပေါ်ရောက်မနေနဲ့"

နှောင်းခင်ခင်က သူမတို့အနားက ပြောရင်း ထွက်သွားသည့် ရဲရင့်ကို ဘုတောတောရင်း ပြောပေမယ့် ရဲရင့်က လုံးဝလှည့်မကြည့်။

"ဟော့ကောင် ရဲရင့် . . . ပြန်လာနော်၊ ငါစောင့်နေမယ်"

အရေးထဲ ဝင်းထူးက ပြန်မလာမှာစိုးသဖြင့် လှမ်းအော်ပြီး မှာနေပါသေးသည်။

မြမြမူနှင့် ကလျာငွေးတို့ကတော့ နှောင်းခင်ခင်အား ဘာလို့စောစောက ကိစ္စကို လုပ်ရသလဲဆိုတာ မေးနေတာကို နှောင်းခင်ခင်က ဘာမှမပြောဘဲ ပြုံးလို့သာနေပါသည်။

သည်အပြုံးက ဘာအပြုံးလဲဆိုတာ နှောင်းခင်ခင်ကိုယ်တိုင်ပဲ သိမှာပါ။

❑ ❑ ❑

ကြယ်ပွင့်စာပေ

ကော်လိုက်တာများ

ဘဝစာမျက်နှာတွေပေါ်မှာ

အမှန်းတွေအပြန်အလှန်

ထိုးစစ်ဆင်နေပါရောလား။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ဘုန်းကြီးကျောင်းမှာ ကျင်းပသော မင်္ဂလာဧည့်ခံပွဲဆွမ်းကျွေးတော လူတော်တော်စည်ကားပါသည်။

ဘုန်းကြီးကျောင်းတိုက်ရှေ့မှာကော ကျောင်းဝင်းထဲမှာပါ ကားတွေက ပြည့်လို့။

သည်နေ့အလှူက ဦးခင်မောင်ရင်၏သူငယ်ချင်း ဦးကျော်ခေါင်၏သား မင်္ဂလာဆောင်ဖြစ်သည်။ ဦးခင်မောင်ရင်က ဇနီးဖြစ်သူဒေါ်မေသက်ထားကော သားဖြစ်သူ ရဲရင့်ကိုပါ ခေါ်လာခဲ့သည်။

ဘုန်းကြီးကျောင်းဆွမ်းစားဆောင်ထဲမှာ ဝိုင်းအလွတ်က မရှိသဖြင့် စောင့်ရသေးသည်။

နောက်ဆုံးတော့ ထောင့်ဆုံးဝိုင်းမှာ လူလွတ်သွားသဖြင့် မိသားစုသုံးယောက် ဝင်ထိုင်လိုက်ကြသည်။

"ခင်မောင်ရင် . . . လူတွေက ဧည့်ခံနေရတာများလို့ မင်းတို့ နှုတ်ဆက်ဖို့ မေ့သွားတယ် . . . sorry ကွာ"

"ရတယ် ကျော်ခေါင်၊ မင်းကိစ္စမင်းလုပ်ပါ"

"မေသက်ထားကော ရဲရင့်ပါ အားမနာနဲ့နော်"





"ဘာလို့ အားနာရမှာလဲ ကျော်ခေါင်ရဲ၊ ငါတို့က လက်ဖွဲ့ပေးထားတာပဲ၊ ကြည့်လိုက်နော် . . . ငါ့မိန်းမက ရှယ်လက်ဖွဲ့ထားတာ"

ဦးကျော်ခေါင်က လာနှုတ်ဆက်ပြီး ပြောတာကို ဦးခင်မောင်ရင်က ပြန်ပြောလိုက်သဖြင့် ဦးခင်မောင်ရင်စကားက ဦးကျော်ခေါင်ကို အားနာစရာမျိုး ဖြစ်သွားသောကြောင့် ဒေါ်မေသက်ထားက . . .

"အဖေကြီးကလည်း လူကြားထဲလုပ်တော့မယ်၊ ကိုကျော်ခေါင် . . . ရှင့်သူငယ်ချင်းကတော့လေ အဲဒါမျိုးသိလား"

"ရတယ် မေသက်ထား၊ ဒီကောင့်အကြောင်းက ငါတို့က ရိုးနေပြီ ခြေ့ . . . ခင်မောင်ရင် . . . မင်းရဲ့အချစ်တော်ကြီး မင်းဒင်တို့မိသားစုလည်း လာလိမ့်မယ်၊ ဒီကောင် ဘာကြောင့်နောက်ကျနေသလဲ မသိဘူး"

"သူ့ဘာသာသူ ဘာဖြစ်ဖြစ်၊ နောက်ကျကျ ငါ့အပူမဟုတ်ဘူး၊ ကျော်ခေါင် . . . မင်းကို မှာထားဦးမယ်၊ ဒီကောင်လာရင် ငါတို့ဝိုင်းနားထိုင်ခိုင်းနဲ့၊ တစ်ခြားနေရာကို ခေါ်နော်"

"အေးပါကွာ . . . ငါသိပါတယ်၊ ကဲ . . . မင်းတို့မိသားစု စားကြဦး"

ဦးကျော်ခေါင်က ဦးခင်မောင်ရင်တို့ စားပွဲဝိုင်းကနေ ထွက်သွားပြီး အခြားစားပွဲဝိုင်းမှ ဧည့်သည်များကို နှုတ်ဆက်နေပါသည်။

❑

ဦးမင်းဒင်က ဘုန်းကြီးကျောင်းဆွမ်းစားဆောင်ထဲသို့ ဇနီးဖြစ်သူဒေါ်ဝတ်ရည်ခင်၊ သမီးဖြစ်သူ နှောင်းခင်ခင်တို့နှင့်အတူ ရောက်လာခဲ့သည်။ ကားက လာခါနီး နည်းနည်းဖွေဖေါက်ချင်သလို ဖြစ်သဖြင့် ပြင်နေရလို့ အချိန်တောင် နည်းနည်းနောက်ကျသွားသည်ဟု ထင်ရသည်။

"မင်းဒင် . . . လာ . . . လာ . . . ဝတ်ရည်ခင်ကော ဒီတ



www.burmeseclassic.com

www.burmeseclassic.com



သမီးပါလာ"

ဦးမင်းဒင်တို့မိသားစုကို မြင်သဖြင့် ဦးကျော်ခေါင်က ဝမ်းသာအားရကြိုဆိုပြီး လူလွတ်နေသော စားပွဲဝိုင်းဆီသို့ ခေါ်သွားသည်။

"ကျော်ခေါင်ရာ . . . ကားက ဝယ်ထားတာ အသစ်ကြီး၊ တစ်လပဲ ရှိသေးတယ်၊ မင်းရဲ့သားမင်္ဂလာဆောင် လာခါနီးမှ ဘာဖြစ်တယ် မသိဘူး၊ အဲဒါနဲ့ ဟိုဟာကလိ၊ ဒီဟာကလိနဲ့ ကောင်းသွားလို့ ရောက်လာတာ"

"ရပါတယ်ကွာ . . . ဒီလိုလာတာပဲ ငါက ကျေးဇူးတင်နေပြီ ပီတာကတော့ ဟိုးဘက်ဝိုင်းမှာ"

ဦးကျော်ခေါင်က ဦးမင်းဒင်ကို ဦးပီတာတို့မိသားစုထိုင်နေသော စားပွဲဝိုင်းအား ညွှန်ပြပါသည်။

"ကဲ . . . ဝတ်ရည်ခင်နဲ့ ဒီက သမီးတို့ အားမနာနဲ့ . . .စားနော် ထောပတ်ထမင်းက ထောပတ်သိပ်မများဘူး . . . ရဲရဲသာစား"

ဒေါ်ဝတ်ရည်ခင်နှင့် နှောင်းခင်ခင်က အလိုက်သင့်ပြုံးပြပါသည်။

"မင်းဒင် . . . မင်းမိအောင်စားနော်၊ မင်းအချစ်တော် ခင်မောင်ရင်ကတော့ အခုလောက်ဆို လိုက်ပွဲတောင် ထပ်ယူနေလောက်ပြီ"

"ဒီကောင် ထောပတ်ထမင်းမစားဘူးလို့ ထင်ပါတယ်ကွာ၊ မင်္ဂလာဆောင်ရောက်မှ အဝစားမယ်ဆိုပြီး အိမ်ကနေ ကြိုဝမ်းနှုတ်လာသလား မသိတာ"

ဦးမင်းဒင်၏စကားကြောင့် ဦးကျော်ခေါင်က ပြုံးလိုက်ပေမယ့် ဒေါ်ဝတ်ရည်ခင်က . . .

"အို! . . . ကိုယ်ကလည်း ကလေးကျနေတာပဲ၊ ဟိုက ကြားသွားရင် မကောင်းပါဘူး"

"ကြားသွားလည်း ဘာဖြစ်လဲ ခင်ရာ၊ ခင်မောင်ရင်များ ပ . . . နေစရာမှတ်လို့"

"မင်းဒင် . . . တော်သေးတာပေါ့ကွာ၊ မင်းနဲ့ခင်မောင်ရင်





ဝေးဝေးထိုင်လို့၊ ဟိုကလည်း သူ့မိသားစုနဲ့သူဗျ၊ သူ့သားပါ ပါတယ်"

ဦးကျော်ခေါင်စကားကြောင့် ဦးမင်းဒင်က ဦးခင်မောင်ရင်တို့ရှိနေသော ဝိုင်းဖက်ဆီသို့ မသိမသာ လှည့်ကြည့်မိသလို နှောင်းခင်ခင်တလည်း ဘာရယ်လို့မဟုတ်၊ သူမအဖေကြည့်သလိုမျိုး ကြည့်လိုက်သည်။

ဦးခင်မောင်ရင်ဆိုသော သူနှင့် သူ့မိန်းမ၊ သူတို့ဘေးနားက စားနေသော တစ်ယောက်ကိုပါ မြင်တော့ အံ့အားသင့်သွားသည်။

"ဩော် . . . ဒင်းကိုး!"

"သမီး . . . ပါးစပ်က ဘာတွေရွတ်လိုက်တာလဲ"

ဦးမင်းဒင်က နှောင်းခင်ခင် တစ်စုံတစ်ခုကို ရွတ်လိုက်သလိုထင်၍ မေးတော့ . . .

"ဒယ်ဒီကြည့်တဲ့ဝိုင်းမှာ စားနေတဲ့သူလေ၊ အဲဒါ သမီးနဲ့ စကားများတဲ့သူပေါ့။ ဒင်းနဲ့ ဆုံမှဆုံတတ်တယ်"

နှောင်းခင်ခင်စကားကြောင့် ဦးမင်းဒင်က ဦးခင်မောင်ရင်တို့စားပွဲဝိုင်းကို ထပ်ကြည့်လိုက်ပြန်သည်။

"ဩော် . . . ဒယ်ဒီသမီးက ခင်မောင်ရင်ရဲ့သားနဲ့မှ ပြဿနာတက်ကြတာကိုး၊ ကောင်းတယ် . . . ရေမြေကြောတော့ လိုက်ပြီ၊ ဒယ်ဒီ ခင်မောင်ရင်ကို ကြည့်မရ၊ သမီးကလည်း သူ့သားကို ကြည့်မရနဲ့"

"ကိုယ် . . . သမီးကို ဘာတွေလျှောက်မြှောက်ပေးနေတာလဲ၊ သူများမင်္ဂလာဆောင်လာပြီး အကုသိုလ်တွေ ယူနေတယ်၊ ခင်မကြိုက်ဘူး . . . သမီးကလည်းနော် မာမီမပြောချင်ဘူး"

ဒေါ်ဝတ်ရည်ခင်က နှစ်ယောက်စလုံးကို ဟန့်တားလိုက်သည်။ ခင်မောင်ရင်နှင့် နှောင်းခင်ခင်တို့နှစ်ယောက်လည်း ဘာမှမပြောတော့ စားစရာရှိတာကို စားလိုက်ကြပါသည်။

❑

ဦးခင်မောင်ရင်က ရေခဲမုန့်တစ်ခွက်လုံးကုန်အောင် စားပြီးသွား



www.burmeseclassic.com

www.burmeseclassic.com



လို့ တစ်ရှုးဖြင့် နှုတ်ခမ်းကိုသုတ်ရင်း ကျန်သည့်စားပွဲဝိုင်းတွေကို မျက်စိကစားပြီး ကြည့်ရင်းက တစ်နေရာအရောက်တွင် မျက်နှာက အလိုမကျသလို ဖြစ်သွားသည်။

“မတွေ့ချင်ဘူးဆိုမှ မင်းဒင်နဲ့များ မျက်နှာချင်းဆိုင်တည့်တည့်နားက စားပွဲဝိုင်းမှာမှ လာထိုင်ရတယ်လို့”

“အဖေကြီးရယ် . . . ဘာတွေ ပွစိပွစိပြောနေရတာလဲ၊ ဟိုမှာလည်း ထားတို့လို သူ့မိသားစုနဲ့ သူလာတာပဲ၊ ကြည့်ပါဦး . . . ကိုမင်းဒင်သမီးကလည်း ဝတ်ရည်ခင်နဲ့ တူလို့ထင်တယ်၊ ချောချောလေးပဲ”

ဒေါ်မေသက်ထားက ဦးမင်းဒင်တို့ စားပွဲဝိုင်းဖက်ကြည့်ပြီး ပြောသည့်အခါ . . .

“ထား . . . မင်းလည်း ချောတာပဲ၊ မင်းနဲ့ကိုယ့်ရဲ့သားကလည်း ချောတာပါပဲ”

ဦးခင်မောင်ရင်နှင့် ဒေါ်မေသက်ထားတို့ ဘာကိုပြောနေကြမှန်းမသိလို့ ရဲရင့်က စားနေသော ရေခဲမုန့်ကို ဆက်မစားဘဲ သူ့ဖခင်ကြည့်သော စားပွဲဝိုင်းသို့ မသိမသာ ကြည့်လိုက်ရင်းက . . .

“ဟာ . . . ဒီအမျိုးသမီးနဲ့က လာဆုံပြန်ပြီ၊ ဘာပြဿနာတက်ဦးမလဲ မသိဘူး”

“သား . . . တအံ့တဩနဲ့ ဘယ်အမျိုးသမီးလဲကွ”

“အဖေ စောစောကကြည့်တဲ့ စားပွဲဝိုင်းက သားနဲ့အသက်တူထူလောက်ရှိမယ့် အမျိုးသမီးလေ”

ရဲရင့်ပြန်ဖြေသည့်အတွက်ကြောင့် ဦးခင်မောင်ရင်က ဦးမင်းဒင်တို့ဝိုင်းကို ကြည့်လိုက်ပြီး ပြုံးရင်းက . . .

“မင်းဒင်ရဲ့သမီးကိုကွ၊ အင်း . . ငါ့သားနဲ့မှ တွေ့တတ်တယ်ကွာ”

“အဖေကြီး . . . အဖေကြီးတို့ဘာသာ မကြီးမငယ်နဲ့ ကလေးတွေလိုမျိုး မတည့်တာနဲ့ သိပ်မြှောက်မပေးနဲ့၊ စားပြီးပြီမို့လား၊ ကိုယ့်ကျော်ခေါင်ကို နှုတ်ဆက်ပြီး ပြန်မယ်”





ဒေါ်မေသက်ထားစကားကို ဦးခင်မောင်ရင် မငြင်းဆန်ပါ။ ထိုင်ရာမှထကာ ဦးကျော်ခေါင်ကို နှုတ်ဆက်ပြီးပြန်တော့ နှောင်းခင်ခင်တစ်ယောက် ရဲရင့်ကို မသိမသာ အကဲခတ်ကြည့်မိတာ သတိထားမိလိုက်သည်။

ဇာတ်လမ်းကတော့ သည်မှာတင် မပြီးတာ အမှန်ပါ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

**စနစရာကောင်းတဲ့**

**ကမ္ဘာကြီးမှာ**

**တစ်ခါတစ်လေတော့လည်း**

**ကြည်နူးခြင်းတွေ ဆိုက်ရောက်လာတတ်ပါတယ်၊**

## အခန်း (၁၂)

သည်ကားက ၂၀၀၈ ခုနှစ်မော်ဒယ်လ်သာ ဆိုသည်။ ခဏခဏ ဝေ့ဖေါက်တာ အခုလည်း ကျောင်းကိုကားမောင်းလာတာ ဘာဖြစ်သွား မှန်းမသိ။ စက်က ထိုးရပ်သွားသည်။ သေသေချာချာကြည့်တော့မှ ဆီ ကုန်သွားမှန်းသိရသည်။ ဘယ်နေရာမှာ မော်တော်ယာဉ်စက်သုံးဆီရောင်း မှန်း နှောင်းခင်ခင်မသိရသဖြင့် အခက်တွေ့နေသည်။

ဟော . . . ကံကောင်းချင်တော့ ကားတစ်စီးလာသဖြင့် လက်ပြ ပြီး ကားရပ်ခိုင်းလိုက်သည်။

နှောင်းခင်ခင်၏ ရပ်ထားသော ကားနားမှာ သူမတားသော ကားက ရပ်လိုက်သည်။

"ဘာကိစ္စရှိလို့လဲ"

"ဩော်! . . . ရှင် . . . ရှင်ပါလား"

"ခင်ဗျားပါလား"

နှောင်းခင်ခင်က ဘယ်လိုမှ မထင်ထားသလို ရဲရင့်ကလည်း ဘယ်လိုမှ မထင်ထားပါ။

"ရှင့်ကားမှန်းသိရင် ကျွန်မလက်ပြမတားပါဘူး"

www.burmeseclassic.com



"ဒါဆိုလည်း ပြီးရော"

ရဲရင့်က ကားတံခါးပြန်ဖွင့်ပြီး ကားထဲဝင်မလိုလုပ်စဉ် . . .

"နေဦး . . . ရှင့်မှာ ဓါတ်ဆီအပိုမပါဘူးလား"

"အပိုပါရအောင် ကျွန်တော်က ဓါတ်ဆီမှောင်ခိုရောင်းတဲ့သူမှ မဟုတ်တာ၊ လိုချင်ရင် ရှာဝယ်ပေါ့၊ ကဲ . . . သွားမယ်"

"သိပ်ပြီး မကြီးကျယ်နဲ့၊ ကျွန်မ ဆီရောင်းတဲ့နေရာမသိလို့၊ အဲဒါ ရှင့်မှာ ဆီအပိုမပါရင် ကျွန်မကို ဆီတစ်ဂါလံလောက် ဝယ်ပေးပါလား"

"ခင်ဗျား အကူအညီတောင်းတာ မဟုတ်လား၊ လေသံကို အဲဒီလောက် မမာနဲ့လေ၊ ခက်တယ် . . . ခင်ဗျားတို့ မိန်းမတွေက ကိုယ်ဖြစ်ချင်တာပဲ သိတယ်"

"တော်ပါ . . . ရှင်ကူညီနိုင်လား မကူညီနိုင်ဘူးလား ပြောပါ"

ရဲရင့်က နှောင်းခင်ခင်ကို ကြည့်လိုက်ရင်းက ပြုံးလိုက်သည်။

"ရှင် . . . ဘာပြုံးတာလဲ"

"ဩော် . . . ကျွန်တော်က မကူညီပြန်ရင်လည်း ခင်ဗျားက ခင်ဗျားသူငယ်ချင်းတွေကို ကျွန်တော့်မကောင်းကြောင်း ပြောဦးမယ်၊ ကူညီပြန်တော့လည်း ကျွန်တော်က ကျေးဇူးတင်ခံရမှာ မဟုတ်၊ မတတ်နိုင်ဘူး . . . ခင်ဗျားလက်ပြပြီးတားတာ ကျွန်တော်က ကားရပ်မိတာကိုး၊ ခင်ဗျားမှာ ဓါတ်ဆီပုံးပါလား"

"ပါတယ် . . ."

နှောင်းခင်ခင်က ကားနောက်ခန်းတံခါးဖွင့်ပြီး ဓါတ်ဆီပုံးကို ယူပေးလိုက်သည်။

"ရော့ . . . ပိုက်ဆံ၊ ပိုတာပြန်မပေးနဲ့"

"ပြန်မပေးရအောင် ခင်ဗျားပိုက်ဆံကို ကျွန်တော်က ဘာလုပ်ရမှာလဲ၊ ခင်ဗျားဗျာ"

ရဲရင့်က ဓါတ်ဆီပုံးနှင့် ငွေငါးထောင်တန်တစ်ရွက်ကိုယူပြီး ကားမောင်းထွက်သွားသည်။





နှောင်းခင်ခင်က ကားထဲကနေ ထိုင်စောင့်နေတာ ဆယ့်ငါးမိနစ်ခန့်ကြာတော့ ရဲရင့်က ဓါတ်ဆီဝယ်ပြီး ပြန်ရောက်လာသည်။

"ရော့ . . . ဒီမှာ ပိုတဲ့ပိုက်ဆံ၊ ဆီထည့်တဲ့ သော့ကိုဖွင့်လိုက်၊ ကူညီမယ့် ကူညီတော့ ပြီးအောင် ကူညီမယ်"

ရဲရင့်က ပိုသည့်ပိုက်ဆံကိုပေးပြီး နှောင်းခင်ခင်အား ဝယ်လာသော ဓါတ်ဆီကို ကားထဲထည့်ဖို့ ဆီတိုင်ကီသော့ဖုံးကို ဖွင့်ခိုင်းလိုက်သည်။ နှောင်းခင်ခင်က သော့ဖုံးကို ဖွင့်ပေးပြီးသည့်အခါ ရဲရင့်က ဓါတ်ဆီပုံးထဲက ဓါတ်ဆီတစ်ဂါလံကို ထည့်ပေးနေသည်။

"ရော့ . . . ဒီမှာ ဆီပုံး"

နှောင်းခင်ခင်က ရဲရင့်ပြန်ပေးသော ဆီပုံးကို ကားနောက်ခန်းထဲ ပြန်ထားလိုက်သည်။

"ခင်ဗျား အိမ်ကထွက်လာတုန်းက ကားထဲမှာ ဆီရှိလား၊ မရှိဘူးလား မစစ်ဆေးခဲ့ဘူးလား"

"ဘယ်သိမလဲ . . . ရှိတယ်ပဲ ထင်တာပေါ့"

"ကားဆိုတာ ဆီရှိမှ သွားလို့ရတာ၊ ဆီမရှိရင် မသွားဘူးဆိုတာ သိရမယ်၊ အခု ကျွန်တော်နဲ့တွေ့လို့ မဟုတ်ရင် ခင်ဗျားလမ်းလျှောက်ပြီး ဆီသွားဝယ်ရတော့မှာ၊ ဉာဏ်ဆိုတာ စဉ်းစားဆင်ခြင်ဖို့ဗျ၊ ဒီမှာ ဦးနှောက်က ဉာဏ်ကို မစဉ်းစားမဆင်ခြင်တတ်ရင် ခြေထောက်ကို အားပြုသုံးရတတ်တယ်ဆိုတာ မှတ်ထား၊ ခင်ဗျားကို အပြစ်ပြောတာ မဟုတ်ဘူးနော်၊ ဦးနှောက်ကို စဉ်းစားတတ်ဖို့ ဒီသင်ခန်းစာက ခင်ဗျားအတွက် အကောင်းဆုံးပဲ၊ ကိုယ့်အမှားကို သင်ခန်းစာယူတတ်ပါစေဗျာ . . . သွားပြီ"

"ဒီမှာ . . . ရှင် . . . ရှင် . . . ဘာလဲ ကျွန်မကို ကလိသွားတာလား၊ ရှင်က ဆရာကြီးလား"

နှောင်းခင်ခင်အနားကနေ လှည့်ထွက်သွားသည့် ရဲရင့်ကို နှောင်းခင်ခင်က သူမအား ဆရာကြီးပုံစံမျိုး ပြောသွားသဖြင့် မကျေမနပ်ဖြစ်ကာ ရဲရင့်ကို ပြောပေမယ့် ရဲရင့်က ကားကိုမောင်းပြီး ထွက်သွားသည်။

www.burmeseclassic.com



နှောင်းခင်ခင် ဒေါသဖြစ်နေရင်းမှ စောစောတုန်းက ရဲရင့်ပြောခဲ့သော စကားတွေကို ကားမောင်းရင်း ပြန်စဉ်းစားမိသည်။

သူမဘဝမှာ မည်ရွေ့မည်မျှ အမှားလုပ်ခဲ့မိလေသလဲ။

မှားခဲ့သည့်အမှားတွေကိုကော သင်ခန်းစာယူကော ယူတတ်ခဲ့ပါသလား။

လူ့ဘဝတွေမှာ ဦးနှောက်တွေကို အသုံးမချကြလို့ မည်သူတွေ မည်ရွေ့မည်မျှ ခြေထောက်တွေကို အားပြုပြီး အသုံးပြုခဲ့ကြသလဲ မသိပါလို့။

❑

"ဒါဆို နှောင်းကို ရဲရင့်က ပညာပေးပြီး ထွက်သွားတာပေါ့ . . ဟုတ်လား"

"ကလျာဌေးရယ် . . နှောင်းက သူ့ကို ကျေးဇူးတင်စကားပြောမလို့ စိတ်ကောင်းလေးဝင်ပြီးတော့ပေါ့ဟာ၊ ဒါကို သူက နှောင်းကိုပြောပြီး ထွက်သွားတာ နှောင်းစိတ်ထဲမှာ စပ်ဖျင်းဖျင်းဖြစ်သွားတာပဲ . . သိလား"

ကျောင်းသို့လာတုန်းက ရဲရင့်နှင့် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကို ထမင်းစားချိန်မှာ နှောင်းခင်ခင်က ပြောပြမိပါသည်။

"နှောင်း . . . ရဲရင့်ကို နင်နဲ့ကြုံခဲ့တဲ့ လူတွေလိုမျိုး လျှော့မတွက်နဲ့နော်၊ သူက ထက်တယ်လို့ သူ့သူငယ်ချင်းတွေက ပြောတယ်၊ ရည်မှန်းချက်လည်း ကြီးတယ်၊ ဘာပဲပြောပြော နှောင်းစောစောက ပြောပုံအရဆို ရဲရင့်မှာ ဗဟုသုတအတွေ့အကြုံ ကြွယ်ဝပုံရတယ်၊ စကားကို ဘောင်ဝင်အောင် ပြောတတ်တာပဲ"

"ဟုတ်တော့ ဟုတ်တယ် မြမြမူရဲ့၊ နှောင်းသတိတော့ ထားမိတယ်၊ သူက နှောင်းတွေ့ဖူးတဲ့ သူတွေနဲ့ သိပ်မတူဘူး၊ နှောင်းကိုဆို ဘာမှ ဂရုမစိုက်တဲ့ ပုံစံမျိုးကိုပြောတာ၊ အဲဒါကိုက နှောင်းက အသည်းယားတာ၊ ဒီထက်ဆိုးတာက နှောင်းရဲ့ဒယ်ဒီနဲ့ သူ့ရဲ့အဖေက ကျောင်းကတည်း





က မတည့်ကြတာ၊ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ကြတာတဲ့၊ ထူးတယ်နော်၊ နှောင်းနဲ့ သူနဲ့ကလည်း လာမတည့်ဘဲ ဆုံကြတာ"

"ဒါများ နှောင်းရယ်၊ ဘာခက်တာမှတ်လို့၊ နှောင်းနဲ့ ရဲရင့်နဲ့ တည့်အောင်လုပ်လိုက်ရင် အဲဒီလူကြီးနှစ်ယောက် စစ်ပြေငြိမ်းသွားမှာပေါ့"

"မလုပ်ပါနဲ့ ကလျာဌေးရယ်၊ နှောင်းကို တစ်ခြားဟာပြောပါ။ အဲဒီလူနဲ့တွေ့ရမယ့်အစား ကျားနဲ့သာဖက်ပြီး နပမ်းလုံးလိုက်ချင်တယ်"

"နှောင်း . . . နင်အပြောမကြီးနဲ့နော်၊ နင်နဲ့သူ ဖူးစာပါလို့ ခဏခဏတွေ့ပြီး ရန်တွေဖြစ်တာ၊ ဒီနေ့လည်း ဓါတ်ဆီတွေဘာတွေက ကုန်၊ အကူအညီတောင်းတော့ သူက ဝယ်ပေး၊ ကံကြမ္မာက နင်နဲ့သူ့ကိုဆုံဖို့ တွန်းပို့လိုက်တာ . . . သိလား"

မြမြမူပြောသော စကားကို နားထောင်ပြီး နှောင်းဘာမှမပြောဘဲ ငြိမ်သက်သွားပါသည်။

တကယ်ပဲ သူမနှင့်ရဲရင့်ကို ကံကြမ္မာက ဆုံအောင် ရန်ဖက်လိုမျိုး အကြိမ်ကြိမ်ဖန်တီးပေးခဲ့တာလား။ မုန်းခြင်းတွေ မွေးဖွားပေးခဲ့တာလား။

အရင်တုန်းက သူမကို ကြိုးပမ်းခဲ့ကြသော ယောကျ်ားသားများ အကြောင်းအား ယောင်လို့တောင် မစဉ်းစားတာ အခုတော့ ဘာကြောင့် ရဲရင့်အကြောင်း စဉ်းစားမိနေပါသလဲ။

အတွေးတို့ကို နှောင်းခင်ခင်ပြန်ရုပ်သိမ်းလိုက်ပါသည်။ ထိုအခါ သူမမြင်ကွင်းထဲမှာ မြင်နေရတာက ဝင့်ဝါဦးကို လွင်မင်းလတ်က ထီးမိုးပေးထားပြီး နှစ်ယောက်သား စကားတပြောပြောနှင့် သူမတို့ရှိနေသော ကင်တင်းရှေ့ကနေ ဖြတ်သွားသည်။

ဩော် . . . ဝင့်ဝါဦးတို့များ ယခုကျတော့လည်း သူမဆီမှာ သူငယ်ချင်းဆိုတာထက် ချစ်သူက သူမအား နေရာအစားထိုးယူသွားပါလားလို့။

ဒါက စိတ်ဆိုးစရာမဟုတ်တာကတော့ သေချာလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဧလကို ရှုရှိုက်ရင်း
မှားကြတာပါပဲ
ပြိုင်ကြတာပါပဲ၊
ဂုဏ်အောင်းကျောက်စေတ်လူသားများ
နည်းပညာစေတ်လူသားများ
ဝတ်တာစားတာ၊ နေတာထိုင်တာ
အဲဒီလောက်ပဲ ကွာတာပါ။
ကြိုဆိုရဦးမယ့် နှစ်ကာလများ
အကြောင်းအရာမျိုးစုံနဲ့
မှားဦးမှာပဲ
ပြိုင်ကြဦးမှာပဲ။

## အခန်း (၁၃)

တစ်ယောက်မျက်နှာကိုတစ်ယောက် ဘီယာသောက်ရင်း ဦးခင်အောင်ရင်နှင့် ဦးမင်းဒင်တို့နှစ်ယောက် ကြည့်လိုက်သောက်လိုက် လုပ်နေကြတာက နိုင်ငံခြားကောင်းဘွိုင်ဇာတ်ဝင်ခန်းထဲမှ လူဆိုးတွေ ကြည့်သည့်အကြည့်မျိုး ဖြစ်နေကြသည်။ သည်နေ့လည်း သူတို့နှစ်ယောက် ဂေါက်သီးရိုက်ပွဲစဉ်က အနိုင်အရှုံးမပေါ်ဘဲ ခါတိုင်းလို သရေဖြစ်နေသည်။ သည်တော့ တစ်ယောက်နှင့်တစ်ယောက်က မကျေမနပ်ဖြစ်တာ မဆန်းပါ။ ထိုအချင်းအရာကို ဦးကျော်ခေါင်နှင့် ဦးပီတာတို့က ကောင်းကောင်းသဘောပေါက်သည်။

"မင်းတို့နှစ်ယောက်ကွာ . . ဒီနေ့လည်း ရန်သူလို သဘောထားနေကြပြန်ပြီ၊ မဟုတ်သေးပါဘူးကွာ . . မင်းတို့ ဒါမျိုးဖြစ်တာ မပျင်းဘူးလား"

ဦးကျော်ခေါင်က မကျေမနပ်လေသံဖြင့် နှစ်ယောက်စလုံးတို့အပြစ်တင်စကားဆိုလိုက်သည်။

"မင်းဒင်နဲ့ပြိုင်ဖို့ကို မပျင်းတဲ့အပြင် ငါ့ရဲ့လက်တွေက တအောင်တက်လာသလား မသိဘူး၊ သေချာတာကတော့ ငါ့ရဲ့အောင်မြင်မှုသက်ချောင်းတွေက အောင်ပန်းတွေ ဆင်လာဖို့ ဂေါက်သီးရိုက်ချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



က တဖြည်းဖြည်း အရည်အသွေးမြင့်လာပြီ"

ဦးခင်မောင်ရင်စကားကြောင့် ဦးမင်းဒင်သောက်ခါနီး ဘီယာခွက်ကို ချလိုက်သည်။

"ခင်မောင်ရင် . . . သိပ်လည်း အထင်မကြီးနေနဲ့ဦး၊ ရှေ့ရှော မင်းလက်ရည်က တက်လာမှာလား၊ ပျက်လာမှာလား၊ လက်မပျက်ပါစေ နဲ့လို့ ဘုရားမှာ ဆုတောင်းဦး၊ ကိုယ်နဲ့မတန်တဲ့စကား မကြွားစမ်းပါနဲ့ကွာ မသိတဲ့လူတွေကြနေတာပဲ"

"ဒါပဲပေါ့ . . . ကျော်ခေါင်နဲ့ ပီတာရယ်၊ ရှုံးမှာကို ကြောက်တဲ့ သူများကတော့ကွာ၊ သူတစ်ပါးကို စိတ်ထဲကနေ စိတ်ယုတ်မာမွေးနေတာပဲ စိတ်ခံစားမှုက မျက်နှာမှာပေါ်တယ်ကွ"

"ခင်မောင်ရင် မင်းဘာစကားပြောတာလဲ၊ မင်းစကားတွေ ဘောင်ကျော်လာပြီ၊ စကားချင်းနိုင်အောင်ပြော . . . မိန်းမ,မဆန်နဲ့ကွာ မင်းယောကျ်ားမဟုတ်ဘူးလား"

"မင်းဒင် . . . ငါယောကျ်ားမှန်း မင်းမသိဘူးလား၊ စမ်းကြည့် မလား"

"ဟော့ကောင် ခင်မောင်ရင် . . . မင်းဘာစကားပြောတာလဲ"

တစ်ယောက်နဲ့တစ်ယောက် လေသံတွေက ဒေါသသံတွေ
'ကီး'က မြင့်သထက်မြင့်လာပါသည်။

"ခင်မောင်ရင်နဲ့မင်းဒင် မင်းတို့တော်မလား မတော်ဘူးလား မင်းတို့သားသမီးတွေက လူပျိုအပျိုတောင် ဖြစ်နေကြပြီ၊ မင်းတို့နှစ်ယောက် ဒီလောက်ဖြစ်နေတာ ခင်မောင်ရင့်သားနဲ့ မင်းဒင်သမီးညွှားမှ မြေး ဘာတွေရမှ မင်းတို့ပြဿနာတွေ ပြေလည်မှာ၊ တလောက ငါ့အလှူ တာ ကလေးတွေက ချောချောလေးတွေပဲကွာ"

ဦးကျော်ခေါင်စကားကြောင့် ဦးမင်းဒင်ပေါက်ကွဲသွားပါသည်။

"ကျော်ခေါင် . . . မင်းစကား ဒီမှာရပ်၊ ငါ့သမီးကို ခင်မောင် သားနဲ့ ပေးစားစရာလား၊ ဒီကောင့်သားထက်သာတာတွေ ငါ့သမီး





မှာ ဝိုင်းနေတာများ၊ အကုန်လုံးကို ငြင်းနေရတာ၊ ငါ့သမီးက တန်ဖိုးရှိ တယ်ကွ၊ တော်ရုံတန်ရုံလူနဲ့ ပေးစားရမှာလား"

"မင်းဒင် . . . မင်းအပြောမကြီးနဲ့၊ ငါ့သားကလည်း တန်ဖိုးရှိ တဲ့သားပါကွ၊ နာမည်ပျက်မရှိတဲ့ မိဘက မွေးဖွားလာတဲ့ အဘိုးတန်သား ပါကွ၊ သားရှင် ငါကလည်း ငါ့သားတန်ဖိုးရှိအောင် မြေတောင်မြှောက် ပေးထားတာကွ"

"ခင်မောင်ရင် . . . မျိုးရိုးကို မထိခိုက်နဲ့၊ ငါ့မျိုးရိုးမှာ ငါ့ညီတစ် ယောက်မူးလို့ အရက်ဆိုင်မှာ ရန်ဖြစ်လို့ ရုံးရောက်တာပဲ ရှိဖူးတယ်ကွ"

ဦးခင်မောင်ရင့်စကားက ဦးမင်းဒင်အားနည်းချက်ကို ထိသွား သဖြင့် ဦးမင်းဒင်က ဒေါသတကြီးပြန်တုန့်ပြန်တာ သူငယ်ချင်းနှစ်ဦးက တစ်ယောက်တစ်ဖက်စီ ဖြန်ဖြေရတာ ဘီယာတွေတောင် မသောက်နိုင် တော့သည့် အခြေအနေဖြစ်သွားပါသည်။

❑

"ခင်မောင်ရင်ကတော့ ငါ့ကိုကြွားသွားတယ်၊ သူ့သားက သိပ် တန်ဖိုးရှိတယ်တဲ့၊ ဘာတွေများ တန်ဖိုးရှိတာလဲ၊ 'သင်း'က ဒယ်ဒီသမီး တောင် လာနှိုင်းသေးတယ်၊ ဒီမယ် သမီး . . . ဒယ်ဒီပြောမယ်၊ သမီးက ခင်မောင်ရင်ရဲ့သားကို မိန်းမတို့မာယာနဲ့ ပညာပြစမ်း၊ ဒယ်ဒီက ခင် မောင်ရင်ဘယ်လိုခံစားရမလဲ ကြည့်ရှုချင်လို့ပါ"

ဂေါက်ကွင်းက ကိစ္စကို ဦးမင်းဒင်က အပီအပြင် အိမ်မှာပေါက် ကွဲပြီး ရင်ဖွင့်ပါသည်။ ဇနီးဖြစ်သူ ဒေါ်ဝတ်ရည်ခင်နှင့် သမီးဖြစ်သူ ညွှန်းခင်ခင်တို့က ဘာမှမပြောပေမယ့် မမငြိမ်းကတော့ တစ်ခုခုပြော ချင်နေပုံရသည်။

"ဦးလေး . . . အရင်တုန်းက နှောင်းကိုပြောတုန်းကတော့ အချစ် ဆိုတာ နှလုံးသားနဲ့ ဦးနှောက်ကို မျှတအောင် ဆုံးဖြတ်ရမယ်ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



အခုကျတော့ မာယာတွေနဲ့ ဖြားယောင်းခိုင်းပြန်တယ်၊ နှောင်း ဒါမျိုးသွားမလုပ်နဲ့နော်၊ ဒါမျိုးက ခံစားမှုတွေကြောင့် နှလုံးသားပါသွားလိမ့်မယ်၊ ကိုယ်မြတ်နိုးရင် ကိစ္စမရှိဘူး၊ ကိုယ်မမြတ်နိုးရင် တစ်ဘဝလုံး ဒုက္ခရောက်သွားလိမ့်မယ်"

"ကိုယ်နော် . . . ကိုယ်တို့လူကြီးနှစ်ယောက် အရှုးထပြီး မတည့်ကြတာနဲ့ သူ့ဘာသာသူ လူငယ်ဘဝမှာ လွတ်လွတ်လပ်လပ်ဖြစ်တည်နေတဲ့ ကလေးတွေကို ဘာမှစိတ်ခံစားမှုတွေ သွားပေးမနေနဲ့၊ ဘယ့်နှယ့်လူကြီးချင်းမတည့်တာနဲ့ ကိုယ့်သမီးကို မြှောက်ပေးရတယ်လို့"

ဒေါ်ဝတ်ရည်ခင်က ထကန့်ကွက်စကားဆိုတော့ ဦးမင်းဒင်ဆီက ဘာစကားသံမှ မထွက်လာတော့။

"ဒယ်ဒီရယ် . . . နှောင်းက ဘာမာယာမှ သုံးစရာမလိုပါဘူး သူလည်း သူ့ဟာသူ ဖြစ်တည်နေ၊ ကိုယ်လည်း ကိုယ့်အလုပ်ကိုယ်လုပ်နေတာ၊ အဝေးကြီးပါပဲ"

သည်စကားကို နှောင်းခင်ခင်က ဦးမင်းဒင်အား ပြောပြလိုက်တာ စိတ်ထဲက ပါလို့လား သို့မဟုတ် စိတ်ထဲက မပါဘဲ ပြောသလားဆိုတာတော့ သူမလည်း မဝေခွဲတတ်တော့ပါ။

❑

ခြံထဲက ဘီယာဝိုင်းမှာတော့ ဇာတ်ရှိန်က တက်လာလို့လားမသိ ဘီယာပုလင်းက ငါးပုလင်းတောင် ကုန်နေပြီ။ ဦးခင်မောင်ရင့်မျက်နှာက နီပြီး ရီဝေဝေဖြစ်နေသလို ကိုဘလှကလည်း ထိုနည်းလည်းကောင်းပါပဲ။ ရဲရင့်ကတော့ ဦးခင်မောင်ရင်နှင့် ကိုဘလှတို့အတွက် ဦးခင်မောင်ရင်ခိုင်းသမျှဟိုဟာပြေးယူရ၊ သည်ဟာပြေးယူရနှင့် အလုပ်ကို ရှုပ်နေပါသည်။

"အဖေ တော်တော့၊ ကိုဘလှကြီးလည်း တော်တော့၊ များနေပြီ"

"ရဲရင့် . . . အဖေတို့ ဒီဘီယာတစ်လုံးကုန်ရင် လတ်စသတ်မှာပါကွ၊ ဒီလိုဘီယာသောက်ရတာ သားလည်း သိရဲ့သားနဲ့၊ ဟိုကောင်မင်းဒင်ဝေါက်ကွင်းမှာ စကားကို ကြီးကြီးကျယ်ကျယ်ပြောလို့ပေါ့၊ သူ့သမီးမှ ရွှေမင်းသမီးမဟုတ်ပါဘူး၊ ငါ့သားကလည်း ရွှေမင်းသားပါပဲကွ"

"ကိုကြီးကလည်းဗျာ . . . ရွှေမင်းသမီးနဲ့ ရွှေမင်းသားဆိုလည်း ယိုက်ဖက်ညီတာပဲ၊ ပေးစားလိုက်ပေါ့ဗျာ"

"နိုး . . . နိုး . . . ကိုယ့်ညီလေး၊ ဒီကောင့်သမီးလေးက လှတာတော့ မှန်တယ်၊ မာနကြီးမယ့်ပုံကွ၊ ကိုကြီးရဲ့သားက အနေအေးတယ်၊ လူကို လူလိုမြင်တယ်၊ မဖြစ်ဘူးကွ၊ ညီလေးပြောသလိုသာဆို သူကောကိုကြီးပါ သရေကျသွားမယ်၊ ဒီပွဲက သရေကျလို့ မရဘူး . . ရဲရင့် ငါ့သား"

ကိုဘလှကို ပြောနေရင်းမှ ဦးခင်မောင်ရင်က ရဲရင့်ကိုကြည့်လိုက်ပြီး . . .

"သားက ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေထဲကလို အဲဒီမင်းဒင်ရဲ့သမီးကို ချစ်သူဖြစ်အောင်လုပ်ပြီးရင် အသည်းခွဲထားခဲ့ပြီး ပညာပေးခဲ့ကွာ၊ အဖေ အဲဒီအရသာကို ခံစားချင်တယ်"

"ဟာ . . . အဖေကလည်း စိတ်ကူးယဉ်ဆန်လိုက်တာ၊ တစ်ခြားဟာ ကျွန်တော့်ဘဝအတွက် တိုးတက်ဖို့ အကြံပေးတာ မဟုတ်ဘူး"

"ရဲရင့် . . . ငါ့သား၊ မင်းတော်တော်ပိန်းတာပဲကွာ၊ ငါနဲ့တော့ တွာတယ်"

ဦးခင်မောင်ရင်က မကျေမနပ်သည့်လေသံနှင့် ဘီယာလက်ကျန်ကို အကုန်မော့သောက်လိုက်တာကိုကြည့်ပြီး ရဲရင့်ကတော့ ပြုံးလျက်သာနေပါသည်။

❑ ❑ ❑





www.burmeseclassic.com

www.burmeseclassic.com

ဒီဓနုရာမှာ

လေထုရှိတယ်၊ စကားသံတွေရှိတယ်

ဒီဓနုရာမှာ

မမျှော်လင့်ခြင်းဟာ

မြှားနတ်မောင်ရဲ့လေးတံကိုဒွားပြီး ရောက်လာတယ်၊

ဒီဓနုရာမှာ

ရှတ်ချည်းဆိုသလို

မေတ္တာပန်းဝါဝါဆွေပွင့်နှင့် ပန်းပင်များ

မြေတမ္ဘာကို အဆွေစင်ပွန်းဖွဲ့လို့

ရှင်သန်ပေါက်ရောက်ကုန်ပါရောလား၊

## အခန်း (၁၄)

နံရံပေါ်က အသည်းပုံတွေကို ကြက်ခြေခတ်ထားသည့် 'ကော်ရော့တ်ရှင်ပင်' နှင့် ရေးသားထားသည့် ပုံများကိုကြည့်ပြီး နှောင်းခင်ခင် ငိုင်းစားနေမိသည်။ ယခုတလောမှာ သူမအား ချစ်ပါကြောင်း၊ ကြိုက်ပါကြောင်း လာရောက်ပြောသည့် ယောကျ်ားသားများမရှိသောကြောင့်ပင်။ အရင်တုန်းကဆိုလျှင် သွားလေရာ တကောက်ကောက်လိုက်လွှန်းလို့ ငြီးငွေ့ ရန်ဖြစ်ရ၊ ရွဲ့ရ၊ ဒေါသထွက်ရနှင့် လူ့ကို အေးအေးနေရသည်မရှိပါ။ အခုကျတော့လည်း အခုလို ကျောင်းသားနားနေဆောင်မှာ သူငယ်ချင်းမတွေကိုစောင့်ရင်း ဘာမှနှောင့်ယှက်သူမရှိဘဲ အေးအေးဆေးဆေး ထိုင်နေရတာ ကောင်းလိုက်သည့်စည်းစိမ်ဆိုပြီး ကျေနပ်မဆုံးဖြစ်နေမိသည်။

မနက်ပိုင်း အတန်းချိန်ပြီးဖို့က တစ်ချိန်သာလိုတော့လို့ ထင်ပါသည်။ ကျောင်းသားတွေက ဟိုသွားဒီသွားနှင့် ကျောင်းသားနားနေဆောင်ရှေ့ကနေ ဖြတ်သွားနေကြသည်။

"အေ့! . . . အေ့!"

နှောင်းခင်ခင် မထင်ထားပါ။ ဟိုတွေးဒီတွေး တွေးကောင်းနေတုန်း 'ဂျို' က ထိုးလာပါသည်။

www.burmeseclassic.com



"အော့! . . . အော့!"

ဘယ်ကနေဘယ်လိုဖြစ်လို့များ 'ဂျို့' ထိုးသလဲမသိ။ ထမင်းဟင်းခိုးစားလျှင် 'ဂျို့' ထိုးတတ်သည်ဟု ပြောကြတာတော့ ကြားဖူးသည်။ ထိုကဲ့သို့ ဖြစ်ရအောင်ကလည်း အဲဒါမျိုးမလုပ်ခဲ့။ ဘယ်ကနေဘယ်လိုကြောင့် တစ်ခါဖူးမှ သည်လိုမျိုးမဖြစ်ဘူးပါ။

"အော့! . . . အော့! . . . အော့!"

'ဂျို့' က အဆက်မပြတ်ထိုးလာသဖြင့် နှောင်းခင်ခင်ချွေးတွေဘာတွေ ပျံချင်သလို ဖြစ်လာသည်။ သည်မြင်ကွင်းကို ဘေးလူတွေမြင်လျှင် တော်တော်ရှက်စရာပဲလို့။

"ရော့ . . . ဒီရေသန့်ဗူးထဲက ရေကိုသောက်လိုက်၊ ခင်ဗျားဘာတွေခိုးစားလာသလဲမှ မသိတာ"

ရုတ်တရက်ဆိုသလို နှောင်းခင်ခင်အား ရေသန့်ဗူးအဖုံးကိုဖွင့်ပြီး ကမ်းပေးသဖြင့် ဘယ်ကနေဘယ်လို ရောက်လာမှန်းမသိသော ရဲရင့်ဖြစ်လို့နေသည်။

"ဒါသဖြစ်ချင် နောက်မှဖြစ်၊ ဂျို့ထိုးရင် ရေသောက်ရတယ်၊ ခင်ဗျားတစ်ခါဖူးမှ ဂျို့မထိုးဖူးဘူးထင်တယ်"

နှောင်းခင်ခင်လည်း ပြန်ရန်တွေ့ဖို့ထက် 'ဂျို့' ထိုးတာပျောက်ဖို့အတွက် ရဲရင့်ပေးသော ရေသန့်ဗူးကိုယူပြီး သောက်လိုက်သည်။

"နံရံပေါ်က အသည်းပုံကို ကြက်ခြေခတ်ထားတာတွေကြည့်ပြီး ကျေနပ်လို့ ခင်ဗျားဂျို့ထိုးတာပဲ ဖြစ်ရမယ်၊ ရေသန့်ဗူးကို ခင်ဗျားယူထားလိုက်တော့"

ရဲရင့်က သူပြောချင်တာပြောပြီး ထွက်သွားပါသည်။ နှောင်းခင်ခင်တစ်ယောက် ပြန်ပြောချင်သည့်စကားတောင် ပြောချိန်မရလိုက်။ ရေသန့်ဗူးထဲကရေကို ဆက်သောက်လိုက်ပြန်သည်။ ပြီးတော့ ငါးမိနစ်လောက်ငြိမ်ငြိမ်လေးနေလိုက်မှပဲ 'ဂျို့' ထိုးတာပျောက်သွားတော့သည်။

သည်အကြောင်းကိုတော့ သူငယ်ချင်းမတွေအား မုန့်ကျွေးပြီး





တော့ ပြောကိုပြောရဦးမည်လို့။

❑

"နှောင်း . . . ဒါဆို နင်က ကျေးဇူးတင်စကားတောင် မပြောလိုက်ရဘဲ ဟိုကထွက်သွားတယ်ဆိုပါတော့၊ ဒါ နှောင်းကို အခုလို သူ့အကြောင်းပြောလို့ရအောင် တို့လို့တန်းလန်းထားခဲ့တာ ဖြစ်ရမယ်"

နှောင်းခင်ခင်က မြမြမူစကားကို ဘာမှပြန်မပြောသေးဘဲ သူမရှေ့တည့်တည့်မှာရှိသော သောက်လက်စ,ရေသန့်ဗူးကိုသာ စိုက်ကြည့်နေမိသည်။

"ဟဲ့ . . . နှောင်း . . . ပြောဦးလေ၊ နင်က ဒီရေသန့်ဗူးကိုပဲကြည့်နေတာပဲ"

ကလျာဌေးက စိတ်မရှည်သလို အမူအရာနှင့် ပြောတော့မှ . .

"သူက နှောင်းကို အစောကြီးကတည်းက မြင်တယ်ထင်တယ်၊ နှောင်းက နံရံပေါ်က အသည်းပုံကြက်ခြေခတ်ထားတာတွေကိုကြည့်တာ သူမြင်လိမ့်မယ်၊ ပြီးတော့ သူက မသိမသာပြုံးတာ၊ ဒီအသည်းပုံကြက်ခြေခတ်တွေက နှောင်းကိုလိုက်တဲ့ ယောကျ်ားလေးတွေကို ရည်ရွယ်ပြီး နံရံမှာ ဆွဲထားတယ်ဆိုတာ သူသိသလားမသိဘူး"

"နှောင်းကလည်း ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ဟုတ်ခဲ့ရင်လည်း သူဘယ်လိုမှ သိနိုင်မှာမဟုတ်ဘူး၊ တို့အထဲက ဝင့်ဝါဦးက သစ္စာဖောက်ပြီး သူ့ရည်းစားလွင်မင်းလတ်ကို ပြန်ပြောလို့ သိရတာပဲ ဖြစ်မှာ"

"မြမြမူရယ် . . နင်တို့ကလည်း ဝင့်ဝါဦးကို သွားအထင်လွဲနေပြန်ပြီ ဟုတ်မယ်မထင်ပါဘူး၊ နင်တို့ပြောသလို ရဲရင့်က လျှော့တွက်လို့ မရဘူးဆိုတော့ သူက နှောင်းကြည့်နေတာနဲ့ပတ်သက်ပြီး ဆက်စပ်တွေးမှာပေါ့"

"ဟဲ့ . . . ဟဲ့ . . . ပြောရင်း အသက်ရှည်ဦးမယ်၊ ဟိုမှာ လွင်မင်းလတ်နဲ့ ဝင့်ဝါဦးတို့ ငါတို့ဆီလာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကလျာဒွေးက လက်ညှိုးညွှန်ပြတော့ ဝင့်ဝါဦးနှင့် လွင်မင်းလတ်တို့က နှောင်းတို့ရှိနေသော စားပွဲဝိုင်းဆီသို့ ဦးတည်လာနေပါသည်။

"နှောင်း . . . နင်ဘာလုပ်တာလဲ၊ နင်နဲ့ ရဲရင့်နဲ့ကို ကျောင်းသားနားနေဆောင်မှာ တွေ့တယ်နော်၊ နင်နဲ့သူက မတည့်ဘူး၊ မတည့်ဘူးနဲ့ ဟိုက နင့်ကို ရေသန့်ဗူးတွေဘာတွေပေးလို့ စကားတွေပြောလို့၊ နင်တို့နှစ်ယောက်အရှိန်ပျက်မှာစိုးလို့ ငါနဲ့ ကိုလွင်မင်းလတ်က မခေါ်တော့ဘဲ ထွက်သွားတာ၊ ပြောစမ်းပါ . . . ဒါဘာသဘောလဲ"

"ဟုတ်တယ် . . . ရဲရင့်ဆိုတဲ့ကောင်က ပြောတော့ နှောင်းကို စွာတယ်၊ ဘာဖြစ်တယ်နဲ့၊ ဒီကောင့်ကိုတွေ့ရင် အပြတ်ပေးရမယ်၊ သတင်းထိန်ချန်မှုအတွက်"

ရောက်ရောက်ချင်းဆိုသလို ဝင့်ဝါဦးနှင့် လွင်မင်းလတ်တို့က သူတို့မြင်တွေ့ရသဖြင့် သူတို့အထင်ကို ပြောပါသည်။

"ဝင့်ဝါဦးရယ် . . နင်တို့နှစ်ယောက်က သွားချင်ရာသွား၊ အတန်းတောင် မတက်ဘဲနဲ့ ဘာမှသေချာမသိဘဲ ပြောနေတယ်၊ နင်တို့ထင်သလို တစ်ခုမှမဟုတ်ဘူး၊ ငါရှင်းပြမယ် × × × × × ×"

ဝင့်ဝါဦးနှင့် လွင်မင်းလတ်ကို နှောင်းခင်ခင်က ဖြစ်ကြောင်းကုန်စင်ရှင်းပြပါသည်။

"နှောင်း . . . ငါတစ်ခုမေးမယ်၊ နင်မှန်မှန်ဖြေရမယ်နော်၊ နင့်ကို ရဲရင့်က ရေသန့်ဗူးပေးတဲ့ကိစ္စကို နင်ကျေနပ်နေတယ် မဟုတ်လား"

ဝင့်ဝါဦးအမေးကို နှောင်းဘယ်လိုဖြေရမှန်း မသိပါ။

"နှောင်း . . . နင်ကျေနပ်နေပါတယ်၊ တို့လို မိန်းမသားတွေဟာ ယောကျ်ားသားတစ်ဦးဆီက လိုချင်တာ သိတတ်မှု၊ ဂရုစိုက်မှုလည်း တစ်ခုပါတယ်ဆိုတာပဲ၊ နင့်ကို ရဲရင့်က သိတတ်မှုနဲ့ပေးတဲ့ ရေသန့်ဗူးကြောင့် နင်အကျေနပ်ကြီး ကျေနပ်နေတာ နင့်မျက်နှာမှာ ပေါ်နေပါတယ်ဟာ"

နှောင်းခင်ခင် ဘာမှပြန်မပြောချင်ပါ။ ဘာဖြစ်လို့လည်းဆို ဝင့်ဝါဦးပြောတာ မှန်နေလို့ပါပဲ။



**လျှောက်နေခဲ့ပါတယ်**

**မြေလှမ်းတွေကို လှမ်းခဲ့ပါတယ်**

**ထူးခြားတာတွေများ**

**ကျွန်မရဲ့စိတ်အစဉ်ကို**

**တစ်ယောက်သောသူက ပြန်ပေးဆွဲပါရောလား။**

**နှလုံးသားနဲ့ရွေးမှ ရမယ်ထင်ပါရဲ့ကွယ်။**

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

ကမ္ဘာကြီးနေထိုင်မကောင်းဖြစ်နေတာ ကြာပါပြီ။ သဘာဝတရားတွေကလည်း ဖေါက်ပြန်သည်။ လူတွေကလည်း နေ့ရာ၊ အာဏာ၊ အခွင့်အရေး စသည်စသည် အကြောင်းအရာများအတွက် ဖေါက်ပြန်သည်။ တစ်နေ့တစ်နေ့ ကမ္ဘာကြီးအကြောင်း၊ ကမ္ဘာကြီးထဲက လူတွေအကြောင်း ကိုယ့်နိုင်ငံထဲက ဒေသအတွင်းအကြောင်း ကြားသိရသမျှ နေချင်စရာတစ်ကွက်မှမရှိပါ။ ဆန္ဒထုတ်ဖေါ်သူတွေနှင့် တင်းခံပြီး လိုက်လျောခွင့်မပေးချင်သူများ၊ အစည်းအဝေးခန်းမဆောင်ကြီးထဲမှ ပြဿနာများနှင့် မေးခွန်းများ၊ ပြည်တော်ပြန်ရှင်းတမ်းများ၊ လူမျိုးရေးပြဿနာများ၊ တယ်လီဖုန်းကိစ္စနှင့် မြေယာကိစ္စများ၊ နံနက်ခင်းအချိန်များကို ထိုသတင်းများပါဝင်သည့် ဂျာနယ်စာမျက်နှာများက သိမ်းပိုက်သွားကြသည်။

သည်အုတ်ခုံမှာထိုင်ရင်း ဝင်းထူးနှင့် လွင်မင်းလတ်ကိုစောင့်ရင်းမှ ပျင်းပျင်းရှိတာနှင့် စီးကရက်ဖွာရင်း စိတ်ထဲရှိတာတွေကို ရဲရင့်တွေးနေမိသည်။ စီးကရက်က တစ်လိပ်သာ ကုန်သွားသည်။ အတွေးတို့က မကုန်ခမ်းသေးပါ။ ရဲရင့်က စီးကရက်၊ ကွမ်းယာရောင်းသူ ဦးလေးကြီးထံမှ စီးကရက်တစ်လိပ်ထပ်ဝယ်ပြန်သည်။ စီးကရက်ဆက်ဖွာပြီး ကမ္ဘာ





ကြီးအကြောင်းကို ဆက်တွေးမည်ဟု။

"ဦးလေး . . . စီးကရက်တစ်ဗူးပေးပါ"

ရဲရင့်က သူ့အနားမှာ ကြားဖူးနေသည့် အသံမျိုးကြားရသဖြင့် ကြည့်လိုက်မိသည်။

နှောင်းခင်ခင်က စီးကရက်ဗူးဝယ်နေပါသည်။

"ရော့ . . . ဒါ ရှင်သောက်ဖို့၊ ကျွန်မကားရပ်ရင်း ရှင်စီးကရက်သောက်ပြီး စဉ်းစားနေတာတွေ့လို့၊ ဒါတွေသောက်ပြီး ထပ်စဉ်းစားပေါ့"

နှောင်းခင်ခင်က ရဲရင့်ကို စီးကရက်ဗူးပေးပါသည်။ ရဲရင့်က သူ့အားပေးသည့် စီးကရက်ကို မယူသေးဘဲ . . .

"ဟိုတစ်နေ့က ရေသန့်ဗူးပေးတာကိုပြန်ပြီး အကြွေးဆပ်တာမျိုးဆို ကျွန်တော်လက်မခံပါရစေနဲ့၊ အဲဒီနေ့က ဘာရည်ရွယ်ချက်မှမပါဘဲ စိတ်သန့်သန့်နဲ့ ပေးခဲ့တာ၊ ပြီးတော့ ကျွန်တော်က စီးကရက်သောက်လေ့သောက်ထရှိတာ မဟုတ်ဘူး။ ဒီနေ့ သူငယ်ချင်းတွေကိုစောင့်ရင်း ပျင်းလို့အေးချင်ရာတွေးရင်း ဖွာနေတာ၊ ခင်ဗျားဒီလိုပေးတာကိုတော့ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်မသောက်ပါရစေနဲ့ ပြန်ယူသွားပါ"

"ရှင့်အတွက် ကျွန်မက ရှင်သောက်တတ်မယ်ထင်လို့ပေးတာ၊ မယူချင်လည်း ရတယ်လေ၊ ကဲ . . . သွား"

နှောင်းခင်ခင်စိတ်တိုသွားပြီး စီးကရက်ဗူးကို လွှင့်ပစ်လိုက်ပြီး ရဲရင့်အနားကနေ လှည့်အထွက်မှာ . . .

"ဒီမှာ . . . ကျွန်တော်ပြောတာ ရိုးရိုးပါ၊ ဒီမှာ ဒီမှာ . . . ခင်ဗျား စိတ်ဆိုးသွားသလား"

ရဲရင့်က နှောင်းခင်ခင်လွယ်ထားသော အိတ်ကို လှမ်းဆွဲပြီး ပြောတာ နှောင်းခင်ခင်က . . .

"ဘာမှမပြောနဲ့၊ ကျွန်မ မသိချင်ဘူး"

"မဟုတ်ပါဘူးဗျာ . . . နေပါဦး၊ ကျွန်တော်ပြောပါရစေ . . . နော်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်က နှောင်းခင်ခင်လွယ်ထားသော အိတ်ကိုဆွဲကာ လက်ထ မလွှတ်ပေးပါ။ နှောင်းခင်ခင်ကလည်း ရုန်းပါသည်။

"ရှင် . . . အိတ်ကို လွှတ်နော်"

"မလွှတ်ဘူးဗျာ"

"ဘုတ် . . ."

ရဲရင့်က ဆွဲ၊ နှောင်းခင်ခင်က ရုန်းနှင့် နှောင်းခင်ခင်လွယ်ထား သော အိတ်က ကြိုးပါးသဖြင့် ပြတ်ပြီး ပြုတ်ကျသွားပါသည်။

"ပြဿနာပဲဗျာ . . . ကျွန်တော့်ကြောင့် အိတ်ကြိုးပြတ်သွားပြီ ခင်ဗျားက စိတ်ချည်းပဲ၊ ကျွန်တော်ရှင်းပြတာ သေသေချာချာမှ နား ထောင်တာ"

ရဲရင့်က အိတ်ကိုပြန်ကောက်လိုက်ပြီး နှောင်းခင်ခင်အားပေး လိုက်သည်။

"စိတ်ဆိုးတာပေါ့၊ ရှင်မသောက်ချင်လည်း ကျွန်မကွယ်ရာရောက် မှ လွှင့်ပစ်ချင်လွှင့်ပစ်ပေါ့၊ လူတစ်ယောက်ရဲ့စေတနာဆိုတာ အသိအမှတ် ပြုပေးရတယ်ဆိုတာကိုကော ရှင်သိလား"

"မမျှော်လင့်တဲ့ အမှားအတွက် မမျှော်လင့်တာ ဖြစ်သွားရတဲ့ အတွက် ဒီလိုမမျှော်လင့်ဘဲတွေ့ရလို့ တောင်းပန်ဖို့ ဖြစ်လာရပါတယ် တောင်းပန်ပါတယ် . . . ကျေပါနော်"

"ရှင်ဟာလေ စကားကို ရိုးရိုးပြောလည်း ရသားနဲ့၊ တော်တော် လျှာရှည်တာပဲ၊ မိကျောင်းသားလား"

"မဟုတ်ပါဘူးဗျာ . . . ဦးခင်မောင်ရင်နဲ့ ဒေါ်မေသက်ထားရဲ့ သားပါ၊ တော်သေးတယ် . . . ကျွန်တော်ပျင်းတာနဲ့ တွေးချင်ရာတွေးတုန်း ခင်ဗျားနဲ့ ဒီလိုကတောက်ကဆလေး ဖြစ်သွားရတာ၊ ဒါကလည်း ခင်ဗျား နဲ့ကျွန်တော်ကြုံတိုင်း အမှတ်တံဆိပ်တစ်ခုလို ဖြစ်နေပြီ . . . နေဦး"

ရဲရင့်က အိတ်ထဲကနေ ချောကလက်ဗူးတစ်ခုကို ထုတ်ယူလိုက် သည်။





"ဒီချောကလက်က ပထမတော့ သူငယ်ချင်းနှစ်ယောက်ကို ကျွေး မလို့၊ ဒါပေမယ့် ဒီနှစ်ယောက်က မစားထိုက်ဘူး၊ ဒီတော့ ဒီချောကလက် တောင့်ဟာ ခင်ဗျားအတွက် ဖြစ်သွားပြီ၊ ကျွန်တော်ပေးတာကို လက်ခံ ပါနော်"

"ကျွန်မက သူများအတွက် ရည်ရွယ်ထားပြီးမှ ပေးတာမျိုးကို လက်မခံနိုင်ဘူး"

"ငြင်းမယ်မကြံပါနဲ့ဗျာ၊ ဒီတစ်ခါ ခင်ဗျားထွက်သွားရင် အိတ်ကို ဆွဲလို့က မရတော့ဘူး၊ ကြိုးက ပြတ်နေပြီလေ၊ ဒီကြိုးပြတ်တဲ့အိတ်နဲ့ အတန်း ဘယ်လိုတက်မလဲ၊ ခင်ဗျားစောင့်နေမလား၊ ကျွန်တော်ပြန်ဝယ် ပေးမယ်၊ ရော့ . . . ဒီချောကလက်ယူထား"

ရဲရင့်က နှောင်းခင်ခင်လက်ထဲ ချောကလက်ကို အတင်းထည့် ပေးလိုက်သည်။

"ဘယ်လိုလူလဲ၊ သူဖြစ်ချင်တာပဲ သိတယ်၊ တကယ်တည်း"

နှောင်းခင်ခင်က ရဲရင့်ပေးသော ချောကလက်ဗူးကို သူမအိတ် ထဲထည့်လိုက်သည်။

"အိတ်က ရှင်ပြန်မဝယ်ပေးပါနဲ့၊ ကိုယ့်ဖာသာကိုယ် ကြိုက်တဲ့ အရောင်ဝယ်မယ်၊ တော်ကြာ . . . ကျွန်မ မကြိုက်တဲ့ အရောင်ဖြစ်နေ ဦးမယ်"

"ဟုတ်ကဲ့ပါဗျာ . . . ခင်ဗျားနဲ့ ကျွန်တော်ကလည်း တကယ့်ကို ထင်မှတ်တာတွေမှ ဖြစ်တတ်တယ်၊ ခင်ဗျားဘယ်သွားဦးမလဲ၊ ကျွန်တော် ကတော့ ဒီအုတ်ခုံမှာထိုင်ရင်း သူငယ်ချင်းနှစ်ယောက်ကို စောင့်ရဦးမယ်"

"ကျွန်မကတော့ မစောင့်တော့ဘူး၊ ရှင့်ကြောင့် အိတ်ပြန်ဝယ်ရ မှာဆိုတော့ အတန်းတက်တော့ဘူး . . . သွားပြီ"

နှောင်းခင်ခင်က ရဲရင့်အနားကနေ ထွက်သွားပါသည်။ ရဲရင့် ကတော့ အုတ်ခုံမှာ ပြန်ထိုင်ရင်း နှောင်းခင်ခင်က ရပ်ထားသောကားကို မောင်းပြီးထွက်သွားတာကို ထိုင်ကြည့်နေမိပါသည်။ ပြီးတော့ နှောင်းခင်



www.burmeseclassic.com

www.burmeseclassic.com



ခင်လွင့်ပစ်လိုက်သော စီးကရက်ဗူး ဘယ်နေရာမှာရှိမလဲလို့ ထိုင်ရာမှ ထကာ လိုက်ရှာနေမိပါသေးသည်။

❑

ချောကလက်ဗူးလေးကို နှောင်းခင်ခင်လက်ထဲမှာ ကိုင်ထားပြီး တစိမ့်စိမ့်ကြည့်နေမိသည်။ သူမဆီရောက်ရှိနေသည့် နှစ်ရက်အတွင်းမှာ သူမကြည့်မိတာ ဘယ်နှစ်ကြိမ်ရှိမှန်းတောင် မသိတော့ပါ။ ပေးသူတ ပေးပေမယ့် သူမ,မစားရက်ပါ။

"ဟဲ့ . . . ချောကလက်ဗူးကို ကိုယ့်ရည်းစားအမှတ်နဲ့ ဘာလို့ ကြည့်နေတာလဲ၊ အတော်ပဲ . . . ဗိုက်ဆာနေတာနဲ့၊ ဖေါက်ဟာ စားရအောင်"

စာသင်ခန်းထဲကို အပြင်ကနေ ပြန်လာသော ကလျာဌေး၊ မြမြမူနှင့် ဝင့်ဝါဦးတို့က ဝင်လာရင်းမှ မြမြမူက မြင်သွားပြီး ပြောလိုက်ပါသည်။

"နင်တို့စားချင်ရင် တစ်ခြားဟာ စား၊ နှောင်းလိုက်ဝယ်ကျွေးမယ်၊ ဒါတော့ မရဘူး"

"နှောင်း . . . ထူးထူးဆန်းဆန်း ဒီချောကလက်ကျမှ ဘာဖြစ်လို့လဲ"

မြမြမူက ထပ်မေးပြန်ပါသည်။

"ကလေးငယ်တစ်ယောက်က သူ့ကစားစရာ အရုပ်ကလေးတစ်ရုပ် ကျိုးပဲ့ဆုံးရှုံးလို့ ခံစားရတာက ဘုရင်တစ်ပါးဆုံးရှုံးသွားတဲ့ သရဇ္ဇကြောင့် ခံစားရတာချင်းတူသလိုမျိုးပေါ့ဟာ၊ ဒီချောကလက်ကို နင်တို့ကိုကျွေးရင်လည်း ငါက အဲဒီလို ခံစားရမှာပဲ"

"ဘုရားရေ . . . နှောင်း . . . တစ်ခါဖူးမှ နှောင်းပါးစပ်က ခံစားမှုဆိုတာ မကြားရဘူးတာ ဒီနေ့မှ အထူးအဆန်းတွေ ကြားနေရပါလား၊ ဒီချောကလက်က ဘယ်လောက်တောင် တန်ဖိုးရှိနေလို့လဲ"





"သိပ်တန်ဖိုးရှိတာပေါ့ ကလျာဌေးရယ်၊ လူတစ်ယောက်က အသိအမှတ်ပြုပြီး ပေးတာလေ"

"ပြော . . . ပြော . . . အဲဒီလူက ဘယ်သူလဲ"

ဝင့်ဝါဦးကလည်း မနေနိုင်ပါ။ နှောင်းခင်ခင်၏ပခုံးကိုကိုင်ပြီး သိချင်ဇောဖြင့် မေးပါသည်။

"ရဲရင့်က ပေးတာလေ"

"ဘာ . . . နှောင်းကို ရဲရင့်က ပေးတယ် . . . ဟုတ်လား၊ နားရှိလို့သာ ကြားရတယ်၊ လောကကြီး ဘယ်လိုဖြစ်ကုန်တာလဲ၊ ပြောစမ်းပါဦး"

သူငယ်ချင်းမသုံးဦးစလုံးက နှောင်းခင်ခင်အား အံ့အားတသင့်ဖြင့် မေးသောကြောင့် နှောင်းခင်ခင်က ချောကလက်ဗူးကို လက်ကမချဘဲ ဖြစ်ကြောင်းကုန်စင်ရှင်းပြတော့ သူငယ်ချင်းမသုံးဦးက စိတ်ဝင်တစားနှင့် ရှိနေပါသည်။

"နှောင်း . . . နှောင်းနဲ့ ရဲရင့်တို့အဖြစ်က ဒေါသနဲ့တွေ့ကြ၊ စိတ်ဆိုးကြနဲ့၊ ဟော . . . စိတ်ဆိုးတွေ ပြေတော့လည်း စီးကရက်ဗူးဝယ်ပေးရတာနဲ့၊ ရေသန့်တိုက်ရတာနဲ့၊ ချောကလက်ဗူးပေးရတာနဲ့ ရှုပ်နေတာပဲ၊ နှောင်းနဲ့ ရဲရင့်တို့နှစ်ယောက်က တကယ်တမ်းကျေးရှူးတင်ကြေးဆို နှစ်ယောက်သားစိတ်ဆိုးဒေါသထွက်တဲ့ အကြောင်းတရားတွေကို ကျေးဇူးတင်ရမှာ . . . သိလား"

နှောင်းခင်ခင်စကားအဆုံးမှာ ဝင့်ဝါဦးက မှတ်ချက်စကားဆိုပါသည်။ နှောင်းခင်ခင်က သူငယ်ချင်းမသုံးဦးကို ကြည့်လိုက်ပြီး . . .

"ဂရိပညာရှိကြီး အရစ္စတိုတယ်က ပြောဖူးတယ်၊ လောကကြီးမှာ ဘယ်သူမဆို စိတ်ဆိုးနိုင်တယ်တဲ့၊ စိတ်ဆိုးတာ ဒေါသဖြစ်ရတာတာ အလွယ်ဆုံးပဲတဲ့၊ ဒါပေမယ့် ဘယ်သူ့ကို စိတ်ဆိုးသင့်တယ်၊ ဘယ်အတိုင်းအတာထိ စိတ်ဆိုးရမယ်၊ ဘယ်အချိန်မှာ စိတ်ဆိုးသင့်သလဲ၊ ဘယ်ကိစ္စအတွက် စိတ်ဆိုးရမလဲ၊ ဘယ်လိုနည်းမျိုးနဲ့ စိတ်ဆိုးသင့်တယ်ဆိုတာက



www.burmeseclassic.com

www.burmeseclassic.com



တော့ မလွယ်ဘူးတဲ့၊ နှောင်းနဲ့ ရဲရင့်နဲ့တွေ့ခဲ့ကြ၊ စိတ်ဆိုးကြ၊ ဒေါသဖြစ်ခဲ့တာက ရည်ရွယ်ချက်မပါလို့မှ မဟုတ်တာ၊ အကြောင်းတစ်ခုခုကြောင့်ပဲ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ နှောင်းအဖြေနဲ့ နှောင်းတော့ ဟုတ်နေတာပဲ"

ထိုအခါ ဝင့်ဝါဦးက နှောင်းခင်ခင်ကိုကြည့်လိုက်ပြီး . . .

"နှောင်း . . . နင့်ကို ငါတစ်ခုပြောပြမယ်၊ ငါလေ ကိုလွင်မင်းလတ်ဆီက သိရသလောက် ရဲရင့်အကြောင်းကြားရတာ သူ့အကြောင်းက သူ့ကောင်းကြောင်းချည်းပဲ၊ ဝင်းထူးကလည်း ပြောတယ်၊ ရဲရင့်နဲ့ သူတို့ ငယ်ငယ်လေးကတည်းက သူငယ်ချင်းဖြစ်ကြတာ၊ ရဲရင့်က သူများ မကောင်းကြောင်းလည်း မပြောဘူး၊ သူ့ဆီကနေ သူများမကောင်းတာကိုပြောတာ ဒီနေ့ထိ မကြားရဘူးတဲ့ဟာ၊ ထူးတော့ ထူးတယ်၊ နှောင်း . . နင်လက်မလွှတ်နဲ့နော်"

"လက်မလွှတ်ရအောင် နှောင်းနဲ့က ဘာဆိုင်လို့လဲ၊ အနေသာကြီးပဲဟာ"

"စကားကို အကုန်မပြောနဲ့ . . . နှောင်း"

နှောင်းခင်ခင်က မပြောတော့ပါ။ ချောကလက်ဗူးလေးကိုသာ စိုက်ပြီးကြည့်နေမိပြန်ပါသည်။

❑ ❑ ❑



လေညင်းကတော့ လာချင်ပါရဲ့

သူ့စမျာ

အင်မှတ်အဲ ဖြူနိုတိုက်တော်စံရပါရောကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မြို့ထဲမှာ ဝယ်စရာရှိတာ ဝယ်ပြီးသွားပြီ။ သည်နေ့မှ ဖခင်ဖြစ်သူ ဦးမင်းဒင်ကော မမငြိမ်းပါ နှောင်းခင်ခင်နှင့်အတူ ပါလာပါသည်။ ဒေါ်ဝတ်ရည်ခင်ကတော့ အိမ်မှာလုပ်စရာကိုင်စရာတွေရှိသဖြင့် နေခဲ့သည်။ တနင်္ဂနွေနေ့ဆိုပေမယ့် ကားလမ်းတွေက ကားပိတ်ဆို့နေတာ အစဉ်အလာကို မဖျက်သည့်သဘောပင်။ စိတ်ရှည်ရှည်ထားပြီး ကားကို သတိနှင့်မောင်းရင်းက My Garden ဆိုင်ဆီသို့ လာခဲ့သည်။ ဆိုင်ရှေ့ရောက်တော့ ကားကိုလွတ်နေသော နေရာတွင် ရပ်လိုက်ပြီး နှောင်းခင်ခင်တို့ ဆိုင်ထဲသို့ဝင်လာခဲ့သည်။ ဆိုင်ထဲမှာက လူသိပ်မများပါ။ လေအေးပေးစက်ဆီမှ အအေးဓါတ်က တစ်ဆိုင်လုံးကို လွှမ်းပျံ့နေသည်။ လေအေးပေးစက်နှင့် အနည်းငယ်ဝေးသော နေရာမှာ ထိုင်လိုက်ကြပြီး ကိုယ်နှစ်သက်ရာအသီးသီးကို မှာလိုက်ကြသည်။

"သမီးရေ . . . ဒီညနေတော့ ညနေစာကို ဒယ်ဒီအိမ်မှာမစားဘူး၊ သူငယ်ချင်းတွေနဲ့ ချိန်းပွဲရှိတယ်၊ ထမင်းစားဖို့ ဒယ်ဒီကို စောင့်မနေနဲ့"

ဦးမင်းဒင်က ကော်ဖီခါးခါးတစ်ငုံသောက်လိုက်ပြီး ဂျယ်ရီကိတ်ကို ဇွန်းနှင့်ခပ်စားလိုက်သည်။





"ဒယ်ဒီ သိပ်လည်းမများနဲ့နော်၊ ဒယ်ဒီတို့က လူစုံရင် ပြောလို့ရတာ မဟုတ်ဘူး"

"ဒီညက ထူးတယ် သမီးရဲ့၊ အရင်ပွဲတွေက သရေဖြစ်နေတဲ့ အစဉ်အလာကို ချိုးတဲ့အနေနဲ့ ညနေမှာ ဂေါက်ရိုက်မယ်၊ အနိုင်အရှုံးကို ညစာအဖြစ် ကျွေးရမယ်၊ ကျွေးတာက အဓိကမဟုတ်ဘူး၊ အောင်မြင်မှုကို လိုချင်တာ၊ ခင်မောင်ရင်ရဲ့ ရှုံးနိမ့်တဲ့မျက်နှာကို တစ်ဝကြီးကြည့်ချင်တာ သမီးရဲ့"

"အို . . . ဒယ်ဒီကလည်း စားရင်းသောက်ရင်းနဲ့ အကုသိုလ်ဖြစ်အောင် ပြောနေပြန်တယ်"

နှောင်းခင်ခင်စကားတော့ ဦးမင်းဒင်နားထောင်ပါသည်။ ဘာစကားမှ ထပ်မပြောတော့ပါ။ ထိုစဉ် . . .

"နှောင်း . . . ဟိုမှာ . . . နှောင်းနဲ့စကားများတဲ့ကောင်လေး မဟုတ်လား"

မမငြိမ်းက ရုတ်တရက်ဆိုသလို ပြောလိုက်လို့ နှောင်းခင်ခင်က ကြည့်လိုက်တော့ ရဲရင့်နှင့်အတူ မမငြိမ်းနှင့် သက်တူရွယ်တူလောက်ရှိမည့် အမျိုးသားတစ်ဦးက ဆိုင်ထဲသို့ ဝင်လာတာကို မြင်နေရသည်။ ဦးမင်းဒင်ကလည်း သောက်လက်စကော်ဖီကို ဆက်မသောက်တော့ဘဲ ကြည့်လိုက်သည်။

ကိုဘလှတို့မှာ ကွန်ပျူတာ Laptop တစ်လုံးဝယ်တာ ကြိုက်တဲ့ဆိုင်မှာ ကြိုက်သလိုရွေး ကျသလောက်ပေးပြီး ဝယ်လို့ရတာကို ရဲရင့်အားအဖော်အဖြစ် ခေါ်သွားသည်။

ဆိုင်ရောက်တော့ နည်းပညာရပ်လည်း အသင့်အတင့်မြင့်ပြီး အရည်အသွေးလည်း ကောင်းမွန်သော Laptop တစ်လုံးကို ရဲရင့်ကရွေးပေးပြီး ဝယ်ခိုင်းခဲ့သည်။

ဒါကို ကိုဘလှက Laptop ဝယ်ပြီးသွားလို့ တစ်ခုခုစားမည်ဆိုပြီး My Garden သို့ ရောက်လာတာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲသို့ ကိုဘလုနှင့် ဝင်ဝင်ချင်းမှာပဲ နှောင်းခင်ခင်တို့ ရောက်နေတာကို လှမ်းမြင်ရသည်။ ပထမတော့ နှုတ်မဆက်ဘဲနေမလို့ စိတ်ကူးပါသည်။ နှောင်းခင်ခင်တို့ကလည်း သူတို့နှစ်ယောက်ဝင်လာတာကို မြင်သဖြင့် သွားပြီးမနှုတ်ဆက်လျှင် ရိုင်းရာကျသွားမည်ဟုလည်း ထင်မိသည်။

"ကိုဘလု . . . အစ်ကိုထိုင်ဦး၊ ဟိုမှာ အသိတွေ့လို့ နှုတ်ဆက်လိုက်ဦးမယ်"

ရဲရင့်က ကိုဘလုကိုထားခဲ့ပြီး နှောင်းခင်ခင်တို့ စားပွဲဝိုင်းရှိရာသို့ သွားပါသည်။

"နှောင်းတို့ပါလား . . . ကျွန်တော်က အသိ Laptop တစ်လုံးဝယ်ချင်တယ်ဆိုလို့ လိုက်ဝယ်ပေးရင်း ဒီကိုရောက်လာတာ"

"ဟုတ်လား . . . နှောင်းတို့လည်း ဈေးဝယ်ပြီး ရောက်လာတာ၊ ထိုင်ပါဦးလား"

"ရတယ် . . . ဟိုမှာ အသိတစ်ယောက်တည်း ဖြစ်နေလို့"

နှောင်းခင်ခင်နှင့် ရဲရင့်တို့ တစ်ဦးနှင့်တစ်ဦး စကားပြောနေတာကို ဦးမင်းဒင်က အကဲခတ်ကြည့်ရှုနေသလို မမငြိမ်းကလည်း နှောင်းနှင့် ရဲရင့်တို့ ဘယ်လိုရင်းနှီးသွားသလဲဆိုတာကို အံ့အားတသင့်ရှိနေမိသည်။

"ဪတူ . . . မင်းက ခင်မောင်ရင့်သားလား"

"ဟုတ်ပါတယ် အန်ကယ်၊ ဘာကိစ္စများ ရှိလို့ပါလဲ"

"အေး . . . မင်းရဲ့အဖေကို ပြောလိုက်ပါကွာ၊ ဒီညနေ ဂေါက်ရိုက်တဲ့အခါ အန်ကယ့်ကို နိုင်အောင်ရိုက်လို့၊ အန်ကယ်ကတော့ Ready လို့၊ ဒီနေ့တော့ မင်းရဲ့အဖေရှုံးဖို့များပါပြီကွာ"

ဦးမင်းဒင်စကားကြောင့် ရဲရင့်စိတ်ညစ်သွားပါသည်။ ရဲရင့်လိုပဲ နှောင်းခင်ခင်လည်း မျက်နှာပျက်သွားပါသည်။

"အန်ကယ်ရာ . . . အခုအန်ကယ်ပြောတဲ့စကားက ကျွန်တော့်ကို သွယ်ဝိုက်ပြီး ပြောခိုင်းတာထက် အန်ကယ်ကိုယ်တိုင် တိုက်ရိုက်ပြော





ရင် ပိုပြီးထိရောက်မှုရှိပါလိမ့်မယ်၊ ယှဉ်ပြိုင်တဲ့သူတွေဆိုတာ ကိုယ့်ရဲ့ပြိုင်ဘက်ကို ရဲဝံ့စွာ လူချင်းတွေ့စိန်ခေါ်တတ်ပါတယ်"

"ဟော့ကောင် . . . မင်းက ငါ့ကို သရဲဘောကြောင်တယ်လို့ ပြောတာလား"

"ဒါကတော့ ဒီအဖြေအတွက် အန်ကယ်ကိုယ်တိုင်ပဲ သိပါလိမ့်မယ်"

"တော်တော့ . . . ခင်မောင်ရင့်သားက ခင်မောင်ရင့်အတိုင်းပဲပါလားကွ၊ သမီး မြန်မြန်သောက် . . . သွားမယ်"

ရဲရင့်စကားက ဦးမင်းဒင်အရွိုက်ကို ထိမှန်သွားလို့ ဦးမင်းဒင်အခံရခက်သွားပုံရပါသည်။ ပိုက်ဆံကို အတင်းရှင်းခိုင်းနေပါသည်။

"နှောင်း . . . ခွင့်ပြုပါဦး၊ အန်ကယ် . . . ခွင့်ပြုဦးနော်"

ရဲရင့်က နှောင်းခင်ခင်တို့ အနားကနေ ထွက်သွားပါသည်။

"ဒယ်ဒီ ဘယ်လိုပြောလိုက်တာလဲ၊ သမီးဖြင့် တစ်ဖက်လူကို အားနာလိုက်တာ"

"ဘာအားနာစရာလိုလဲ၊ တမင်တကာ ခင်မောင်ရင့်ဆီ ဒီစကားပြန်ကြားရအောင် ဆွလိုက်တာ၊ ဒါနဲ့ သမီးက ဒီကောင်လေးနဲ့ မတည့်ဘူးပြောပြီး အခုတော့ ဘယ်လိုဖြစ်တာလဲ၊ သမီး . . . ဒယ်ဒီတို့ကွယ်ရာမှာ ဘာတွေဖြစ်ခဲ့လဲ . . . ပြောပါဦး"

ဦးမင်းဒင်မေးသလိုမျိုး မမငြိမ်းကလည်း မနေနိုင်ပါ။

"ဟုတ်တယ် နှောင်း . . . ဒါက ဘယ်လိုဖြစ်သွားကြတာလဲ၊ နှောင်းက သူနဲ့စကားပြောတဲ့အခါ မျက်နှာက ကျေနပ်နေတာ သတိထားမိတယ်"

"ဘယ်လိုဖြစ်ရမှာလဲ၊ လူဆိုတာ အမြဲတမ်းပဲ မုန်းနေရအောင်လို့ ဘယ်သူက သတ်မှတ်ပေးထားလို့လဲ"

"သမီး . . . သတ်မှတ်ချင်မှတ်၊ မမှတ်ချင်နေ၊ ခင်မောင်ရင့်သားနဲ့ကတော့ မဖြစ်ဘူး၊ ဒီကောင်တွေဖက်က အနိုင်ရသွားလို့ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ဒယ်ဒီရာ . . . ပြန်မယ်"

နှောင်းခင်ခင်က စိတ်ညစ်သွားသလိုမျိုး ထိုင်ရာမှထကာ ထွက်လာခဲ့သည်။ ဦးမင်းဒင်နှင့် မမငြိမ်းကလည်း နောက်ကလိုက်လာခဲ့သည်။ ဆိုင်ပေါက်ဝရောက်တော့ နှောင်းခင်ခင်က မသိမသာ လှည့်ကြည့်တော့ ရဲရင့်က သူ့ကိုပြုံးပြပါသည်။ နှောင်းခင်ခင် ကျေနပ်မိပါ၏။

❑

ဦးခင်မောင်ရင်က ဂေါက်ရိုက်သည့်အိတ်ကို ကားထဲထည့်လိုက်ပြီး တံခါးကို ပြန်ပိတ်လိုက်သည်။ ပြီးတော့ လက်ထဲမှာ ကိုင်ထားသော ဂေါက်ရိုက်သူများဆောင်းသည့် ဦးထုပ်ကို ဆောင်းလိုက်ပြီး ကားနောက်ကြည့်မှန်မှာ သူ့ကိုယ်သူပြန်ကြည့်ပြီး ကျေနပ်နေသည်။

"အဖေ . . . အားတွေထည့်တားဦး၊ မှန်ချည်းပဲ ကြည့်မနေနဲ့၊ အဖေ့ပြိုင်ဘက်က အခုလောက်ဆို ဘီယာသောက်ပြီး စောင့်နေတော့မယ်"

အိမ်ထဲကနေ ထွက်လာသော ရဲရင့်က ပြောတော့ . . .

"သား . . . ညီလေးဘလုနဲ့ ပြန်လာပြီး အဖေ့ကို မင်းဒင်ရှိသလို ပြောလိုက်ကတည်းက အဖေဒီနေ့ ဒီကောင့်ကို အပြတ်ဖြတ်ပြမယ်၊ ဒီကောင်မို့လို့ကွာ . . . ကိုယ့်သမီးရှေ့မှာထားပြီး သူများမကောင်းပြောရဲတယ်၊ အေးလေ . . . ဒီကောင်က အဲဒီလိုပြောမှ ထမင်းစားကောင်းမှာကိုး၊ ဒါကြောင့် ဒီကောင့်ရုပ်က ကြည့်ပါလား၊ အဖေနဲ့တူလို့လား"

"အဖေကလည်း ဦးမင်းဒင်က မချောဘူးပဲထား၊ သူ့သမီးကတော့ ချောပါတယ် အဖေရာ"

ရဲရင့်စကားကြောင့် ဦးမင်းဒင်က မျက်မှောင်ကုပ်ပြီး ကြည့်လိုက်ကာ . . .

"ရဲရင့် . . . ဘယ်လို မင်းက မင်းနဲ့မတည့်တဲ့ မင်းဒင်သမီးရဲ့





အလှတွေတောင် ချီးမွမ်းလို့ပါလား၊ ငါ့သားတော့ ဒီကောင့်ရဲ့သမီးအလှတွန်ယက်ထဲမှာ ကျုံးသွင်းခံရပြီထင်တယ်"

"အဖေ့စကားက ကြီးသွားပြီ၊ ကျွန်တော်က လှတာကို လှတယ်ပြောတာပါ . . . အဖေရာ"

"ဒီမှာ ရဲရင့် . . . အဖေပြတ်ပြတ်ပဲ ပြောမယ်၊ မင်းဒင်ရဲ့သမီးကို ရည်းစားဖြစ်အောင်လုပ်၊ ပြီးလို့ ဟိုက တန်းတန်းစွဲဖြစ်တဲ့အခါ ဖြတ်ပစ်၊ အဖေ ကောင်းကောင်းကြီး အရသာခံချင်လို့ပါကွာ"

"အဖေကလည်း အဖေ့စကားတွေက ဗွီဒီယိုတွေထဲမှာ ထွန်းထွန်းခင်းသရုပ်ဆောင်သလိုမျိုး ဖြစ်နေတယ်၊ ဒီထက်သစ်တာ ရှာပါဦး"

"ဟေ့ကောင် . . . မင်းနဲ့နောက်မှဆွေးနွေးမယ်၊ အခု မင်းဒင်နဲ့ကိစ္စက အရေးကြီးတယ်ကွ"

ဦးခင်မောင်ရင်က ကားကိုမောင်းပြီး ထွက်သွားပါသည်။ ညရောက်လျှင်တော့ ဘာတွေကြားရမည် မသိ။

❑

စားပွဲဝိုင်းပေါ်မှာရှိနေသော အမြည်းများနှင့် ဖန်ခွက်အသီးသီးမှာ ထည့်ထားသော ယမကာများကိုကြည့်ပြီး ဦးမင်းဒင်ပျော်လည်း မပျော်နိုင်ပါ။ သောက်လို့စားလို့လည်း မရဖြစ်နေပါသည်။ ဦးမင်းဒင်အဖို့ ပိုပြီးအခံရခက်တာက သူ့ရှေ့တည့်တည့်မှာ ဦးခင်မောင်ရင်က မျက်နှာပေါ်မှာရည်တွေလောင်းချသလိုမျိုး ပျော်မြူးအောင်ပွဲခံနေရင်း သောက်လိုက်စားလိုက်ရှိနေသလို ဦးပီတာနှင့် ဦးကျော်ခေါင်တို့နှစ်ယောက်ကလည်း ဦးခင်မောင်ရင်နှင့်အပြိုင် ပျော်မြူးနေကြသည်။

"ပီတာနဲ့ကျော်ခေါင် ချကွာ . . . အားမနာနဲ့၊ ငါ့ရဲ့အောင်ပွဲခြင်း အသီးအပွင့်ကို ခူးဆွတ်စားသုံးစမ်းပါ"

"ဒါတော့ မပူနဲ့ ခင်မောင်ရင်၊ ငါတို့က ဒီလိုပွဲမျိုး တယ်နွှေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာမလဲလို့ ပီတာကော ငါကော စောင့်နေရတာ၊ ဒီနေ့တော့ မင်းရဲ့အောင်ပွဲပေါ့ကွာ၊ ဟော့ကောင် မင်းဒင် . . . မင်းမျက်နှာက ဘာဖြစ်နေတာလဲ ကိုယ်ရှုံးတာကို ရဲရဲဝံ့ဝံ့လက်ခံစမ်းပါ၊ အရက်လည်း ကောင်းကောင်း မသောက်ဘူး"

ဦးကျော်ခေါင်က ငူငူကြီးငိုင်နေသော ဦးမင်းဒင်ကို စကားစလိုက်ပါသည်။

"ကျော်ခေါင် . . . သောက်မှာသာ သောက်၊ နောက်ဘာထပ်မှာမလဲ . . . ကြိုက်တာလုပ်၊ ပိုက်ဆံကုန်တာ ငါဂရုမစိုက်ဘူး၊ ငါ့ကို မင်းဒင်နိုင်သွားတာကို ငါက ငါ့လက်ကိုငါ မယုံနိုင်အောင် ဖြစ်နေတယ်၊ ဒီကောင့်လက်က ဒီနေ့မှကွာ"

ဦးမင်းဒင်စကားကြောင့် ဦးခင်မောင်ရင်က သောက်နေသော အရက်ခွက်ကို ချလိုက်ပြီး . . .

"မင်းဒင် . . . မင်းနဲ့ငါနဲ့က စိန်ခေါ်ပြီး ရိုက်တဲ့ဂေါက်ပြိုင်ပွဲမှာ ထားတဲ့ရည်ရွယ်ချက်ခြင်းက တူမှမတူတာပဲလေ၊ မင်းက ပြိုင်ပွဲကို အနိုင်ယူလိုစိတ်၊ အရှုံးမပေးချင်တဲ့စိတ်ဆိုတဲ့ ရည်ရွယ်ချက်ထားတယ်၊ ဒီတော့ မင်းမှာ စိုးရိမ်မှုက ရှုံးမှာဆိုတဲ့အသိက ဝင်လာပြီ၊ ငါကတော့ ပြိုင်ပွဲကို ပြိုင်ပွဲလို့ပဲ သတ်မှတ်တယ်၊ ငါ့ရဲ့အာရုံကို ပြိုင်ပွဲအပေါ်မှာပဲ ထားတယ်၊ ဒီတော့ ငါ့မှာ ဘာသောကမှ မရှိဘူး၊ မင်းကျတော့ ပင်ပန်းလိုက်တာကွာ၊ မပြိုင်ခင်ကတည်းက မနာလိုစိတ်တွေက များနေတာ၊ ငါ့သားကိုတောင် မင်းက My Garden ဆိုင်မှာ ငါ့ကို စိတ်ဓါတ်စစ်ဆင်ရေး Mind Game လုပ်ခဲ့သေးတာ မဟုတ်လား၊ ဒီတော့ အဲဒီဒဏ်တွေ မင်းဒီနေ့ခံစားရလို့ ရှုံးသွားတာပဲ"

ဦးခင်မောင်ရင်က ချထားသော အရက်ခွက်ကို ကောက်ခါမော့ ချလိုက်ပြီး . . .

"သိပ်ကောင်းတဲ့ Blue Lable ပဲကွာ၊ အောင်မြင်မှုကြောင့် ထင်ရဲ့"





"ဟော့ကောင် ခင်မောင်ရင် . . ဘဝမှာ တစ်ခါနိုင်ဖူးတာလောက်လေးနဲ့ မင်းကိုယ်မင်း သိပ်ဟုတ်နေပြီ မထင်နဲ့၊ မင်းနဲ့ငါနဲ့ နောက်ထပ်ပွဲစဉ်တွေ အများကြီးကျန်သေးတယ်၊ ပွဲက မပြီးသေးဘူး"

ဦးခင်မောင်ရင်၏စကားနှင့် အပြုအမူက ရှုံးနိမ့်သူ ဦးမင်းဒင်အတွက် အရှိုက်ထိုးခံလိုက်ရသလို ဖြစ်သွားသဖြင့် နောက်ဆက်တွဲစကားသံတွေ ထွက်လာပါသည်။

"မင်းဒင် . . . မင်းသဘောမပေါက်သေးဘူးနော်၊ ပြိုင်ပွဲဆိုတာ ပြိုင်ပွဲတစ်ခုလိုပဲ သတ်မှတ်ထားစမ်းပါ၊ ဘာဖြစ်လို့ နိုင်ကိုနိုင်ရမယ်ဆိုတဲ့ စိတ်ကို မင်းထားနေရတာလဲ၊ မင်းအစား ငါစိတ်ပင်ပန်းတယ်၊ လက်ရှိအချိန်မှာ ငါ့ရဲ့နိုင်ပွဲအတွက် မင်းဧည့်ခံပြုစုတဲ့ဟာတွေ မင်းလည်းသောက်သုံးရင်း ငါ့ကို ချီးမြှောက်ဂုဏ်ပြုစမ်းပါ"

"မင်းစကားရပ်တော့ . . . ဟော့ကောင်၊ မင်းနဲ့ငါ ထပ်တွေ့မယ်၊ မင်းရင်ဆိုင်ဖို့ ပြင်ထား၊ ဒီနေ့ကုန်ကျသမျှ ငါဘီလ်ရှင်းသွားမယ်၊ ခင်မောင်ရင် . . . မင်းဖက်က အသင့်ပြင်ထားပေတော့"

ဦးမင်းဒင်က ဒေါသတကြီးပြောရင်းက ထထွက်သွားပါသည်။

"မင်းဒင် . . . ဟာကွာ၊ ဒီကောင် ကလေးကျနေတာပဲ၊ ခင်မောင်ရင် . . . မင်းကလည်း ငြိမ်နေတာ မဟုတ်ဘူး၊ သွားဆွတာကိုး၊ မင်းတို့နှစ်ယောက် အမုန်းတွေကတော့ သံသရာရှည်တော့မှာပဲ"

ဦးပီတာက ဦးမင်းဒင်ထွက်သွားတာကိုကြည့်ပြီး ဝေဖန်ပြောဆိုတာကို ဦးခင်မောင်ရင်က လက်ကျန်အရက်ကို မော့သောက်ရင်းကနေ ဘာမှမပြောဘဲ တွေးနေပါတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝကြီးကိုကြည့်ပြီး
အားရပါးရ ရယ်နိုင်ပါသည်။
ဖြစ်စဉ်တွေက တစ်ကွက်ပြီးတစ်ကွက်
အရှိန်တွေမြန်လွန်းလို့
လောကစတာင် ငိုချင်းချရပါရောလား။

## အခန်း (၁၇)

သည့်အုတ်ခုံမှာ ထိုင်များထိုင်လေမလားလို့ ကြည့်မိပါသည်။ အုတ်ခုံအနီးအနားမှာ ကွမ်းယာ၊ စီးကရက်ကို ဗန်းနှင့်လွယ်ပြီး ရောင်းနေသော ဦးလေးကြီးမှလွဲပြီး ဘယ်သူမှမရှိပါ။ အိမ်ကနေ ထွက်လာကတည်းက ရည်ရွယ်ခဲ့ပါသည်။ မနေ့က My Garden ဆိုင်က ကိစ္စကို ပြောချင်လို့ပါ။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ့်မှာတာဝန်ရှိတာက အမှန်ပင် ဖြစ်သည်။ သို့သော် လာလိုလာငြား စောင့်ကြည့်ဦးမည်ဆိုပြီး အုတ်ခုံမှာ ထိုင်နေမိသည်။ ဖြတ်သွားဖြတ်လာ ကျောင်းသားအချို့ကတော့ ကွက်ကြည့်ကွက်ကြည့် ကြည့်သွားကြသည်။ မတတ်နိုင်ပါ၊ မျှော်ကြည့်နေသော လမ်းကနေများ လာလေမလားလို့။ တစ်ဆက်တည်း ဆိုသလို 'ယောက်ျားကြိုက်တော့ ဆိုက်ဆိုက်လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်ရတာ' လိုမျိုးများ ဖြစ်နေပြီလားလို့ ကိုယ့်ကိုယ်ကို ပြန်မေးနေမိပါသည်။

ဟော . . . အုတ်ခုံရှိရာကို သူလာနေပါလား။ တော်ပါသေးသည်။ သူ့ဘေးမှာ မည်သည့်သူငယ်ချင်းမှ ပါမလာပါ။

ကြည့် . . .။ သူမကိုမြင်တော့ သာမန်တွေ့သလိုမျိုး ပြုံးပြရင်း

www.burmeseclassic.com



က အနားကို ရောက်လာပါသည်။

"သူငယ်ချင်းတွေကို စောင့်နေတာလား"

"မဟုတ်ဘူး . . ."

"ဒါဆို မနေ့ကကိစ္စကို ခင်ဗျားက ပြောချင်လို့ပဲ ဖြစ်ရမယ်"

"ရှင်က တော်သားပဲ"

"ဘာတော်စရာလိုမလဲဗျာ၊ ခင်ဗျားက သူငယ်ချင်းကို စောင့်တာမဟုတ်ရင် အကြောင်းမဲ့သက်သက် ဒါမျိုးထိုင်နေမှာ မဟုတ်ဘူးလေ၊ ဒီတော့ မနေ့ကကိစ္စပဲ ဖြစ်ရမှာပေါ့"

"ဟုတ်တယ်၊ ကဲ . . . ဒီနားမှာ ထိုင်ပါဦး"

နှောင်းခင်ခင်က ဘာဖြစ်လို့များ ယောကျ်ားလေးတစ်ယောက်ကို သူမအနီးနားမှာထိုင်ဖို့ ဖိတ်ခေါ်မိမှန်း မဝေခွဲနိုင်။ သူမဘဝမှာ ဒါမျိုးရှိမှမရှိခဲ့တာ။ အခုတော့ ရဲရင့်က သူမနှင့် ခပ်လှမ်းလှမ်းမှာ ထိုင်လိုက်သည်။

"တောင်းပန်စရာမလိုပါဘူးဗျာ၊ ခင်ဗျားရဲ့အဖေက သူ့ဆန္ဒသူ ထုတ်ဖော်ပြောဆိုခွင့်ရှိပါတယ်၊ ခက်တာက အဲဒီအကျိုးဆက်က မကောင်းဘူး၊ မနေ့ကပြိုင်ပွဲမှာ ခင်ဗျားရဲ့အဖေက ရှုံးပြီး ကျွန်တော့်အဖေက နိုင်သွားတယ်လေ၊ အိမ်မှာ ညကြီးမိုးချုပ် ကျွန်တော့်ကို အိပ်ရာနိုးပြောတာ"

"ဒယ်ဒီလည်း အိမ်ကိုပြန်ရောက်လာတာ မျက်နှာကြီးကို စူပုပ်နေတာပဲ၊ မနည်းမေးမှပြောတာ၊ ရှင့်အဖေနဲ့ ကျွန်မရဲ့အဖေက ပြိုင်ဆိုင်မှုက ဘာမှမဟုတ်တဲ့ကိစ္စမှာ အငြိုးကြီးကျတာပဲ"

ရဲရင့်က သူ့မျက်စေ့တည့်တည့်မှာ မြင်ရသော မြင်ကွင်းကို ကြည့်မိသည်။ ကျောင်းသူကောင်မလေးတစ်ယောက်က သူ့ရည်းစားကောင်လေးကို စိတ်ကောက်နေလို့လားမသိ။ ရှေ့ကနေ ခပ်မြန်မြန်သွားတာကို ကျောင်းသားဖြစ်သူကောင်လေးက နောက်ကနေ အမြန်လိုက်ခေါ်လို့နေသည်။

"ကျွန်တော့်အမြင်ပြောရရင်တော့ ခင်ဗျားရဲ့အဖေက ပြိုင်ဆိုင်





မှုစံနှုန်းမှားလို့ ဖြစ်လိမ့်မယ်"

"ရှင် ဘာကိုဆိုလိုချင်တာလဲ"

"ပြိုင်ဆိုင်တဲ့အခါမျိုးမှာ နိုင်လိုစိတ်တစ်ခုတည်းနဲ့ ပြိုင်လို့မရဘူး ကြီးမားတဲ့ ပြိုင်ဆိုင်မှုဆို ပိုဆိုးတတ်တယ်၊ အဓိကပြောရရင် ကိုယ့်ပြိုင်ဘက်ရဲ့လျှို့ဝှက်ချက်တွေကို သိထားရတယ်၊ ဘာမှမသိဘဲ မပြိုင်ရဘူး၊ အခုဖြစ်စဉ်မှာ ခင်ဗျားရဲ့အဖေက ကျွန်တော့်အဖေကို နိုင်ချင်တဲ့စိတ်ကချည်း လွှမ်းမိုးနေတော့ စိတ်က သူရိုက်နေတဲ့ ဂေါက်ရိုက်တံထဲကို အပြည့်ထည့်လို့ ဘယ်ရပါ့မလဲ၊ ဒါကို ကျွန်တော့်အဖေက သိလိုက်ရတော့ အဲဒီအားနည်းချက်ကို အခွင့်ကောင်းယူပြီး အနိုင်ယူသွားတာ၊ ကျွန်တော့်တော့ အဖေ့ရဲ့ မနေ့ကပြိုင်ပွဲအကြောင်းပြောတော့ သင်ခန်းစာတစ်ခုရလိုက်တယ်၊ ဘယ်ပြိုင်ဆိုင်မှုမဆို ဘာမှမသိဘဲနဲ့ မပြိုင်နဲ့ဆိုတာလေ"

ရဲရင့်စကားကို နားထောင်နေသည့် နှောင်းခင်ခင် ဘာမှပြန်မပြောနိုင်ပါ။ ရဲရင့်ကို သူ့သူငယ်ချင်းတွေက ဗဟုသုတရှိသည်။ အလုပ်တစ်ခုကို ချိန်ဆစဉ်းစားတွက်ချက်ပြောဆိုတတ်သည်ဆိုတာကို အခုတော့ သူမ သဘောပေါက်လိုက်သည်။

အရင်ကဆိုလျှင် သူမနှင့်ဆုံတွေ့ရသော ယောကျ်ားသားများထံမှ သူမအလှနှင့် သူမဆီက အချစ်ကိုရဖို့ စကားမျိုးကိုသာ ကြားခဲ့ရသည်။ ရဲရင့်နှင့် ကွာတာကတော့ အတော်ကွာပါသည်။

"ရဲရင့် . . . ကျွန်မ ရှင့်ကို တစ်ခုမေးမယ်၊ ရှင်က ကျွန်မတို့ ဘယ်လိုမြင်လဲ"

"နေပါဦး . . . ခင်ဗျားက ကျွန်တော့်ကို ဘာသဘောနဲ့ မေးတာလဲ"

"မဟုတ်ပါဘူး . . . ရှင့်ရဲ့အမြင်ကို သိချင်လို့ပါ"

ရဲရင့်က နှောင်းခင်ခင်ကိုကြည့်ပြီး ပြုံးပါသည်။

"ကျွန်တော်အမှန်အတိုင်းပြောရင် ခင်ဗျားစိတ်ဆိုးသွားနိုင်တယ်၊ မပြောဘဲနေတာ ကောင်းမယ်၊ ခင်ဗျားနဲ့ကျွန်တော် ငြိမ်းချမ်းရေးရတာတာ



www.burmeseclassic.com

www.burmeseclassic.com



မကြာသေးဘူးဗျ"

"ပြောမှာသာ ပြောပါ၊ ရှင့်အမြင်ကို ကြားချင်လို့ပါ၊ တကယ်တည်း ဈေးကိုင်နေရသေးတယ်"

ရဲရင့်က ဘာမှမပြောသေးဘဲ ရှေ့မှာရှိနေသော မြက်ပင်တွေကို ကြည့်လိုက်ပြီး . . .

"ဟိုမှာမြင်ရတဲ့ မြက်ပင်တွေ တွေ့လား၊ သူတို့လည်း မြက်ပင်ဆိုတဲ့ တန်ဖိုးကို ထိန်းသိမ်းရင်း ရှင်သန်ဖြစ်တည်နေကြတာ၊ လူက ဒီထက်ပိုတာပေါ့၊ ခင်ဗျားက ခင်ဗျားရဲ့အလှ၊ ခင်ဗျားရဲ့ပညာ၊ ခင်ဗျားရဲ့မိဘအနေအထားကြောင့် ခင်ဗျားရဲ့ဖြစ်တည်မှုကို တန်ဖိုးထားတယ်၊ ဒါက မှန်တယ်၊ ခင်ဗျားရဲ့တန်ဖိုးကို ခင်ဗျားက မာနနဲ့ မြှင့်တင်တယ်၊ ဒါပေမယ့် ဗျာ . . . လူတစ်ယောက်ရဲ့တန်ဖိုးကို နောက်ဆုံးတိုင်းတာကြတာက စောစောက ပြောခဲ့သလို ဥပမာပေါ့ဗျာ၊ ခင်ဗျားမှာ ဘာတွေရှိတယ်၊ ဘာတွေရထားသလဲဆိုတာ မဟုတ်ဘူး၊ ခင်ဗျား ဘာတွေလုပ်ပြီးပြီလဲဆိုတာပဲ၊ အဲဒါကမှ တန်ဖိုးအစစ်ဗျ၊ အကောင်းဆုံးက နေ့တိုင်းကျွန်တော်တို့ဟာ ကိုယ့်တန်ဖိုးကိုယ် ပိုင်းဖြတ်ဖို့ ဘာတွေလုပ်ပြီးပြီလဲဆိုတဲ့ မေးခွန်းကို နေ့တိုင်းမေးသင့်တယ်"

"ကျွန်မကတော့ ရှင်တွေးသလို တစ်ခါဖူးမှ မတွေးခဲ့ဖူးတာ အမှန်ပဲ၊ ကျွန်မရဲ့အတွေးသစ်တွေကို ရှင့်စကားတွေက လမ်းဖေါက်ပေးလိုက်တာပဲ၊ ရဲရင့် . . ကျွန်မလေ ရှင့်ကို ကျေးဇူးတင်တယ် . . . သိလား"

"ကျေးဇူးတင်စရာမလိုပါဘူးဗျာ၊ ခင်ဗျားမေးလို့ ပြောသာပြောရတယ်၊ ခင်ဗျားက ရန်တွေ့ရင် ပွဲကပျက်ပြီ"

"ရဲရင့်ရယ် . . . ကျွန်မက အမြဲတမ်းရန်လိုနေတဲ့ မိန်းမသားတစ်ဦးမဟုတ်ပါဘူး"

"ဟ . . . ဟာဗျာ၊ ကျွန်တော်က အဲဒါမျိုးဆိုလိုတာ မဟုတ်ပါဘူး၊ ကျွန်တော့်စကားမှားသွားရင် ခွင့်လွှတ်ပါ"

ရဲရင့်က နှောင်းခင်ခင်စိတ်ဆိုးသွားပြီထင်ပြီး အတင်းတောင်းပန်ပါသည်။ ဒါကို နှောင်းခင်ခင်က ကျေနပ်လို့လားမသိ၊ မျက်နှာမှာ ပြုံးရောင်သမ်းနေပါသည်။

"ရဲရင့် . . . နင်က ဘယ်လိုလဲဟ၊ ဩော် . . . နင်က ဒီမှာသာ လာနေတာပေါ့ . . . ဟုတ်လား"

ရဲရင့်နှင့် နှောင်းခင်ခင်တို့ စကားကောင်းနေတုန်းမှာ ကျောင်းသူနှစ်ဦးက ရောက်လာပြီး ခပ်လန်းလန်းဝတ်စားထားသော ကျောင်းသူတစ်ဦးက ရဲရင့်နှင့် နှောင်းခင်ခင်ကိုကြည့်ပြီး ရဲရင့်လက်မောင်းကိုကိုင်ပြီး ပြောပါသည်။ ရဲရင့်က လက်မောင်းကိုင်ထားတာကို ပုတ်ချလိုက်ပါသည်။

"မဟုတ်ပါဘူးဟာ . . . ဒီမှာ မိတ်ဆွေနဲ့တွေ့လို့ စကားကောင်းနေလို့ပါ၊ ငါ့အလုပ် ငါသိပါတယ် ရတနာမေရယ်"

"သိတယ် မလုပ်နဲ့လေ၊ ဒီနေ့ နောက်ဆုံးချိန်နှစ်ချိန်မှာ လူနှင့်ဒဿနအကြောင်းကို ငါက ဆွေးနွေးရမှာ၊ နင်စာမရှင်းပြရင် ငါ့ခွမ်းပြီ၊ မရဘူး . . . လာလိုက်ခဲ့"

"ဟဲ့ . . . ရတနာမေ . . . နေပါဦး၊ ငါလိုက်ပါ့မယ်ဟာ၊ ငါ့လက်ကိုလွှတ် . . ."

ရတနာမေက ရဲရင့်လက်ကို အတင်းဆွဲပြီး ထိုင်ရာမှအတင်းထခိုင်းသဖြင့် ရဲရင့်က ရှုန်းရင်းမှ ပြောပါသည်။

"ကျွန်မကို အားမနာပါနဲ့ လိုက်သွားလေ"

ရဲရင့်ကို ပြောလိုက်သည့် နှောင်းခင်ခင်၏လေသံက ဘယ်လိုဖြစ်လို့ မာသွားလေသလဲမသိ။

"ရတနာမေ . . . နင်တို့ကို အခန်းဖေါ်သူငယ်ချင်းဖြစ်ရတာ ငါလန့်တောင် လန့်လာပြီ၊ တကယ့်အကြမ်းဖက်သမားတွေ အတိုင်းပဲ၊ ဒီက တစ်ယောက်ကို အားနာပါဦး"

ရတနာမေက ရဲရင့်စကားကြောင့် နှောင်းခင်ခင်ကို ကြည့်လိုက်ပြီး . . .

www.burmeseclassic.com



"ဟုတ်တယ် . . . ဘာဖြစ်လဲ၊ အကြမ်းဖက်လို့ရရင် ဖက်ဦးမှာ၊ တို့ကတော့ ဘယ်သူဘာပြောပြော ဂရုမစိုက်ဘူး၊ အခုချိန်မှာ တို့လိုအပ်နေတာက ရဲရင့် . . . နင်ပဲ၊ ဒါပဲဟာ သွားမယ်၊ ငါစိတ်ဆိုးလာပြီနော်"

ရတနာမေ၏ ပိုင်စိုးပိုင်နင်းစကားကြောင့် ရဲရင့်က နှောင်းခင်ခင်ကို မျက်နှာပူသွားပါသည်။

"ကျွန်တော့်ကို သွားခွင့်ပြုဦးဗျာ၊ ညနေမှာ သင်ခန်းစာကို discuss လုပ်ရမှာဆိုတော့ သူတို့ဖက်က အရေးကြီးတာ မှန်ပါတယ်"

"ရပါတယ် . . . သွားပါ . . . သွားလေ"

နှောင်းခင်ခင်လေသံက ရတနာမေဆိုသည့် ကျောင်းသူကိုကြည့်ပြီး ခနဲ့သံပါနေတာကို ရဲရင့်သိမှာပါ။

အနီးနားကနေ ထွက်သွားသည့် ရဲရင့်နှင့် ကျောင်းသူနှစ်ယောက်ကိုကြည့်ပြီး နှောင်းခင်ခင်စိတ်ထဲမှာ ဘာကိုအလိုမကျမှန်းမသိ ဖြစ်နေပါတော့သည်။

စကားကောင်းနေတာကို သက်သက်ရှုပ်သည့် နတ်ဆိုးမနှစ်ယောက်လို့။

❑

စာသင်ခန်းထဲရောက်လာကတည်းက သူငယ်ချင်းမသုံးဦးကိုတောင် စကားတစ်ခါဖူးမှမပြောဘဲ မနေဘူးသည့် နှောင်းခင်ခင်၏အခြေအရာကိုကြည့်ပြီး အားလုံးက နားမလည်နိုင်အောင် ဖြစ်နေကြသည်။ နှောင်းခင်ခင် ဘာပြဿနာဖြစ်လို့ ဘာတွေမကျေမနပ်ဖြစ်သလဲဆိုပြီး နောက်ဆုံးတော့ အဖြစ်မှန်ကို ဝိုင်းမေးကြပါတော့သည်။

"သြော် . . . နှောင်းက ဒါကြောင့်ကိုး၊ နှောင်းရယ် ဖြစ်မှဖြစ်ရလေဟယ်"

နှောင်းခင်ခင်က သူမစိတ်ထဲမှာ ခံစားရသည့်အတိုင်း ပြောပြ





မိတော့ သူငယ်ချင်းမသုံးဦးက ရယ်ပါသည်။

"နှောင်းရယ် . . . နင့်စိတ်တွေ ဘယ်လိုဖြစ်သွားတာလဲ၊ ဟိုက သူ့ကို ခေါ်ပဲသွားသွား၊ ဘာပဲလုပ်လုပ်ပေါ့၊ ရဲရင့်နဲ့ နင်နဲ့က ဘာဆိုင်လို့လဲ"

မြမြမူက သူမအမြင်အတိုင်း မေးပါသည်။

"မဟုတ်ပါဘူးဟယ် . . . သူ့ကို ရတနာမေဆိုတဲ့ အဲဒီအမျိုးသမီးက သူသာ ပိုင်တယ်၊ သူခေါ်သွားရင်ရတယ်၊ ဘာမှဂရုမစိုက်ဘူးဆိုတဲ့ပုံစံနဲ့ နှောင်းကို ကလိသွားတာ၊ ဒါကို ဟိုကလည်း သာယာပြီး လိုက်သွားတာ၊ ပြောမနေနဲ့ . . . အဲဒါကို နှောင်းက အသည်းယားတာ"

"နှောင်းဘာအသည်းယားတာလဲ၊ နှောင်းရဲ့အသည်းကို အဲဒီအမျိုးသမီးက ဆွသွားတာ၊ နှောင်းရဲ့မသိစိတ်က ရဲရင့်ကို စိတ်ဝင်စားနေတာ သေချာသွားပြီ၊ နှောင်းတစ်ယောက်မှာရှိတဲ့ မာနတွေ အရည်ပျော်သွားပြီ၊ ရဲရင့်ဘယ်လိုပြုစားလိုက်လဲ မသိဘူး၊ နှောင်း . . . နင်တစ်ခါက ပြောခဲ့သလို နင်တကယ်ချစ်တဲ့သူဟာ မျက်လုံးချင်းစကားပြောပြီး နှလုံးသားချင်းခံစားလို့ရတဲ့သူ၊ အများနဲ့ထူးခြားတဲ့လူဆိုတာ ရဲရင့်ဖြစ်နေပြီ မဟုတ်လား"

ကလျာဌေးစကားကို နှောင်းခင်ခင် ပြန်မဖြေပါ။ အဲဒါဟုတ်သလား၊ မဟုတ်သလားဆိုတာ တစ်နေ့မှာတော့ သူငယ်ချင်းမတွေကို ရှင်းပြနိုင်မှာလို့ နှောင်းခင်ခင် ထင်နေမိပါသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

မျက်ပစ်လိုက်စမ်းပါ
မင်းရဲ့နှလုံးသားမြေပြင်မှာ
ဘာစကြောင့်များ
အမုန်းတွေနဲ့ စစ်ပွဲတွေ ပန်တီးဦးမှာလဲ။
ရေးထွင်းစမ်းပါ
မင်းရဲ့စာမျက်နှာတွေပေါ်မှာ
မင်းလက်နဲ့ ရှုံးဆွတ်ထားတဲ့
ချစ်ခြင်းစကားလုံးတွေလေ။

## အခန်း (၁၈)

ပုံစံတွေနှင့် အကြည့်တွေကတော့ တကယ့်ကို မိုက်တီမိုက်ကန်းတဂွတ်ထိုးလုပ်မည့် အနေအထားမှာ ရှိသည်။ မျက်နှာအမူအရာကလည်း မကျေနပ်ခြင်းကို ဖော်ဆောင်နေသည်။ သည်အုတ်ခုံမှာ လာထိုင်မိတာ ရဲရင့်အဖို့ မှားများမှားပြန်ပြီလားမသိ။ ဝင်းထူးကလည်း တင်မင်းထွန်းနှင့် အဂ္ဂကျော်ကို ဘယ်လိုဖြစ်လို့ ခေါ်ဆောင်လာမှန်းမသိပါ။

"ဘာတွေလဲ ရဲရင့်၊ ဘာတွေဖြစ်ကုန်ပြီလဲ၊ ခင်ဗျားပြောတုန်းကတော့ မိန်းကလေးတစ်ယောက်ကို ချစ်ခွင့်ပန်ရင် ရည်းစားစကားပြောရင် ကိုယ့်မှာရှိတဲ့ သိက္ခာတွေပွန်းပဲ့ပါကုန်မယ်ဆိုပြီး ပြောခဲ့တာ၊ အခု နှောင်းခင်ခင်နဲ့က ဘာအထာလဲ"

"အဂ္ဂကျော်ပြောတာ ဟုတ်တယ်၊ တစ်နေ့က ရဲရင့် . . . မင်းနဲ့ နှောင်းခင်ခင် ဒီအုတ်ခုံမှာထိုင်ပြီး သာယာနေတာ လောကကြီးကို မေ့နေတဲ့အတိုင်းပဲ၊ နှောင်းခင်ခင်က တစ်ခါဖူးမှ ယောကျ်ားလေးတစ်ယောက်နဲ့ စကားပြောဖူးတာ မဟုတ်ဘူး၊ ဒါကို သက်သေပြချင်လို့ အဂ္ဂကျော်တို့ ကျောင်းထဲမှာ အမြန်ရှာပြီး လက်တွေ့ပြရတာ၊ ရဲရင့် . . . မင်းနဲ့ နှောင်းခင်ခင်တို့က ချစ်သူတွေဖြစ်သွားကြပြီလား၊ နှောင်းခင်ခင်က မင်းရဲ့လက်

www.burmeseclassic.com



ထဲမှာ ကျဆုံးအရှုံးပေးလိုက်ရပြီလား . . . ပြောပါဦး"

ရဲရင့်ရှေ့မှာ အသကုန်ပေါက်ကွဲနေသော တင်မင်းထွန်းနှင့် အဂ္ဂကျော်ကိုကြည့်ပြီး ရဲရင့်က သည်နှစ်ယောက်ကို ဝင်းထူးက ခေါ်လာတာကိုပဲ စိတ်ထဲကနေ အပြစ်တင်နေမိသည်။

"ဝင်းထူးရာ . . . သူတို့နှစ်ယောက်ကို ငါ့ဆီဘာလို့ခေါ်လာရတာလဲ၊ ဒါတွေက နှောင်းခင်ခင်ရှေ့မှာ ပေါက်ကွဲပြရမှာ"

"ဒီနှစ်ကောင်က သတ္တိခဲတွေကွ၊ နှောင်းခင်ခင်ရှေ့ မသွားရဲဘူးတဲ့၊ မင်းနဲ့ပဲ တွေ့ချင်တယ်ဆိုလို့ဟ"

ဝင်းထူးက သူခေါ်လာရတာကို ရှင်းပြပါသည်။

"အဂ္ဂကျော်နဲ့တင်မင်းထွန်း ဘဝမှာ နှောင်းခင်ခင်နဲ့ ငါနဲ့ ချစ်သူဖြစ်တာ ဘာအရေးကြီးလို့လဲ၊ မင်းတို့ ဒီလောက်ပေါက်ကွဲနေကြတာ၊ မင်းတို့ ငါတို့ဘဝမှာ အချစ်ထက်အရေးကြီးတာတွေ လုပ်စရာတွေ အများကြီးရှိတယ်၊ ရှေ့နှစ်ဆို မင်းတို့ငါတို့ ဘွဲ့ရပြီ၊ ငါတို့အနာဂတ်ခရီးကို မိဘအဆင်သင့်ရှာထားတဲ့အပေါ်မှာ ဘွဲ့ရအလုပ်လက်မဲ့ဆိုတဲ့ ဘဝနဲ့ ဖြတ်သန်းပြီး ထိုင်စားမှာလား၊ နိုင်ငံတော်က ဘွဲ့ရတွေကို အလုပ်မပေးနိုင်တဲ့ ကာလမျိုးမှာ ငါတို့က ဘယ်အလုပ်တွေရှာပြီး ဘယ်လိုခရီးဆက်ရမယ်ဆိုတာ ကိုယ့်ဘဝကို အခုကတည်းက စီမံခန့်ခွဲထားရမှာ၊ အချစ်ဆိုတာ ဘဝရဲ့အစိတ်အပိုင်းသေးသေးလေးပါကွာ"

"ရဲရင့် . . . မင်းတော်တော့၊ ဒီစကားလုံးမျိုးတွေနဲ့ နှောင်းခင်ခင်ကို မင်းဆွဲဆောင်ဖြားယောင်းလိုက်တာ မဟုတ်လား"

"အဂ္ဂကျော် . . . ငါဘယ်သူ့ကိုမှ မသိမ်းသွင်းဘူး၊ ငါ့လမ်း ငါလျှောက်တယ်၊ ငါလေ ငါရှူတယ်၊ ငါ့ရည်ရွယ်ချက်အတိုင်း ငါရှင်သန်တယ်၊ အေး . . . ဒါပေမယ့် မထင်မှတ်တဲ့ ကြုံတွေ့မှုတွေကြောင့် နှောင်းခင်ခင်က ငါနဲ့ပတ်သက်မိသွားတာတော့ ဝန်ခံတယ်"

"ရဲရင့် . . . ဒါဆို နှောင်းခင်ခင်က အရှုံးကို ကြုံဖူးသွားပြီပေါ့၊ မင်းဆီမှာ သူကျရှုံးသွားပြီပေါ့ . . . ဟုတ်လား"





တင်မင်းထွန်းက ထပ်မေးပြန်ပါသည်။

"နှောင်းခင်ခင်က မရှုံးသလို ငါလည်း မနိုင်ဘူး၊ ဘာဖြစ်လို့လဲဆို သူနဲ့ ငါနဲ့က ပြိုင်နေကြတာမှမဟုတ်တာ၊ လူပီပီ အဆွေခင်ပွန်းမိတ်ဆွေဖြစ်တဲ့ ရင်းနှီးမှုမျိုးပဲ"

"ရဲရင့် . . . မင်းက စကားလုံးတွေ ကုလားဖန်ထိုးတာ သိပ်ကျွမ်းကျင်တာပဲကွ၊ အခုထက်ထိ မင်းဝန်မခံသေးဘူး"

"အဂ္ဂကျော် . . . ဝန်ခံရအောင် ငါက ဘာအပြစ်မှ လုပ်ခဲ့တဲ့ကောင် မဟုတ်ဘူး၊ ဒီတော့ ဘာကိုမှ ဝန်ခံစရာမလိုဘူး"

အဂ္ဂကျော်နှင့် တင်မင်းထွန်းတို့ မေးခွန်းတွေကို ရဲရင့်ဖြေရတာ အာခေါင်တောင် ခြောက်လာပါသည်။

"မယုံဘူး ရဲရင့်၊ မင်း ငါတို့ကို လိမ်နေသလို မင်းနှလုံးသားကို မင်းကိုယ်ယောင်ဖျောက်ဝှက်ထားတာ၊ အဲဒါကို သိတယ်နော်"

တင်မင်းထွန်းစကားကြောင့် ရဲရင့်ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါသည်။

"အေး . . . ဟုတ်ပြီ၊ ငါ့နာမည် ရဲရင့်တဲ့၊ မင်းတို့က ငါ့ကို ဒီလောက်တောင် လှုံ့ဆော်နှိုးဆွပေးနေမှ ဂီယာထိုးပေးနေမှတော့၊ လာ . . . ငါနဲ့လိုက်ခဲ့"

"ငါတို့က ဘယ်ကိုလိုက်ခဲ့ရမှာလဲ"

"မင်းတို့ သိပ်ဖြစ်စေချင်တာတွေ ဖြစ်ဖို့ပေါ့ . . . လာပါ"

ရဲရင့်က ထိုင်ရာမှထလိုက်ပြီး ရှေ့ကနေ ခပ်မြန်မြန်ခြေလှမ်းတွေကို လှမ်းနေပါသည်။ အဂ္ဂကျော်၊ တင်မင်းထွန်းနှင့် ဝင်းထူးတို့လည်း ရဲရင့်ဘာလုပ်ချင်မှန်းမသိသဖြင့် နောက်ကနေ လိုက်လာပါသည်။

❑

နှောင်းခင်ခင်တို့ အတန်းထဲမှာ သည်အချိန်က အားနေသည်။ ထို့ကြောင့် အတန်းထဲမှာရှိသော ကျောင်းသားတော်တော်များများသည် ကင်တင်းသို့သွားကြတာ နှောင်းခင်ခင်က ကင်တင်းမသွားချင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းမသုံးဦးနှင့် အတန်းထဲမှာပဲ စကားထိုင်ပြောနေမိသည်။

"နှောင်း . . . ဟဲ့ . . . ဘယ်လိုတွေ ဖြစ်ကုန်ပြီလဲ မသိဘူး၊ ဟိုမှာ ရဲရင့်ကော၊ အဂ္ဂကျော်နဲ့ တင်မင်းထွန်းကော ဝင်းထူးပါ ငါတို့ အခန်းကို လာနေပါလား"

ဝင့်ဝါဦးက အတန်းအပြင်ဖက်ကို လှမ်းကြည့်မိလိုက်ပြီး ပြောသဖြင့် အားလုံးက ဝိုင်းကြည့်လိုက်ကြသည်။

ရဲရင့်က ဦးဆောင်ပြီး နှောင်းခင်ခင်တို့အခန်းရှိရာသို့ လာရင်းက အတန်းထဲကို ဝင်လာပါသည်။ ပြီးတော့ နှောင်းခင်ခင်တို့ စာသင်ခုံရှေ့မှာ ရပ်လိုက်သည်။

"နှောင်း . . . ခဏလောက်"

"ဘာကိစ္စရှိလို့လဲ"

"ခဏပါ . . . နှောင်း သိရမှာပေါ့"

နှောင်းခင်ခင် အံ့အားသင့်မိပါ၏။ သူမကို တစ်ခါဖူးမှ ရဲရင့်က 'နှောင်း' လို့ မခေါ်ဘူးပါ။ ယခုမှ ဘယ်လိုသဘောကြောင့်ခေါ်ပြီး ဘာပြောချင်မှန်းမသိ။ အဂ္ဂကျော်နှင့် တင်မင်းထွန်းတို့နှစ်ယောက်လည်း ဘယ်လိုသဘောနှင့် ရဲရင့်နောက်က ပါလာမှန်းမသိ။

နှောင်းခင်ခင်က စာသင်ခုံမှာ ထိုင်နေရာကနေ ရဲရင့်တို့ရှိသည့်နေရာသို့ သွားလိုက်ပါသည်။

"နှောင်း! . . . သူတို့က နှောင်းနဲ့ကျွန်တော့်ကို သမီးရည်းစားချစ်သူတွေ ဖြစ်နေကြတယ်ဆိုပြီး တရားသေစွပ်စွဲနေကြတယ်၊ ဒီတော့ နှောင်းအနေနဲ့ သိက္ခာကျစရာ ဖြစ်ရတယ်၊ ဟုတ်မှမဟုတ်တာပဲလေ၊ ကဲ . . . အခုတော့ သူတို့တွေရှေ့မှာပဲ ကျွန်တော်တရားဝင်ပြောတော့မယ်၊ နှောင်းကို မြတ်မြတ်နိုးနိုးနဲ့ ကျွန်တော်ချစ်တယ်၊ နှောင်းကကော"

"ရှင်! . . ."

ရဲရင့်စကားကြောင့် နှောင်းခင်ခင်အံ့အားသင့်ပြီး ခြေဖျားလက်ဖျားတွေ အေးလာသလိုမျိုး ဖြစ်သွားသလို ကျန်သည့်သူတွေကလည်း





ရဲရင့်စကားကြောင့် ဘာကိုနားလည်ရမှန်းမသိ ဖြစ်ကုန်ပါသည်။

"ဖြေပါ နှောင်း၊ နှောင်းရဲ့စိတ်ထဲမှာ ရှိတဲ့အတိုင်း ဖြေလိုက်၊ ဒါမှ ဒီပြဿနာရှင်းမှာ၊ ကျွန်တော်က အချိန်ကိုက်ဗုံးတစ်လုံးလို သတ်မှတ်ချိန်ရောက်မှ ပေါက်ကွဲတတ်တာမျိုး မဟုတ်ဘူး၊ အခုဖေါက် အခုကွဲပဲ၊ ဖြေပါ . . . နှောင်း"

နှောင်းခင်ခင် ဘာပြန်ပြောရမှန်း မသိပါ။ တစ်ခါဖူးမှ သူမဘဝမှာ ဒါမျိုးမကြုံဘူးပါ။ လူပုံအလယ်မှာ ရည်းစားစကားပြောခံရပြီး ချက်ချင်းအဖြေပေးခိုင်းတာမျိုးကို သူမဘယ်လိုတုန့်ပြန်ရမှန်း မသိပါ။ မေးသူကလည်း မေးပြီး ကြည့်သူတွေကလည်း ကြည့်နေပါသည်။

နှောင်းခင်ခင်က ရဲရင့်ကို ကြည့်လိုက်မိသည်။ ရဲရင့်ကလည်း သူမဘာကိုဖြေလေမလဲ သူ့မျက်ဝန်းထဲမှာ အဖြေရှာနေပါသည်။

နှောင်း . . . တစ်ဘဝစာအတွက် ဖြစ်ချင်တာဖြစ် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါ၏။

နှောင်းခင်ခင်က နှုတ်ဖျားမှ ဘာစကားမှမဆိုဘဲ ခေါင်းညိတ်ပြလိုက်မိပါ၏။

"အဂ္ဂကျော်နဲ့တင်မင်းထွန်း မင်းတို့နှစ်ယောက်ကို ကျေးဇူးတင်တယ်၊ နှောင်းကို ဒီလိုစကားပြောဖို့ချစ်ဖို့ ငါ့ရဲ့အသိစိတ်ကို နှိုးဆွပေးလိုက်တာပဲ၊ မင်းတို့အားလုံးရှေ့မှာ ငါကတိပေးတယ်၊ ငါ့ဘဝရဲ့ပထမဆုံးနဲ့နောက်ဆုံး ငါချစ်မြတ်နိုးပြီး ပတ်သက်ခဲ့ရတဲ့ အမျိုးသမီးဟာ နှောင်းကလွဲပြီး ဘယ်သူမှ မဖြစ်စေရဘူးဆိုတာပဲ"

"ဖြောင်း! . . . ဖြောင်း! . . . ဟေး! . . . ဟေး! . . ."

စာသင်ခန်းထဲမှာ လက်ခုပ်သံတွေ၊ အော်သံတွေ ဆူညံသွားပါသည်။

နှောင်းခင်ခင်က ရဲရင့်မျက်နှာကိုကြည့်တော့ ပြုံးနေလိုက်တာ ဟော . . သူမကကော . . . မထင်ထားပါ။ တစ်ခါဖူးမှ မခံစားရဘူးသော ကြည်နူးမှုမျိုးကို ယနေ့မှာ သူမခံစားလိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

မင်းလည်းမှားသလား
ကိုယ်လည်းမှားသလား
နှစ်ယောက်သားက အမှန်ပါလို့ ယူဆကာမှ
ဘယ်သူက
အမှားလို့ လိုက်တူးဆွနေသလဲမသိ။

## အခန်း (၁၉)

သူ့ကို ချစ်မြတ်နိုးရတာ ကျေနပ်သည်။ သူ့စကားသံတွေက ခွန်အားကို ဖြစ်ပေါ်စေသည်။ အိပ်မက်တွေကို မက်စေသည်။ စိတ်ကူးသစ်တွေကို မွေးဖွားစေသည်။ အားအင်တွေကို ဖြစ်စေသည်။ အသိဉာဏ်ပညာကို တိုးပွားစေသည်။ သူသာ လေညင်းကလေးဖြစ်မည်ဆိုလျှင် အိပ်ထဲထည့်ပြီး သွားလေရာကို ယူဆောင်သွားချင်ပါသည်။ သွားလာရာခရီးမှာ နွမ်းနယ်လေသမျှ ယူဆောင်လာသော လေညင်းကလေး၏ အေးမြမှုတွေက တဒင်္ဂအမောကို ပြေစေမည် ဖြစ်ပါသည်။ သူ့ကို မျက်လုံးချင်းစကားပြောပြီးခဲ့ပါပြီ။ သူနှလုံးသားနှင့်လည်း ထပ်တူထပ်မျှပါပဲ။ အများနှင့်မတူ ပြောပုံဆိုပုံတွေက သူမအတွက်တော့ ရင်ခုန်စရာတွေချည်းပါပဲ။ သည်ဘဝမှာတော့ စိတ်ချလက်ချသာ ရင်ခွင်ဦးမှာ နားခိုလှည့်ပါလို့။

"နှောင်း . . . ကျွန်တော့်ကိုကြည့်ပြီး ဘာတွေတွေးနေတာလဲ။ နှောင်းကိုကြည့်ရတာ တစ်ခုခုကြည်နူးကျေနပ်နေသလိုပဲ"

အင်းလျားကန်ရေပြင်သည် ကြည်လင်မနေပါ။ သို့သော် ကောင်းကင်ကြီးကတော့ ကြည်လင်နေပြီး ကောင်းကင်ထဲမှာ စွန်ကလေးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင် မည်သူလွှတ်နေသလဲ မသိပါ။

"ကြည်နူးကျေနပ်တာပေါ့၊ ရဲရင့်က ဒီနေ့ထိ ကျွန်တော်လို့ နှောင်းကိုပြောတုန်း၊ ဘယ်လောက်နားထဲစွဲလဲ၊ ရဲရင့်နဲ့ နှောင်းနဲ့ တွေ့ကြတာကိုက ထူးထူးဆန်းဆန်းလို အဖြစ်အပျက်တွေနဲ့လေ၊ ပြီးတော့ နှောင်းကို ချစ်ခွင့်ပန်တော့လည်း သူများနဲ့မတူ လူကြားထဲမှာ ရဲဝံ့စွာနဲ့ပြောတယ်၊ ရဲရင့်ရဲ့အပြုအမူတွေက နှောင်းအတွက်တော့ ခံစားမှုအသစ်တွေ ဖြစ်လာတယ်လေ၊ ဒါကြောင့် နှောင်းက ရဲရင့်ကို ချစ်မိသွားတာ၊ မိန်းမသားတစ်ယောက်က ယောကျ်ားသားတစ်ယောက်ကို ချစ်ပါတယ်လို့ ပြောခွင့်ရှိပါတယ် ရဲရင့်ရယ်"

"ဒါဖြင့်ရင် နှောင်းက ကျွန်တော့်ကို ဘယ်အချိန်မှာ ချစ်သွားတာလဲ"

"ချစ်မိသွားတာလား"

နှောင်းက ပြုံးလိုက်ပါသည်။ ပြီးတော့ ရဲရင့်ကို ကြည့်လိုက်ပြီး-

"ရဲရင့်ရဲ့မျက်နှာကို သွားတိုက်ဆေးနဲ့ပွတ်တော့ ရဲရင့်ကလည်း နှောင်းကို နှုတ်ခမ်းမွှေးပြန်ဆွဲပေးတယ်လေ၊ ပထမတော့ စိတ်ဆိုးတယ်၊ နောက်တော့ ဘာလို့မှန်းမသိ၊ နှောင်းက အဲဒါကို ကျေနပ်နေတာ၊ အဲဒီကနေ နှောင်း 'ဂျို' ထိုးလို့ ရဲရင့်က ရေသန့်ဗူးပေးတယ်လေ၊ ရဲရင့်ရဲ့ သိတတ်မှုကို နှောင်းလေးစားသွားတယ်၊ ပိုဆိုးတာက ရတနာမေဆိုတဲ့ ကျောင်းသူက ရဲရင့်ကို လာခေါ်တုန်းကပဲ၊ အဲဒီမှာ နှောင်းသိလိုက်တယ်၊ ရဲရင့်ကို ချစ်မိသွားပြီလို့၊ ရဲရင့်ကကော . . ."

"ကျွန်တော်ကတော့ မြဲနေတာပျ၊ ပထမ မသိဘူး၊ အဂ္ဂကျော်နဲ့ တင်မင်းထွန်းက လာဆွပေးတော့မှပဲ နှောင်းကိုချစ်မှန်း သိသွားတာ ဒီနှစ်ယောက်ကိုလည်း ကျေးဇူးတင်ရမယ်"

ရဲရင့်က ပြောပြီး ရယ်နေရင်းက အင်းလျားကန်ရေပြင်ထဲ ခဲလုံးတစ်လုံးကို ကောက်ယူပြီး ပစ်လိုက်တာ ဂယက်လေးတွေ ထသွားပါသည်။

"တကယ်တော့ ရဲရင့်ရယ်၊ လူနှစ်ယောက် ချစ်သူသမီးရည်းစား





ဖြစ်ကြပြီး လက်ထပ်တယ်၊ အိမ်ထောင်ပြုတယ်ဆိုတာ နှောင်းခံယူထားတာကတော့ နှစ်ယောက်သားရဲ့အတွေးအခေါ်တွေ ဘဝတွေအားလုံးကို တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ပေးလိုက်ကြတာပဲ၊ အဓိက အရေးကြီးတာက အိမ်ထောင်ပြုလို့ သားသမီးတွေရလာလို့ အိမ်မှုကိစ္စတွေနဲ့ အလုပ်များတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် ချစ်မြတ်နိုးခဲ့ကြတာတွေကို အမှတ်မထင် ဥပေက္ခာပြုမိသွားတတ်ကြတယ်၊ ဒီအခါမှာ အချစ်ဆိုတာ ပျောက်ဆုံးရတော့တာပဲ၊ ဒါကို မဖြစ်အောင် နှောင်းနဲ့ရဲရင့် သတိထားရမယ်"

"ဒါပေါ့ နှောင်းရာ၊ ကျွန်တော်တို့ ဖြတ်သန်းရဦးမယ့် အိမ်ထောင်ရေးကာလကို သံကြိုးတွေမဟုတ်တဲ့ သံယောဇဉ်ကြိုးမျှင်ကလေးတွေက ချုပ်တီးတော့မှာ၊ သူတို့လေးတွေနဲ့ နှစ်ပေါင်းများစွာ အတူတွဲဖက်နေရင်း မေတ္တာတွေ ပေးဝေရတော့မယ်လေ"

"ဒါပဲနော် . . . ရဲရင့်က ကျွန်တော်ဆိုတဲ့ အခေါ်အဝေါ်အတိုင်း နှောင်းကို ပြောရမယ်၊ အဲဒီ ကျွန်တော်ဆိုတာ နှောင်းအတွက်တော့ ကြည်နူးခြင်းတစ်ခုပဲ"

ရဲရင့်က ခေါင်းညိတ်ပြလိုက်သည်။

"နှောင်း . . . ပြန်ကြရအောင်"

ထိုင်ခုံတန်းလျားကနေ နှစ်ယောက်သား ထလိုက်ကြသည်။ နှောင်းက ရဲရင့်လက်ကိုကိုင်ပြီး နှစ်ယောက်သား ကန်ပေါင်ရိုးတစ်လျှောက် လမ်းလျှောက်လာခဲ့ကြသည်။

"သမီး . . . အဲဒီမှာ ရပ်ဦး"

ချစ်သူရဲရင့်နှင့် ကြည်ကြည်နူးနူး လမ်းလျှောက်ကောင်းနေတုန်း မျက်နှာချင်းဆိုင်တည့်တည့်ကနေ ဖခင်ဖြစ်သူ ဦးမင်းဒင်ကို တွေ့လိုက်ရသဖြင့် နှောင်းခင်ခင် စဉ်းစားမရဖြစ်သွားသည်။

"ဒယ်ဒီ ဘယ်လိုလို့ ဒီကိုရောက်လာတာလဲ"

"ဒယ်ဒီ့ကို ဘာမှမမေးနဲ့၊ သမီးအမေအတွက် ဒီက ရှမ်းထမင်း



www.burmeseclassic.com

www.burmeseclassic.com



ချဉ်စားဖို့ ပါဆယ်ဝင်ဝယ်တာ၊ သမီးရဲ့ရပ်ထားတဲ့ ကားကိုတွေ့လို့ စားသောက်ဆိုင်တွေဖက် ရှာကြည့်သေးတယ်၊ မတွေ့တာနဲ့ ကန်ပေါင်ဖက်မှာ ရှိမှာပဲဆိုပြီး လာတာ၊ ဟွင်း! . . ရည်းစားနဲ့ တန်းတွေတော့တာပဲ၊ သမီး . . . သူ့လက်ကို လွှတ်လိုက်"

နှောင်းခင်ခင်က ကိုင်ထားသော ရဲရင့်လက်ကို မလွှတ်ပါ။

"သမီးရယ် . . . ဘယ်လိုဖြစ်လို့ ခင်မောင်ရင့်ရဲ့သားနဲ့မှ ချစ်သူဖြစ်သွားရတာလဲ၊ ပြောတော့ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့၊ ဒီမှာ မင်းနဲ့ ငါ့သမီး တူသလားကွာ၊ တန်သလားကွာ"

ရဲရင့်က ဦးမင်းဒင်ကိုကြည့်ရင်း ပြုံးပြုံးတော့ . . .

"အန်ကယ်က တဖြည်းဖြည်း ထွန်းထွန်းဝင်းနဲ့ အခုမှ ပိုတူလာတယ်၊ နေတိုးနဲ့ ခင်လေးနွယ်ဇာတ်ကားထဲက အတိုင်းပဲ၊ နှောင်းနဲ့ ကျွန်တော်နဲ့က တူပါတယ်၊ သူလည်း ဒီနှစ်ကျောင်းပြီးမယ်၊ ကျွန်တော်လည်း ကျောင်းပြီးမယ်၊ အန်ကယ်ကလည်း သင်္ဘောအင်ဂျင်နီယာ၊ ကျွန်တော့်အဖေလည်း သင်္ဘောအင်ဂျင်နီယာ၊ အန်ကယ်တို့ စည်းစိမ်ကြွယ်ဝသလို ကျွန်တော်တို့လည်း အသင့်အတင့်ရှိပါတယ်၊ ဟော . . . ထပ်တောင်တူသေးတယ်၊ အန်ကယ်လည်း ဂေါက်သီးရိုက်တယ်၊ ကျွန်တော့်အဖေလည်း ဂေါက်သီးရိုက်တယ်၊ ဒါပေမယ့် မတူတာတစ်ခုက ဟိုတလောက အန်ကယ်က ကျွန်တော့်အဖေကို ဂေါက်သီးရိုက်တာရှုံးလို့ ကျွေးရပါရောလား"

"ဟော့ကောင် . . . မင်းတော်တော့၊ မင်းက ခင်မောင်ရင့်သားလို့ မပြောရဘူး၊ လာ . . . သမီးလာ . . ."

ဦးမင်းဒင်က နှောင်းခင်ခင်ကို အတင်းဆွဲခေါ်ပါသည်။ ဦးမင်းဒင်တစ်ယောက် ရဲရင့်စကားကြောင့် ဒေါသဖြစ်ပြီး တုန်နေပါသည်။

"မင်းအဖေ . . . ခင်မောင်ရင်ကို ပြောလိုက်၊ ငါသမီးနဲ့ မင်းနဲ့ကို ဘယ်လိုမှ သဘောမတူဘူးလို့"

"အန်ကယ်ရယ် . . . တစ်ခြားစကားလုံး ရှာပြောကြည့်ပါလား၊ ဒီစကားလုံးမျိုးက သမီးရှင်အဖေတွေပြောတာ ရိုးနေပြီ၊ စကားလုံးအသစ်





ရှာပါလား"

"မင်း ငါ့ကို ဘာမှပြန်မပြောနဲ့၊ မင်းနဲ့ ငါ့သမီး ချစ်သူဖြစ်ခွင့် မရှိစေရဘူး"

"ဒါဆို အန်ကယ်မှားပြီ၊ ကျွန်တော်တို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ချစ်လိုက်တာမှ တုန်လို့၊ အိမ်ရောက်မှ နှောင်းကိုမေးကြည့်၊ နှောင်း . . . နှောင်းကို ကျွန်တော်ရအောင်ယူပြမယ်၊ ကျွန်တော့်ရာဇဝင်မှာ ကိုယ်ချစ်တဲ့ချစ်သူကို စွန့်လွှတ်ရမယ်ဆိုတဲ့ သမိုင်းမျိုး ဘယ်တော့မှ အရေးမခံဘူး၊ အန်ကယ် . . . ခွင့်ပြုပါဦး"

ရဲရင့်က သူပြောချင်တာပြောပြီး နှုတ်ဆက်ထွက်သွားတာ ဦးမင်းဒင်က မကျေနပ်ဖြစ်နေသလောက် နှောင်းခင်ခင်အဖို့တော့ အားအင်အသစ်တွေ တိုးပွားလာသလို ဖြစ်နေပါသည်။

❑

"အဲဒါပဲ ခင်၊ ခင့်ရဲ့သမီးက သိပ်လိမ္မာတယ်ဆို၊ ဟော . . . လက်ချင်းချိတ်လမ်းလျှောက်တာ ကမ္ဘာကြီးမှာ သူတို့နှစ်ယောက်တည်း ရှိတဲ့အတိုင်းပဲ"

အင်းလျားကန်ပေါင်ရိုးက ကိစ္စကို ဦးမင်းဒင်က အိမ်ရောက်သည်ထိ မကျေနပ်နိုင်သေးပါ။ ဇနီးဖြစ်သူ ဒေါ်ဝတ်ရည်ခင်ကို ထပ်ခံပေါက်ကွဲနေပြန်ပါသည်။

"ကိုယ်ရယ် . . . သမီးက ငယ်တော့တာမှ မဟုတ်တာ၊ ပြီးတော့ ခင်သိသလောက်က သမီးဟာ သူ့ဘဝအတွက် သူကောင်းမယ်ထင်လို့ ရွေးချယ်ခဲ့တာပဲလေ"

"မရဘူးကွာ . . . ခင်မောင်ရင့်သားနဲ့ကတော့ လုံးဝမဖြစ်ဘူး တစ်ယောက်ယောက်နဲ့ ရှာပေးစားရမှာပဲ"

"အဲဒီလို ရှာပြီး ပေးစားတော့ကော ကိုယ့်ရဲ့သမီးက လက်ခံမှာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လား၊ ပြီးတော့ ရုပ်ရှင်တွေထဲကလို ဒယ်ဒီ၊ မာမီတို့မှာ သွေးတိုး၊ နှလုံး ဆီးချို၊ သွေးကင်ဆာ ဘာညာရောဂါရှိပါတယ်၊ မချစ်ပါနဲ့ သမီးရယ်လို့ ပြောရအောင် ကိုယ်ကလည်း ကျားကိုးစီးစားလို့ မကုန်၊ ခင်ကလည်း ကျန်းမာရေးက ဒေါင်ဒေါင်မြည်နေတယ်လေ၊ ကဲ . . . မခက်ဘူးလား"

"ခင် . . . မင်းကပါ . . . ခင်မောင်ရင့်ရဲ့သားဖက်ပါနေပါလား"

"ကိုယ်က မဟုတ်တာ၊ ကိုယ်နဲ့ ကိုခင်မောင်ရင်နဲ့ ဘာမှမဟုတ်တဲ့ကိစ္စကို ကျောင်းကတည်းက ပြိုင်ကြီးလာတော့လည်း ဂေါက်ရိုက်တဲ့ ကိစ္စကအစ လိုက်ပြိုင်ရင်း အညှိုးအတေးတွေ ထားနေတာ၊ ကလေးနှစ်ယောက်က သူတို့နှလုံးသားနဲ့သူတို့ ချစ်ပါလေ့စေ၊ သမီး . . . သမီးရဲ့ ချစ်သူကို မာမီအကဲခတ်ချင်တယ်"

ဒေါ်ဝတ်ရည်ခင်စကားကြောင့် မုန့်စားနေသော နှောင်းခင်ခင်က . . .

"မာမီ . . . တကယ်ပြောတာနော်"

"ဟုတ်ပါတယ် ဦးလေးရယ်၊ အဲဒီရဲရင့်ဆိုတဲ့ ကောင်လေးက ထက်ထက်မြက်မြက်လေးပါ"

မမငြိမ်းက ရဲရင့်ဖက်ကနေ ထောက်ခံစကားဆိုတော့ . . .

"အပျိုကြီးမမ . . . နင်မသိရင် အသာနေ၊ ခင်မောင်ရင့်သားက ငါပြောသမျှကို တစ်လုံးမကျန်ပြန်ရွဲ့တာ၊ အဲဒါ ငါအခံရခက်ဆုံးပဲ၊ ဒီကောင် ငါ့သားမက်ဖြစ်လာရင် ပိုဆိုးမယ်"

"ဒီမှာ ကိုယ် . . . ခင်ပြောတာကို သေသေချာချာနားထောင်၊ ဒီကိစ္စကို မေသက်ထားနဲ့ ခင်ဆွေးနွေးမယ်၊ ကိုယ်တို့အဖေတွေ ဝင်မပါနဲ့၊ တော်ကြာ . . . ကိုယ့်ရဲ့သမီးက စိတ်ထင်တာလုပ်သွားရင် ဘယ်လိုလုပ်မလဲ"

"မာမီပြောတာ ဟုတ်တယ်၊ သမီးကို ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေထဲကလို အိမ်ထဲက အိမ်ပြင်မထွက်ရဘူး၊ ဖုန်းမဆက်ရဘူး၊ ဘာတို့ညာတို့ လုပ်လို့ကတော့ သမီးက ဝရန်တာကနေ တွယ်ဆင်းမှာ၊ ဒါမှမဟုတ်





ခေါင်မိုးဖေါက်ထွက်မှာပဲ"

"အံမယ် . . . သိပ်သတ္တိရှိနေတယ်ပေါ့၊ ရှင်းမယ် . . . ဒီကိစ္စကို ခင်မောင်ရင်နဲ့ကို ရှင်းဦးမယ်၊ မထူးဘူး . . . ဒီကောင့်ဆီ အခုပဲ ဖုန်းဆက်မယ်"

ဦးမင်းဒင်က ဒေါသတကြီးနှင့် ထွက်သွားတာကို ဒေါ်ဝတ်ရည်ခင်၊ မမငြိမ်းနှင့် နှောင်းခင်ခင်တို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြပါသည်။

❑

"ထားရေ . . . ရဲရင့်ဆိုတဲ့ မင်းနဲ့ကိုယ့်ရဲ့သားကတော့ မွှေပြီ၊ မင်းဒင်တစ်ယောက် တော်တော်ပေါက်ကွဲနေတာပဲ၊ ဖုန်းထဲမှာများ ပြောလိုက်တာ ဒေါသတကြီးပဲ၊ ငါ့သားကလည်း ချစ်စရာကြိုက်စရာရှားလို့ မင်းဒင်ရဲ့သမီးကိုမှ သွားကြိုက်တာကိုး"

ဦးမင်းဒင်ဆီက ဖုန်းလာပြီးသည့်အခါ ဦးခင်မောင်ရင်က ဖုန်းကိုချလိုက်ပြီး ဒေါ်မေသက်ထားကို ပြောပါသည်။

"အို . . . အဖေကြီးကလည်း မေတ္တာဆိုတာ မြင်ရတာမှ မဟုတ်တာ၊ ကလေးမလေးကလည်း ချောချောလေးပါ၊ သားနဲ့လိုက်ပါတယ်"

"လိုက်တာက ကိစ္စမရှိဘူးကွ၊ မင်းဒင်က ငါ့ကို နက်ဖြန်မှာ စကားပြောချင်တယ်တဲ့၊ ဒီကောင် ဘာတွေပေါက်ကွဲဦးမလဲ မသိဘူး"

တစ်ချိန်လုံး ဘာမှမပြောဘဲ နားထောင်နေသည့် ရဲရင့်က . . .

"ဒီကိစ္စတွေ ဒီလောက်ကြီးသွားတာ အဖေက ဦးမင်းဒင်နဲ့ ဂေါက်သီးရိုက်တာ နိုင်သွားတာကိုး၊ အဲဒါက သူ့ကိုဆွပေးသလိုဖြစ်တော့ အဖေရဲ့မုန်းတီးမှုတွေက သားနဲ့နှောင်းရဲ့ ချစ်ခြင်းကိုလာပြီး နာဂစ်လို မွှေတော့တာပဲ၊ အဲဒါ အဖေ့ကြောင့်၊ အဖေ ဒီကိစ္စကို သိမ်မွေ့ငြင်သာစွာ တိုင်တွယ်ပေတော့"

www.burmeseclassic.com



"ဟော! . . . ငါ့ကြောင့် ဟုတ်လား၊ ထား . . . မင်းရဲ့သားက တော့ ကိုယ့်ကို ပုဒ်မတွေဘာတွေတောင် တပ်လို့ပါလား"

"မတတ်နိုင်ဘူး . . . အဖေနဲ့ အမေက မွေးထားတော့ အိမ်ထောင်ဦးစီးဖြစ်တဲ့ အဖေက ပြေလည်အောင် ရှင်းရမှာပဲ"

"ဒီကောင်က နည်းနည်းတော့ အချော့ကြိုက်တယ်ကွ၊ ဒီကိစ္စပီတာနဲ့ ကျော်ခေါင့်ကိုပါ တိုင်ပင်ရမယ်၊ တစ်ခုတော့ ကောင်းတယ်ကွ၊ မာနကြီးတဲ့ မင်းဒင်ရဲ့သမီးကို ရအောင်ယူနိုင်တာ မင်းလည်း ဖအေတူသား ပီသတယ်"

"အဖေကြီးနော် . . . ဘာတွေပြောနေတာလဲ"

ဒေါ်မေသက်ထားက ဦးခင်မောင်ရင်ကို မျက်စောင်းထိုးလိုက်ပြီး ပြောစဉ်မှာ ရဲရင့်က နှောင်းခင်ခင်ဆီ ဖုန်းဆက်သံတော်ဦးတင်နေပါသည်။

❑ ❑ ❑



အို! ...အမုန်းတရား

သင့်အား ...

ဤကမ္ဘာမြေအကျဉ်းထောင်ဝယ်

တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်၏။

ယနေ့မှစတင်ပြီး

ဤမြေလွှာဝယ်

ချစ်ခြင်းမေတ္တာများသာ

ရှင်သန်ပေါက်ဖွားရပါစေသား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

နည်းနည်းတော့ သည်ကောင့်ကို 'တင်း' သည်။ GREEN LABEAL ပုလင်းကိုဖွင့်ပြီး ကျန်သည့်ဖန်ခွက်တွေထဲငှဲ့ထည့်၊ ရေခဲနှင့်ရေကို စပ်ပေးပြီးမှ ဦးမင်းဒင်သောက်မည့်ခွက်ကျမှ ဦးခင်မောင်ရင်က ဘာမှမထည့်ပေးလို့ ဖြစ်သည်။ သည်နေရာမှာတွေ့ဖို့ ဦးမင်းဒင်က ဦးခင်မောင်ရင်ကိုချိန်းတာ ဦးပီတာနှင့် ဦးကျော်ခေါင်တို့ပါ အရက်ပုလင်းဝယ်လာပြီး ခေါ်လာလို့ဖြစ်သည်။ မျှော်စင်ကျွန်းကတော့ ခါတိုင်းလိုပင် လူက စည်ကားနေသည်။

"ဟေ့ကောင် ခင်မောင်ရင်၊ မင်းကို ဒီမှာတွေ့ဖို့ချိန်းတာ မင်းနဲ့ ငါ သားရေး၊ သမီးရေး ကိစ္စရှင်းဖို့ကွ၊ သူငယ်ချင်းတွေလူစုပြီး အရက်သောက်ဖို့ မဟုတ်ဘူး"

"သိတာပေါ့ မင်းဒင်ရာ၊ ငါ့သူငယ်ချင်းက GREEN LABEAL ကို သိပ်ကြိုက်တယ်၊ အဲဒီ GREEN LABEAL ကို ဆိုဒါနဲ့မှ သောက်တတ်တယ်၊ ပြီးတော့ ချိစ်နဲ့မှ မြည်းတတ်တယ်ဆိုလို့ ငါစီစဉ်ထားပါတယ်ကွ၊ ခဏလေး . . . ဆိုဒါလာတော့မယ်၊ ဘာလဲ . . . မင်းကို အရက်မထည့်ပေးလို့ မင်းစိတ်ကောက်နေတယ် မဟုတ်လား၊ ဟော . . .





ဆိုဒါလာပြီ၊ ချိစ်ပါ ပါလာပြီ"

ဦးခင်မောင်ရင်က မှာထားသော ဆိုဒါသံဗူးနှင့်ချိစ်ကို စားပွဲခုံပေါ် ချနိုင်းလိုက်ပြီး သူကိုယ်တိုင် ဆိုဒါဗူးကိုဖောက်ပြီး အရပ်စပ်ပေးပါသည်။

"ကဲ . . . သူငယ်ချင်း . . . ရော့"

"ချီးယားစ်! . . . ချီးယားစ်"

အားလုံးခွက်ကိုယ်စီ ကိုင်မြှောက်ဆော်ရင်းမှ ပြိုင်တူမော့သောက်လိုက်သည်။

မသောက်တာကြာပြီဖြစ်သော GREEN LABEAL ကို သောက်လိုက်ရလို့လား မသိ၊ ဦးမင်းဒင် တော်တော်ကျေနပ်သွားသည်၊ သူသိပ်ကြိုက်သော ဤအရက်ကိုက တစ်ပုလင်းကို ကျပ်ငွေသိန်းချီမို့ သူက နှမျောလို့ မသောက်ဖြစ်။ သည်လိုမျိုးကျတော့ ဦးခင်မောင်ရင်က သိတတ်တာပဲလို့။

"မင်းဒင် . . . ခင်မောင်ရင်နဲ့ မင်းနဲ့ သားရေး၊ သမီးရေး ပြောမယ်ဆို"

ဦးကျော်ခေါင်က စကားစဖော်ပေးလိုက်ပါသည်။

"ခင်မောင်ရင် . . . မင်းရဲ့သားနဲ့ ငါ့သမီးကိစ္စကို ငါအပြတ်ပဲ ပြောမယ်၊ သဘောမတူ . . ."

"သူငယ်ချင်း ပြောတာပေါ့၊ ရော့ . . . ထပ်ချပါဦး၊ ဒါလေးဝင်သွားမှ ပိုကောင်းမှာ"

"ဟုတ်တယ် မင်းဒင် . . . ချစမ်းပါ"

ဦးခင်မောင်ရင်က အရက်ထပ်ထည့်ပေးလိုက်ပြီး ဦးပီတာထလည်း ထပ်သောက်ခိုင်းပြန်သည်။ ဦးမင်းဒင်လည်း နောက်တစ်ခွက်ထင်သောက်လိုက်ပြန်သည်။

"နေဦး ခင်မောင်ရင်၊ ငါစကားဆက်ရမယ်၊ မင်းနဲ့ ငါနဲ့က ပြိုင်ဖက်တွေ၊ ဒီတော့ ငါ့သမီးကို မင်းရဲ့သားနဲ့ ငါက သဘောတူရမှာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သူငယ်ချင်း၊ အရက်က ကောင်းတယ်လေ၊ ဖြေးဖြေးသောက် . . . ဟုတ်တာပေါ့၊ သူငယ်ချင်း သိပ်ကြိုက်တဲ့အရက်ပဲ၊ Sorry ငါထပ်ဖြည့်ပေးမယ်"

"ခင်မောင်ရင် . . . မင်းက ငါ့ကို စွဲနေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးကွာ၊ ကဲ . . . ချလိုက်ဦး၊ ငါတို့ ပီတာတို့ ကျော်ခေါင်တို့လည်း ချမယ်"

"အေး . . . ပြီးမှ ဆက်ဆွေးနွေးမယ်၊ ဒါလေးကုန်အောင် ချလိုက်ဦးမယ်"

GREEN LABEAL ကို သိပ်ကြိုက်သော ဦးမင်းဒင်တစ်ယောက် ခွတ်သောက်သဖြင့် နည်းနည်းအရှိန်ရလာပြီး လေသံက မမှန်သလိုမျိုး ဖြစ်လာတာကို ကျန်သည့်သုံးဦးက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြသည်။

"မင်းဒင်ရာ . . . ပြီးတာတွေလည်း ပြီးပြီပဲ၊ ကလေးတွေကိစ္စကို မင်းမကန့်ကွက်ပါနဲ့၊ ကြားထဲက မေသက်ထားနဲ့ ဝတ်ရည်ခင်တို့ အနေခက်နေလိမ့်မယ်၊ မင်းတို့ပြိုင်ဆိုင်မှုအမုန်းက ကလေးတွေအတွက် ခံစားမှုတွေ မဖြစ်ပါစေနဲ့ကွာ၊ မင်းနဲ့ခင်မောင်ရင်က ဒီဂေါက်သီးရိုက်ပြိုင်တာကို တကယ့်အမုန်းကြီး မုန်းနေကြတာက မဟုတ်သေးပါဘူး"

"ဒီမှာ ပီတာ၊ ငါပြောမယ်၊ ခင်မောင်ရင်ရဲ့သားကလည်း ခင်မောင်ရင့်အတိုင်းပဲ၊ ဒီတော့ကွာ . . . "

"သူငယ်ချင်း . . . ခဏ၊ အရက်ထပ်ထည့်လိုက်ဦးမယ်"

ဦးခင်မောင်ရင်က အရက်ထပ်ထည့်ပေးပြန်ပါသည်။

"ခင်မောင်ရင် . . . မင်း ငါ့ကို အမူးတိုက်ပြီး လုပ်ကြံနေတာတော့ မဟုတ်ပါဘူးနော်၊ မင်းနဲ့ငါနဲ့ ဆက်ဆွေးနွေးရဦးမယ်"

"အေးပါကွာ . . . သောက်လိုက်ပါဦး"

ဦးခင်မောင်ရင်က ဖန်ခွက်ကမ်းပေးတာကို ဦးမင်းဒင်က ယူ





လိုက်ပြီး ထပ်သောက်ပြန်သည်။

"ဒီတော့ ငါက သဘောမတူဘူးဆိုရင် . . . "

"ဒယ်ဒီ . . . ဒယ်ဒီသဘောမတူလို့ မရဘူး"

ရုတ်တရက်ဆိုသလို ဆိုင်ထဲသို့ နှောင်းခင်ခင်နှင့် ရဲရင့်တို့က ဝင်လာပြီး နှောင်းခင်ခင်က ပြောလိုက်ပါသည်။

"သမီး . . . ဘာလို့ ခင်မောင်ရင့်သားနဲ့ လိုက်လာတာလဲ"

"လာမှာပဲ . . . ဒယ်ဒီတို့ ဒီမှာဘာတွေဖြစ်နေသလဲလို့ စိုးရိမ်လို့၊ မာမီနဲ့ ရဲရင့်အမေလည်း ပါတယ်၊ တော်ကြာ . . . ဒယ်ဒီတို့ အသက်တွေကြီးမှ ရန်ဖြစ်မှာစိုးလို့ အရှက်ရမှာစိုးလို့ ဖုန်းဆက်ပြီး လိုက်လာကြတာ"

ဆိုင်ထဲသို့ ဒေါ်မေသက်ထားနှင့် ဒေါ်ဝတ်ရည်ခင်တို့လည်း ရောက်လာကြပါသည်။

"ထားရေ . . . ကောင်းရော၊ သားရေး သမီးရေးကိစ္စရှင်းမယ်ဆိုပြီး အရက်ဝိုင်းဖွဲ့နေတာ၊ ဟိုမှာ ခေါင်းတောင်စိုက်တော့မယ်၊ ကိုယ်ကတော့ ဘယ်လောက်တောင် သောက်ထားပြီလဲ မသိဘူး"

"အဖေကြီး . . . ဒါ ရှင့်လက်ချက်မဟုတ်လား၊ လူကြီးတွေဖြစ်ပြီး လမ်းပြရမှာ၊ အခုတော့ ကြည့်ပါဦး"

ဒေါ်မေသက်ထားနှင့် ဒေါ်ဝတ်ရည်ခင်တို့နှစ်ယောက်သားက ခပ်ပွန်းဖြစ်သူနှစ်ယောက်ကိုကြည့်ပြီး ဝိုင်းပြောကြပါသည်။

"ဒယ်ဒီ . . . သမီးပြောမယ်၊ ဒယ်ဒီသေချာနားထောင်ပေးပါ၊ သမီးနဲ့ ရဲရင့်ကို ဒယ်ဒီသဘောမတူရင် သမီးစာမေးပွဲလည်း မဖြေတော့ဘူး၊ သမီးရဲ့ကားထဲမှာ အဝတ်အစားအပြည့်အစုံပါတယ်၊ သမီးက ရဲရင့်ကို ခိုးပြေးမှာပဲ၊ သမီးက ရဲရင့်ကို အဆုံးရှုံးမခံနိုင်ဘူး"

နှောင်းခင်ခင်စကားကြောင့် ဦးမင်းဒင်သောက်ထားသော အရှိန်ပြေချင်သလို ဖြစ်သွားပါသည်။

"သမီး . . . သမီးကို ဒယ်ဒီက ချစ်လို့၊ သမီးအကျိုးအတွက်ပါလား၊ ခိုးရာတော့ မလိုက်ပါနဲ့ သမီးရယ်၊ ဒယ်ဒီတို့မျိုးရိုးမှာ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



က ယောက်ျားလေးကို ခိုးပြေးတာ ရာဇဝင်မရှိဘူး၊ ဒီတော့ . . ."

ဦးမင်းဒင်က ဦးခင်မောင်ရင်ကို ကြည့်လိုက်ပြီး . . .

"ခင်မောင်ရင် . . . မင်းသားနဲ့ ငါ့သမီးကို ငါသဘောတူတယ်၊ အေး . . . ဒီပွဲမှာ မင်းနိုင်ပေမယ့် မင်းရဲ့သားနဲ့ ငါ့ရဲ့သမီး အိမ်ထောင်ကျပြီးရင်တော့ သမီးက ဒယ်ဒီရဲ့နှုတ်ကြေးတွေကို ပြန်ဆပ်တဲ့အနေနဲ့ ယောက်ျားကိုနိုင်တဲ့ အိမ်ရှင်မဖြစ်အောင်လုပ်၊ ဒါပဲ . . ."

"ခင်မောင်ရင် . . . ငါ့ကို အရက်ထပ်ထည့်ပေး"

"ဟေး! . . . ဒါမှ နှောင်းရဲ့ဒယ်ဒီ"

"တော်သေးတာပေါ့ကွာ၊ ဒီပွဲကို နှောင်းဝင်ကယ်လို့၊ မင်းဒင်သမီးကိုချစ်တော့ မာနတွေ အရည်ပျော်ရတာပဲ မဟုတ်လား"

ဦးမင်းဒင်စကားကြောင့် အားလုံးက ဝမ်းသာအားရအော်ပြောလို့အဆုံး ဦးပီတာက မှတ်ချက်စကားဆိုပါသည်။

"သမီးနှောင်းနဲ့ရဲရင့်၊ တစ်ချိန်ကျရင် သမီးနဲ့သားဟာ မိဘနေရာရောက်ကြဦးမှာ၊ အဲဒီအခါကျရင် သမီးနဲ့ရဲရင့်ရဲ့ ရင်သွေးတွေက နှောင်းအခုလိုမျိုး တုန့်ပြန်သလိုမျိုး တုန့်ပြန်ခဲ့ရင် အခုလိုပဲ ခွင့်လွှတ်ပြီး ခံနိုင်ရည်ရှိဖို့ ကြိုးစားထား၊ ဝဋ်ဆိုတာ လည်ကိုလည်မှာ . . . ကြားလား"

ဦးကျော်ခေါင်က သတိပေးဆုံးမစကားကို ရဲရင့်နှင့် နှောင်းခင်ခင်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်ပါသည်။

မိဘဆိုသည်မှာ သားသမီးကိုချစ်ပါက ကိုယ့်မှာရှိသော အရာတွေအားလုံး သားသမီးစိတ်ချမ်းသာရေးအတွက် စွန့်လွှတ်ရတာက ခေတ်အဆက်ဆက်ပင်။

❑ ❑ ❑



အမုန်းဟိုမှာဘက်ကမ်း
တစ်စုတည်းသန့်သန့်လေးပါ၊
ချစ်ခြင်းဖြင့် သီကုံးထားသော
မေတ္တာစာရေးများ
ဝသုန်ဤမြေ၌ အစွန့်ရှည်ပါစေသား၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ယခုတော့ အားလုံးပျော်ကြပါပြီ။ မိဘတွေလည်း ပျော်ကြပါသည်။ သူငယ်ချင်းတွေလည်း ကြည်နူးကြပါသည်။ ရဲရင့်နှင့် နှောင်းခင်ခင်တို့နှစ်ယောက်လည်း ပျော်မဆုံး၊ မော်မဆုံး ကြည်နူးမဆုံးပါ။

သည်နေ့က စာမေးပွဲနောက်ဆုံးနေ့ ဖြစ်သည်။ ရဲရင့်ကော နှောင်းခင်ခင်ပါ နှစ်ယောက်စလုံး စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ခဲ့သလို သူငယ်ချင်းတွေလည်း ဖြေဆိုနိုင်ကြပါသည်။ စာမေးပွဲဖြေပြီးတော့ ကျောင်းသားနားနေအဆောင်ရှိရာသို့ ရဲရင့်နှင့် နှောင်းခင်ခင်တို့ လာခဲ့ကြသည်။ နှောင်းခင်ခင်က နံရံပေါ်တွင် သူမကော်ရက်ရှင်ပင်နှင့် ရေးထားသော အသည်းပုံကြက်ခြေခတ်တွေကို ကြည့်နေမိပါသည်။

"နှောင်း . . . ဒီတစ်ခါတော့ အသည်းပုံရေးပြီး ကြက်ခြေခတ်စရာ မလိုတော့ဘူးပေါ့နော်"

"ဟုတ်တယ် ရဲရင့် . . . နှောင်းက ဒီတစ်ခါတော့ အမှတ်တရစာရေးမလို့၊ နှောင်းကော ရဲရင့်ပါ ဒီဒဂုံတက္ကသိုလ်ကြီးကို ခွဲရပြီပေါ့လေ၊ နောက်တက်လာမယ့် နှောင်းနဲ့ ရဲရင့်တို့လိုမျိုး အဖြစ်ပျက်ချင်းတူခဲ့သူတွေ ရှိခဲ့ရင် သိရအောင်လို့ပါ"





နှောင်းခင်ခင်က ကော်ရက်ရှင်ပင်ကို ထုတ်လိုက်ပြီး အသည်းပုံကြက်ခြေခတ်များ ရေးဆွဲထားသည့်အောက်မှာ စာလုံးတွေ ရေးချလိုက်ပါသည်။

> ဘယ်သူမှ မလိုချင်တာ အမုန်းပါ။ အချစ်မှာ ကြက်ခြေခတ်တွေ ကင်းဝေးပါစေ။
>
> လမ်းတွေဆိုတာ တကယ်တော့ ကိုယ့်ချစ်သူရဲ့လက်ကိုဆွဲပြီး ကြည်နူးခြင်းတရားများနဲ့ လျှောက်လှမ်းဖို့ပါပဲ။

ရဲရင့်က နံရံပေါ်မှာ ရေးသားထားတာတွေကိုဖတ်ပြီး ပြုံးပါသည်။

"ရဲရင့် . . . ဘာပြုံးတာလဲ"

"နှောင်းရဲ့ရည်ရွယ်ချက်ကို တန်ဖိုးထားလို့ပါ၊ နှောင်းကို ပြစရာရှိသေးတယ် . . . လာ"

ရဲရင့်က နှောင်းခင်ခင်ကို ထိုင်နေကျ အုတ်ခုံလေးရှိရာသို့ ခေါ်လာပါသည်။ ထိုင်နေရာမှာ အရင်ကလိုပါပဲ ထိုင်သူမရှိဘဲ ကွမ်းယာ၊ စီးကရက်ရောင်းသော ဦးလေးကြီးက ဗန်းကိုလွယ်ပြီး ရောင်းနေပါသည်။

ရဲရင့်နှင့် နှောင်းခင်ခင်က အုတ်ခုံမှာ ထိုင်လိုက်သည်။

"နှောင်း . . . မှတ်မိလား၊ ကျွန်တော့်ကို စီးကရက်ဗူးဝယ်တိုက်တာ ကျွန်တော်က ငြင်းတော့ နှောင်းက စိတ်ဆိုးဆိုးနဲ့ လွှင့်ပစ်တာလေ"

"မှတ်မိတာပေါ့ . . . အဲဒီတုန်းက တကယ့်ကို စိတ်ဆိုးတာ၊ စေတနာကို အသိအမှတ်မပြုလို့"

"တကယ်လို့ အဲဒီစီးကရက်ဗူးက အခုထိရှိနေဦးမယ် ဆိုရင်ကော"

ရဲရင့်က ကျောပိုးအိတ်ထဲကနေ စီးကရက်ဗူးကို ထုတ်လိုက်ပြီး နှောင်းခင်ခင်အား ပြလိုက်ပါသည်။

"နှောင်းက လွှင့်ပစ်တာကို ကျွန်တော်က ရှာပြီး အမှတ်တရ သိမ်းထားတာ၊ နှောင်းရဲ့စေတနာကို ဥပေက္ခာပြုတာ မဟုတ်ခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နှောင်းခင်ခင်၏မျက်နှာမှာ အံ့ဩခြင်းနှင့်အတူ ကျေနပ်မှုအမူ အရာများက ပေါ်လွင်လို့နေပါသည်။

"ရဲရင့်ကိုလည်း ပြရဦးမယ်"

နှောင်းခင်ခင်က သူမအိတ်ထဲကနေ ချောကလက်ဗူးကို ထုတ် လိုက်ပါသည်။

"သိတတ်မှုနဲ့ပေးတဲ့ ပစ္စည်းကို နှောင်းမစားရက်ပါဘူး၊ ဒါကြောင့် သိမ်းထားတာ၊ နှောင်းလေ . . . သိပ်ကျေနပ်တာပဲ၊ နှောင်းနဲ့ ရဲရင့်တို့ နှစ်ယောက်က ဒီလိုတစ်ဦးနဲ့တစ်ဦး အပြန်အလှန်သိတတ်နားလည်မှုတွေ ကို တစ်သက်လုံး အကျင့်ကောင်းအဖြစ် ထိန်းသိမ်းသွားမယ်လို့ သားတွေ သမီးတွေရခဲ့ရင်လည်း ဒီအမွေကို လက်ဆင့်ကမ်းပေးရမယ်"

"ဒါပေါ့ နှောင်းရယ်၊ ကဲ . . . သွားကြရအောင်၊ မသွားခင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကြီးကို လှည့်ကြည့်ပြီး အရိုအသေပေးကြ ရအောင်၊ ဒီကျောင်းသားဘဝကို ပြန်မရကြတော့ဘူးလေ"

ရဲရင့်နှင့် နှောင်းခင်ခင်တို့နှစ်ယောက် ထိုင်ရာမှထကာ ဘွဲ့နှင်း သဘင်လမ်းမဆီသို့ လျှောက်လာကြပြီး ဘွဲ့နှင်းသဘင်ခန်းမကြီးကို ကြည့် လိုက်ကြပြီး နှစ်ဦးသား ကျောပေးလိုက်ကြပါသည်။

အမုန်းတရားတွေ ကင်းစင်သွားသည့် သူတို့နှစ်ယောက် လူ့ ဘဝကြီးထဲမှာ ချစ်ခြင်းမေတ္တာခွန်အားများဖြင့် ဘဝခရီးကို မမောတမ်း လျှောက်လှမ်းရင်ဆိုင်ကြရဦးမှာက အမှန်ပင် ဖြစ်ပါသည်။

ပျော်ဒီမိုး

ကြယ်ပွင့်စာပေ

www.burmeseclassic.com